# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၉ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၃၃)


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မှုခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဉက္ကဋ္ဌအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဉက္ကဋ္ဌ မစ္စတာ ဝမ်ကျန့်ဝေ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

နေပြည်တော် မေ ၂၂

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဒုတိယ ဉက္ကဋ္ဌ မစ္စတာ ဝမ်ကျန့်ဝေအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခုစီမံကိန်းအောက်မှ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စရပ်များတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အပြုသဘော ဆက်လက်ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**


## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၂

ယနေ့မွန်းလွဲ ၁ နာရီခွဲ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာချက်များအရ နောက် ၄၈ နာရီ အတွင်း ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်ကြောင်း ထုတ်ပြန်ထားသည်။

မြန်မာ့အလင်း

## မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်



နေပြည်တော် မေ ၂၂

နေပြည်တော်နှင့် ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖

**ပြည်ပသတင်းမီဒီယာများ ပါဝင်သည့် သတင်းအဖွဲ့ မောင်တောဒေသ၌ သတင်းရယူ** စာ » ၁၀

**မလေးရှားဝန်ကြီးချုပ်ဟောင်း အဂတိလိုက်စားမှု အစစ်ဆေးခံရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီသို့ ရောက်ရှိ** စာ » ၁၄




မြန်မာ့အလင်း

# ရွှေကဲ့သို့တန်ဖိုးရှိသော မိုးရေစက်များ

**တစ်ချိန်၌ရေ၏တန်ဖိုးသည် ရွှေထက်ပင်တန်ဖိုးကြီးမားလိမ့်မည်ဟူသော စကားရှိပါသည်။ ဤသည်မှာအဓိပ္ပာယ်ကင်းမဲ့သော စကားမဟုတ်ပါ။ မိုးခေါင်ရေရှားမှုတို့ကို ကမ္ဘာအနှံ့မြင်တွေ့နေရပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် မြေအောက်ရေအပါအဝင် သဘာဝရေသန့်ရရှိရေးသည် ပို၍ပို၍ခက်ခဲလာသည်ကို တွေ့ရှိနေရပါသည်။ ကျေးလက် လူထုက မြို့ကြီးများသို့ ရွှေ့ပြောင်းအခြေချခြင်းနှင့်အတူ မြို့ပြလူမှုဘဝ၌ သောက်ရေသုံးရေလုံလုံလောက်လောက်ရရှိရေးသည် မျက်မှောက်ကမ္ဘာကြီး၏ အရေးကြီးသော စိန်ခေါ်ချက်တစ်ရပ်ဖြစ်လာပါသည်။**

**သို့ဖြစ်ပါ၍ ရနိုင်သမျှသော ရေအရင်းအမြစ်တို့ကို စုစည်းအသုံးချနိုင်ရေးသည် မျက်မှောက်ကမ္ဘာကြီး၏အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်လာပါသည်။ လက်တွေ့အသုံးပြုနိုင်သော ရေအရင်းအမြစ်ရရှိရေးနည်းလမ်းတို့အနက် သဘာဝအလျောက်ရွာသွန်းသော မိုးရေတို့ကို စုစည်းအသုံးချခြင်းသည်လည်း နည်းလမ်းကောင်းတစ်ရပ်ဖြစ်ပါသည်။ မိုးရေစုစည်းအသုံးချခြင်းကို မြန်မာ့လူ့အဖွဲ့အစည်း၌ အစဉ်အဆက်မြင်တွေ့ခဲ့ရသော်လည်း ယခုထက်ပို၍ထိထိရောက်ရောက် အသုံးချနိုင်မည့်နည်းလမ်းတို့ကို ကြံဆလုပ်ဆောင်သင့်သည်ဟု ယူဆပါသည်။**

**အိမ်ခေါင်မိုးမှလျှံကျသော မိုးရေတို့ကိုရေတံလျှောက်မှတစ်ဆင့် စုစည်းရယူသော သမားရိုးကျနည်းလမ်းတို့မှသည် ခေတ်မီနည်းစနစ်သုံးနည်းလမ်းတို့အထိ မိုးရေကိုစုဆောင်းသိုလှောင်သော နည်းလမ်းများစွာရှိပါသည်။ အဆိုပါနည်းလမ်းတို့အနက် အခြေခံသဘောတစ်ရပ်မှာ မိုးရေတို့ကို မြေမျက်နှာပြင်အောက်၌ စုဆောင်းသိုလှောင်ခြင်း ဖြစ်ပါသည်။ မြေအောက်ရေသည် သစ်ပင်တို့ကြီးထွားရာကြီးထွားကြောင်းအတွက် အင်အားတစ်ရပ်ဖြစ်ပါသည်။ မိုးရေတို့ကိုစုစည်း သိုလှောင်နိုင်ပါက ကိုယ်ပိုင်ရေအရင်းအမြစ်အား လက်ဝယ်ထားရှိနိုင်ခြင်းဖြစ်၍ မြို့ပြရေပေးဝေရေးစနစ်အပေါ် အကြွင်းမဲ့ မှီခိုရခြင်းမှ လွတ်ကင်းစေပါသည်။ မိုးရေတို့ကိုစုစည်းသိုလှောင်နိုင်ခြင်းကြောင့် ရေမီတာခသက်သာခြင်းသည် အလွယ်တကူမြင်သာသော အကျိုးရလဒ် ဖြစ်ပါသည်။ စိတ်ဝင်စားစရာကောင်းသောအချက်မှာ သဘာဝအလျောက်ရရှိသောမိုးရေသည် ဓာတုပစ္စည်းကင်းစင်သည်ဖြစ်၍သစ်သီးဝလံပန်းမန်တို့ကိုပိုမိုရှင်သန်ကြီးထွားစေနိုင်သော အစွမ်းသတ္တိရှိခြင်း ဖြစ်ပါသည်။ မိုးရေတို့အား စုစည်းရယူသော စနစ်ကို ဖန်တီးထားပါက နေအိမ်ဝန်းကျင်၌ ရေကြီးခြင်းကိုကာကွယ်နိုင်သည်ဖြစ်၍ အိုးအိမ်အဆောက်အအုံတို့အား ထိခိုက်ပျက်စီးခြင်းကိုလည်း ဟန့်တားနိုင်မည် ဖြစ်ပါသည်။ မြို့ပြစွမ်းအင်အသုံး၏ တစ်ဝက်ခန့်သည် မော်တာသုံးရေတင်ခြင်းနှင့် ရေသန့်စင်မှုဆိုင်ရာ လုပ်ငန်းတို့ကြောင့် ဖြစ်သည်ကိုသိရှိမည်ဆိုပါက အံ့အားသင့်သွားမည် ဖြစ်ပါသည်။**

**တရုတ်နိုင်ငံ၏ကုန်းတွင်းပိုင်းပြည်နယ်ဖြစ်သော ဂန်ဆူး (Gansu) နှင့် မိုးခေါင်ခြောက်သွေ့သောဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်း၌ အိမ်ခေါင်မိုးမှတစ်ဆင့် မိုးရေစုဆောင်းရယူခြင်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြပါသည်။ ထိုင်းနိုင်ငံရှိ ကျေးလက်ပြည်သူတို့၏ ၄၀ ရာခိုင်နှုန်းသည် စုဆောင်းရရှိသောမိုးရေအပေါ် အားပြုရှင်သန်ရပ်တည်ကြရပါသည်။ အိန္ဒိယနိုင်ငံ၌ တမီးလ်နာဒူး (Tamil Nadu) ပြည်နယ်သည် နေအိမ်အဆောက်အအုံတိုင်း မိုးရေစုဆောင်းသိုလှောင်ခြင်းကို မလုပ်မနေရ သတ်မှတ်ပြဋ္ဌာန်းခဲ့သော ပထမဦးဆုံးပြည်နယ် ဖြစ်ပါသည်။ မိုးရေစုဆောင်းသိုလှောင်ခြင်းအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ငါးနှစ်တာကာလအတွင်း တမီးလ်နာဒူးပြည်နယ်၏ မြို့တော် ချန်နိုင်းရှိ မြစ်ချောင်း အင်းအိုင်တို့၏ ရေထိန်းသိမ်းနိုင်မှုသည် ၅၀ ရာခိုင်နှုန်းခန့်မြင့်မားလာပြီး ရေ၏အရည်အသွေးသည်လည်း တိုးတက်ကောင်းမွန်လာပါသည်။ ရိုးရှင်း၍ သဘာဝကျသောနည်းလမ်းတို့သည် လူ့အဖွဲ့အစည်း၏ လူမှုဘဝကို မြင့်မားတိုးတက်ပါစေကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ECHO စီမံချက်သည် HIV/AIDS ကုသရေးလုပ်ငန်းအတွက် အရေးပါ

**ရန်ကုန် မေ ၂၂**

The Launching Ceremony of Project ECHO in Myanmar ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက်က ရန်ကုန်မြို့ ဝေဘာဂီအထူးကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန်က Project ECHO သည် HIV/AIDS ကုသရေး လုပ်ငန်းအတွက် အရေးပါသောခြေလှမ်းသစ်တစ်ခုဖြစ်ကြောင်း၊ HIV/AIDS လူနာများကို လက်တွေ့ ကုသပေးနေသောပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများမှ Tele-Mentoring, Teleco- nferencing များဖြင့် အသိပညာနှင့် အတွေ့အကြုံများကို အခြေခံကာ တစ်လလျှင်နှစ်ကြိမ် ဆွေးနွေးတင်ပြမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် အထူးကုဆေးရုံ ဝေဘာဂီနှင့် အထူးကုဆေးရုံမင်္ဂလာဒုံတို့မှ HIV ကုသရေးဆိုင်ရာဗဟုသုတ ဖြန့်ဖြူးရာဌာန (Hub) အဖြစ်ဆောင်ရွက်ပြီး မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၊ အင်းစိန်အထွေထွေ ရောဂါကုဆေးရုံကြီး၊ သဃ်န်းကျွန်းစံပြအထွေထွေရောဂါကု ဆေးရုံကြီး၊ လှိုင်သာယာပြည်သူ့ဆေးရုံ၊ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးနှင့် လသာ ခုခံကျ/ကာလသား တိုက်ဖျက်ရေးဌာနတို့မှ ပါဝင်လေ့လာဆွေးနွေးသူ (Spokes) ဖြင့်ပေါင်းရှစ်ရုံတို့တွင် စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

အဆိုပါစီမံချက်သည် HIV/AIDS ရောဂါကို ကုသပေးနေကြသော ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သောစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ နောက်ဆုံးပေါ် HIV/AIDS ကုသရေးလမ်းညွှန်များကို လက်ဆင့်ကမ်းပေးနိုင်ခြင်းနှင့် အရည်အသွေးမီသောကုသရေးဆိုင်ရာ ဝန်ဆောင်မှုများ ဆင့်ပွားပေးနိုင်ခြင်း၊ အေအာတီကုသရေးလုပ်ငန်း အပါအဝင် အခြားကျန်းမာရေးကဏ္ဍများတွင် တွေ့ကြုံနေရသည့် ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်မလုံလောက်ခြင်းအတွက် အထောက်အကူပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်၍ မိတ်ဖက်အဖွဲ့အစည်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ဒုတိယသံအမတ်ကြီး Mr. George N Sibley က အမှာစကားပြောကြားပြီး ICAP at Columbia University မှ ဒုတိယညွှန်ကြားရေးမှူး Ms. Fatima Tsiouris၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာထင်အောင်စော၊ ရန်ကုန်ဆေးတက္ကသိုလ်(၂) အပူပိုင်းနှင့် ကူးစက်ရောဂါဆေးကုဌာနမှ ပါမောက္ခဒေါက်တာ စပယ်ဖြူတို့က Project ECHO အကြောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် US-CDC မှ Country Director Dr. Dora Warren က အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# Biggerwood သစ်စက်မှ အလုပ်သမားများအား ကောင်းမွန်သည့်လုပ်ငန်းများသို့ ပို့ဆောင်ပေးရန် မြန်မာအလုပ်သမားသံရုံးနှင့် MPC တို့ ညှိနှိုင်းနိုင်ခဲ့

**စူရတ်ဌာနီ မေ ၂၂**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ခရိုင်နှင့် တရန်ခရိုင်များတွင်ရှိသော ရော်ဘာလုပ်ငန်း၊ ဆီအုန်းလုပ်ငန်းနှင့် သစ်လုပ်ငန်းများတွင် မြန်မာအလုပ်သမားများစွာ ဝင်ရောက်လုပ်ကိုင်လျက်ရှိရာ ယခုနှစ်သင်္ကြန်အပြီးတွင် ထိုင်းတောင်ပိုင်းမှ ထွက်ရှိသော သစ်များဝယ်လိုအား ကျဆင်းသွားသည့်အတွက် သစ်လုပ်ငန်းအများစု အကျပ်ရိုက်ခဲ့ရပြီး နောက်ဆက်တွဲအနေဖြင့် ယင်းလုပ်ငန်းများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများမှာ အလုပ်ဆင်းရက်များ နည်းပါးခဲ့ရကြောင်း သိရသည်။

ထိုင်းတောင်ပိုင်းရှိ သစ်စက်လုပ်ငန်းများသို့ ပို့ဆောင်ထားသည့် မြန်မာအေဂျင်စီများအနေဖြင့် မိမိတို့ပို့ဆောင်ထားသည့် အလုပ်သမားများအား သွားရောက်စစ်ဆေးကြရန် အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦး၏ လမ်းညွှန်ချက်အတိုင်း ထိုင်းနိုင်ငံတောင်ပိုင်းရှိ သစ်လုပ်ငန်းများ၌ မြန်မာအလုပ်သမားများ ပို့ဆောင်ထားသည့် အေဂျင်စီများသို့ သွားရောက်လေ့လာကြရာ ရွှေကြည်ဦးအေဂျင်စီမှ အလုပ်သမားပို့ဆောင်ထားသည့် သစ်စက်ငါးခုအနက် Biggerwood သစ်စက်ရုံမှလွဲ၍ အခြားသစ်စက်များ ပုံမှန်လည်ပတ်လျက်ရှိကြောင်း ရွှေကြည်ဦးအေဂျင်စီထံမှ သိရသည်။

ထို့နောက် Biggerwood သစ်စက်မှ မြန်မာအလုပ်သမားများအရေးကိစ္စနှင့်ပတ်သက်ပြီး အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦး၏ လမ်းညွှန်ချက်အတိုင်း သက်ဆိုင်ရာအေဂျင်စီနှင့်အလုပ်ရှင်၊ အလုပ်သမားများတွေ့ဆုံညှိနှိုင်းကြရာ အလုပ်သမားများ၏ သဘောဆန္ဒအတိုင်း ၎င်းတို့ဆွေမျိုးများရှိသည့် စက်ရုံများသို့ပြောင်းရွှေ့ပေးခဲ့ပြီး ပြောင်းရွှေ့ရန်ဆွေမျိုးမရှိသည့် အလုပ်သမားခြောက်ဦးကို ရွှေကြည်ဦးအေဂျင်စီက လုပ်ငန်းကောင်းမွန်သည့် အခြားလုပ်ငန်းတစ်ခုသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

ထိုင်းတောင်ပိုင်း သစ်စက်များရှိ မြန်မာအလုပ်သမားများအရေးကိစ္စနှင့်ပတ်သက်၍ အလုပ်သမား သံအရာရှိ ဦးစန်းမောင်ဦးက ထိုင်းအလုပ်သမားဝန်ကြီးဌာန (DOE)၊ ပြည်ပအလုပ်ကိုင် ရှာဖွေရေး အေဂျင်စီများအဖွဲ့ချုပ် (MOEAF)၊ မြန်မာအလုပ်သမားစောင့်ရှောက်ရေးကော်မတီ(MPC)၊ နယ်မြေခံအလုပ်သမား ကူညီရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အလုပ်သမားများ၏ အကျိုးခံစားခွင့်များ ရရှိစေရေးအတွက် အပူတပြင်းဆောင်ရွက်ပေးလျက်ရှိရာ ထိုင်းတောင်ပိုင်းရှိ သစ်စက်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်နေကြသည့် MOU အလုပ်သမားများ အပြင် CI စာအုပ်ကိုင်ဆောင်ထားသည့် မြန်မာအလုပ်သမားများအနေဖြင့် မိမိတို့လက်ရှိတွေ့ကြုံနေရသည့်အခြေအနေများနှင့်ပတ်သက်၍ အလုပ်သမားသံအရာရှိရုံးသို့ ဖုန်းဆက်သွယ်မှုအပြင် Facebook၊ Viber နှင့် Line မှတစ်ဆင့် ဆက်သွယ်အကူညီတောင်းခံနိုင်ကြောင်း ပြောကြားခဲ့သည်။ **နန္ဒကျော်စွာ**




# ကချင်ပြည်နယ်၌ ရထားများ ပုံမှန်အတိုင်း ပြေးဆွဲပေးနေ

**မြစ်ကြီးနား မေ ၂၂**

မြစ်ကြီးနား-မန္တလေး မီးရထားလမ်းရှိ ကချင်ပြည်နယ်အပိုင်းတွင် မီးရထားတံတားသုံးစင်း ဖောက်ခွဲဖျက်ဆီးခံခဲ့ရပြီး မြန်မာ့မီးရထားဌာနနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ မီးရထားလမ်း၊ တံတားများ ပြုပြင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါမီးရထားများ ပုံမှန်ပြေးဆွဲနေသည့်အချိန်အတိုင်း ပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

"မီးရထားလမ်းပွင့်တာကတော့ မေ ၁၇ ရက် ည ၇ နာရီကျော်လောက်မှာ ပွင့်ခဲ့တာပါ။ အဲဒီနေ့က ရထားတွေကို လွှတ်လို့ရပေမယ့် ညအမှောင်ပိုင်းရောက်ပြီဆိုတော့ ရထားတွေအန္တရာယ်မဖြစ်အောင် မလွှတ်တော့တာပါ။ ပြည်သူတွေ သိရှိထားတဲ့ နံနက် ၆နာရီကနေ ည ၆ နာရီ အတွင်းသာ သွားလာခွင့်ရမယ်ဆိုတာ မေ ၁၇ ရက် တစ်ရက်တည်းသာ ညမှောင်သွားလို့ ကချင်ပြည်နယ်လမ်းအပိုင်းမှာ ရှိတဲ့ ဘူတာတွေမှာ ရထားတွေကို ညအိပ်ခိုင်းထားပြီး မီးရထားလက်မှတ်ခတွေ ပြန်အမ်းပေးခဲ့ရတာပါ၊ မေ ၁၈ ရက် မွန်းလွဲ ၂ နာရီကနေစပြီး ဖောက်ခွဲခံခဲ့ရတဲ့ မီးရထား တံတားသုံးစင်း ပြုပြင်ပြီး စိတ်ချရပြီဖြစ်လို့ ရထားတွေပုံမှန်အချိန်အတိုင်း ပြန်လည်ပြေးဆွဲပေးနေပါပြီ"ဟု မြစ်ကြီးနားဘူတာ ရုံပိုင်ချုပ် ဦးခင်သော်က ပြောသည်။

**ဝင်းနိုင် (ကချင်မြေ)**

# နောင်ချိုမြို့၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**နောင်ချို မေ ၂၂**

ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူးဆောင်ရွက်သော လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မေလတတိယပတ်က မြို့နယ်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် နောင်ချိုမြို့နယ် ဥပဒေရုံး(ဥပဒေအရာရှိ) ဒေါ်ဝေဝေမင်းသူ ဦးဆောင်၍ ဒေါက်တာ သော်ဇင်ထွန်း (နောင်ချိုရိပ်မွန် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသင်းတာဝန်ခံ)၊ ဒေါ်မေသကြာ်န်ဟိန် (မြစ်မခအယ်ဒီတာချုပ်)၊ ဦးမြတ်မိုးအောင် (စေတနာမွန် လူမှုကူညီရေးအသင်း အတွင်းရေးမှူး)၊ ဦးအောင်မြင့်ထွန်း(ပြောင်းစိုက်တောင်သူများအသင်း)တို့က ထိရောက်သော လူငယ်နှင့် မူးယစ်ဆေးဝါးများဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းထွေးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

**ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲ ဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင် နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍ အလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနားဌ် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား

**ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား ဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့ ဂိုဏ်းဂဏစိတ်တွေကို ဖယ်ရှားပြီး၊ နိုင်ငံနဲ့ပြည်သူများ အကျိုးသယ်ပိုးရာမှာ၊ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်းလူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ် ဆိုရင် ဘယ်လိုကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည် ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

## ရခိုင်ပြည်နယ်အရေး ကိစ္စရပ်များတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အပြုသဘော ဆက်လက်ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းကော်ရှန်းအား ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေး ကိစ္စရပ်များတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အပြုသဘော ဆက်လက်ပူးပေါင်း ဆောင်ရွက်မှုပြုလုပ်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူး ကိုယ်စားလှယ် မစ္စတာ စွန်းကော်ရှန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

သတင်းစဉ်

# 5th India- CLMV Business Conclave 2018 သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်




**နေပြည်တော် မေ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အဆင့်မြင့်အရာရှိများ၊ ပုဂ္ဂလိက ကဏ္ဍမှ စီးပွားရေးကိုယ်စားလှယ်များသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ မေ ၂၁ ရက် မှ ၂၂ ရက်အထိ ကျင်းပသည့် 5th India- CLMV Business Conclave 2018 သို့ တက်ရောက်ခဲ့သည်။ Business Conclave 2018 ၏ ဖွင့်ပွဲ အခမ်းအနားကို မေ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ တက်ရောက်လာ သည့် အိန္ဒိယနိုင်ငံနှင့် CLMV နိုင်ငံများမှ စီးပွားရေးဆိုင်ရာ ဝန်ကြီးများက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်ကလည်း အမှာစကားပြော ကြားသည်။ **(ဝဲပုံ)**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေး၊ စက်မှုနှင့်မြို့ပြလေကြောင်း ဝန်ကြီးဌာနဝန်ကြီး H.E. Mr. Suresh Prabhu နှင့် သီးခြား တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက် အောင် ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယား နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Mr. Pan Sorasak က တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။ မွန်းလွဲပိုင်းတွင် ကဏ္ဍ အလိုက် ဆွေးနွေးပွဲများကို သီးခြားစီကျင်းပပြုလုပ်ရာ မြန်မာ ကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၃/၂၀၁၈**
**၁၃၈၀ပြည့်နှစ်၊ နယုန်လဆန်း ၈ ရက်**
**(၂၀၁၈ခုနှစ်၊ မေလ ၂၂ ရက်)**
**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ပုဒ်မခွဲငယ်(၂)၊ပုဒ် မခွဲ(ခ)၊ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)၊ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး သန်းထွန်းအောင်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၂

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းကော်ရှန်းအား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**



**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မေ ၁၂ ရက်က မူဆယ် မြို့နယ်အတွင်းရှိ လုံခြုံရေးစခန်းများနှင့် မြို့တွင်းရှိ နေအိမ်များအား တိုက်ခိုက်ခံရမှု၊ ယင်းတိုက်ခိုက်မှုအပေါ် တရုတ်နိုင်ငံက ပြင်းထန်စွာပြစ်တင်ရှုတ်ချပြီး စိုးရိမ်ထိတ်လန့်၍ တရုတ်နိုင်ငံဘက်သို့ တိမ်းရှောင်ခဲ့သည့် အရပ်သားများအား ကောင်းမွန်စွာစောင့်ရှောက်ပေးထားမှု၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် အစိုးရနှင့် တပ်မတော်မှ ဆောင်ရွက်လျက်ရှိမှုနှင့် တရုတ်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်လျက်ရှိမှုတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# နှစ်နိုင်ငံ မွေးမြူရေးနှင့် သားငါးကဏ္ဍဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

နေပြည်တော် မေ ၂၂

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး H.E. Prof. Dr. Iza Fadri နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေး ကြသည်။** (အောက်ပုံ)

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံမွေးမြူရေးနှင့် သားငါးကဏ္ဍဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လည်းကောင်း၊ ကြက်ငှက်တုပ်ကွေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေးဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဆက်သွယ်ရေးဝန်ဆောင်ခနှုန်းထားဆိုင်ရာ ညွှန်ကြားချက်များ အများပြည်သူသိရှိအကြံပြုနိုင်ရန် ဝက်ဘ်ဆိုက်နှင့် ဖေ့စ်ဘုတ်စာမျက်နှာတွင် ကြည့်ရှုနိုင်

**နေပြည်တော် မေ ၂၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် "ဆက်သွယ်ရေးဝန်ဆောင်ခနှုန်းထားဆိုင်ရာညွှန်ကြားချက်" Telecommunication Tariff Directive (Draft) အား အများပြည်သူမှ သိရှိအကြံပြုနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Website www.motc.gov.mm တွင် လည်းကောင်း၊ Posts and Telecommunications Department ၏ Facebook စာမျက်နှာတွင် လည်းကောင်း ရယူကြည့်ရှုနိုင်ရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဖရူဆိုမြို့နယ်၌ ရေရှားပါးသည့်ကျေးရွာများ သောက်သုံးရေရရှိရေး ထီးပေါဆိုရေစုကန်ပေါင်မြှင့်တင်

**ဖရူဆို မေ ၂၂**

ကယားပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုအနက် ဧရိယာအကျယ်အဝန်းအရ အငယ်ဆုံးပြည်နယ်ဖြစ်ပြီး တောတောင်ထူထပ်ကာ လွင်ပြင်ချိုင့်ဝှမ်းများ၊ တောင်တန်းစွယ်များ အထပ်ထပ်တည်ရှိသဖြင့် ရာသီဥတု အပူအအေးမျှတလျက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်သည်။ လက်ရှိရေသုံးစွဲမှုအခြေအနေအရ မြေပေါ်ရေအရင်းအမြစ်သုံးစွဲမှုမှာ ၉၃ ရာခိုင်နှုန်းခန့်ရှိပြီး မြေအောက်ရေသုံးစွဲမှုမှာ ၇ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ကယားပြည်နယ်တွင် မြို့နယ် ခုနစ်မြို့ရှိပြီး ၎င်းမြို့နယ်များအနက် ဖရူဆိုမြို့နယ်ရှိ ကျေးရွာအများစုမှာ နွေရာသီတွင် သောက်သုံးရေ ရှားပါးလျက်ရှိသည်။ သို့ဖြစ်ပါ၍ ဖရူဆိုမြို့နယ်အတွင်း ရေရှားပါးသော ကျေးရွာများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ကယားပြည်နယ်အစိုးရ၏ လမ်းညွှန်ချက်အရ ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေရရှိနိုင်သောနေရာများအား ကွင်းဆင်းလေ့လာပြီး ရေလှောင်ကန်များ ရေလွှဲဆည်များ တည်ဆောက်ခြင်းလုပ်ငန်းများကို အစဉ်တစိုက် ဆောက်ရွက်လျက်ရှိသည်။

ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လတာကာလအတွင်းတွင် ဖရူဆိုမြို့နယ်နှင့် ၅ ဒသမ ၅၆ မိုင်ခန့်ကွာဝေးသော ထီးပေါဆို ရေစုကန်အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ ထီးပေါဆိုရေစုကန်မှာ ဖရူဆိုမြို့နယ်အတွင်းရှိ ကွိုင်ငံရေထွက်မှလာသော ရေများကို ရေစုကန်၏ အထက်ဘက်ရှိ လယ်မြေများအား စိုက်ပျိုးရေ ပေးဝေပြီး ၎င်းမှ ပိုလျှံသော ရေများကို စုဆောင်းသည့်ကန်ဖြစ်သည်။

ရေစုကန်၏ ကန်ပေါင်ပတ်လည်ကို လေးပေ ထပ်မံမြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၇၇ သန်းဖြင့် ၁၈-၄-၂၀၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းပြီးစီးပါက ကန်အတွင်း ရေပမာဏ ကေပေ ၉၀၀ သိုလှောင်နိုင်မည်ဖြစ်ပြီး ဖရူဆိုမြို့နှင့် ရေရှားပါးသောကျေးရွာ ၂၉ ရွာတွင် နေထိုင်ကြသော လူဦးရေ ၃၆၈၈ ဦးအား ရာသီမရွေး သောက်သုံးရေ လုံလောက်စွာ ပေးဝေနိုင်တော့မည် ဖြစ်သည်။

အဆိုပါ ရေစုကန်အတွင်းရှိ သိုလှောင်ရေများကို လျှပ်စစ်ရေတင်စနစ်ဖြင့် ဖရူဆိုမြို့နှင့် ကျေးရွာ ၂၉ ရွာသို့ ဆက်လက် ပေးပို့ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**



**ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် တောင်ပေါ်ဒေသရှိ ရေရှားပါးသောကျေးရွာဖြစ်သည့် ကျောက်တံခါးကျေးရွာသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မေလ တတိယပတ်က သွားရောက်၍ သန့်ရှင်းသောသောက်သုံးရေများ ဖြန့်ဝေပေးစဉ်။** မြို့နယ် (ပြန်/ဆက်)

❖ ***ရှေ့ဖုံးမှ***

လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် အောင်လံမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်ဥတ္တရသီရိမြို့နယ်တွင် ၂ ဒသမ ၈၃ လက်မ၊ ရွှေဂွန်းတွင် ၂ ဒသမ ၄၀ လက်မ၊ ပင်လောင်းမြို့နှင့် ထားဝယ်မြို့တို့တွင် ၁ ဒသမ ၇၃ လက်မစီ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၄၉ လက်မ၊ နေပြည်တော် ဇဗ္ဗူသီရိမြို့နယ်တွင် ၁ ဒသမ ၄၆ လက်မ ၊ သထုံမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ လှိုင်းဘွဲမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ နေပြည်တော်(ဇေယျာသီရိ)မြို့နယ်တွင် ၀ ဒသမ ၉၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အခမဲ့ပညာရေးစနစ် ဖော်ဆောင်နေမှုကြောင့် ကျောင်းသားဦးရေ တိုးတက်လာ

**နေပြည်တော် မေ ၂၂**

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာစီးဌာန (၂၀၁၈-၂၀၁၉) ပညာသင်နှစ် ပညာရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် ၂၁ ရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြည်သူ့အစိုးရ၏ နှစ်နှစ်တာကာလအတွင်း ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေး၊ ကျောင်းထွက်နှုန်းလျော့နည်းရေး လုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းထွက်နှုန်း လျော့နည်းပြီး ကျောင်းနေမြဲနှုန်း၊ အတန်းကူးပြောင်းနှုန်းနှင့် သင်ယူပြီးမြောက်နှုန်း ပိုမိုမြင့်မားအောင် အလေးထားကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ကျောင်းအဆင့် တိုးမြှင့်ပေးခဲ့မှုကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ယူမှု အခွင့်အလမ်း ပိုမိုမြင့်မားလာပါကြောင်း၊ အခမဲ့ပညာရေးစနစ် ဖော်ဆောင်နေမှုကြောင့် ကျောင်းသားဦးရေ သိသာစွာတိုးတက်လာနေသည်ကို တွေ့ရပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူမှု အရည်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး အခြေခံပညာစီးဌာန (၂၀၁၈-၂၀၁၉) ပညာသင်နှစ် ပညာရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အသွေးများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယခုပညာသင်နှစ်တွင် အဆင့်တိုးကျောင်းများအတွက် လိုအပ်သော စာသင်ဆောင်၊ ပရိဘောဂသင်ထောက်ကူပစ္စည်းများနှင့် ဆရာ ဆရာမလိုအပ်ချက်များကို လာမည့် ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုဘဏ္ဍာပေါ်မူတည်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မိဘအုပ်ထိန်းသူများ၊ ဒေသခံပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ ကျောင်းထွက်နှုန်းလျော့ပါးအောင် မိဘဆရာအသင်းနှင့် ပူးပေါင်းပြီး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေများကို စနစ်တကျ ထိရောက်ပွင့်လင်းမြင်သာစွာ သုံးစွဲဆောင်ရွက်ကြရန်နှင့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ၊ တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် အဆင့်အလိုက် တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အခြေခံပညာဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပညာရေးမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းအလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန "၂၀၁၈-၂၀၁၉ ပညာသင်နှစ်" အသိပေးကြေညာချက်

- ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade -1 ) သို့ အပ်နှံရန်။

**ပညာရေးဝန်ကြီးဌာန**

## ပညာရေးဝန်ကြီးဌာန "၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်" မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❑ ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်းကြောင့် လည်းကောင်း၊ ကျောင်းအပ်နှံနှုန်းမြင့်မားလာခြင်းကြောင့် လည်းကောင်း၊ ထပ်ကျော့ကျောင်းအပ်နှံခြင်းကြောင့် လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို လုံလောက်စွာ ဖြန့်ဝေပေးလိုပါသဖြင့် မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❑ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။
- ❑ အသက် ၅ နှစ်ပြည့်သူတိုင်း သူငယ်တန်း (KG) တွင် လည်းကောင်း၊ အသက် ၆ နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade 1) တွင် လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်နိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❑ မိဘများအနေဖြင့် မိမိသားသမီးအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူ တာဝန်ခံဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်း ဆွေးနွေးဆောင်ရွက်ပါရန်။
- ❑ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်မှန်ရေးနှင့် အိမ်စာမှန်မှန်လုပ်ဆောင်ရေးအတွက် မိဘများကကြီးကြပ်၍ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
- ❑ သက်ဆိုင်ရာအတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၈ - ခုနှစ် ဇူလိုင်လတွင် တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင် တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၁၉ - ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ် စုစုပေါင်း (၄) ကြိမ်သာ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူများ သင်ယူတတ်မြောက်မှု ကောင်းမွန်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
- ❑ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး မိမိသား၊ သမီးများကို တိုက်တွန်းအားပေးပါရန်။
- ❑ မိဘဆရာအသင်းနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- ❑ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထားဆောင်ရွက်ပြီး၊ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်နှင့် မျှဝေခြင်းဆိုင်ရာအစီအစဉ်တွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- ❑ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
- ❑ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော် (သို့မဟုတ်) dpoffice@moe-mm.com သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်း နယ်လှည့်ဆောင်ရွက်ပေးမည်

**နေပြည်တော် မေ ၂၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၈ ခုနှစ် ဇွန်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်ထားသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁ | နေပြည်တော် | လယ်ဝေး |
| ၂ | ကချင်ပြည်နယ် | ဟိုပင်၊ ရွှေကူ |
| ၃ | ကယားပြည်နယ် | ဒီးမော့ဆို၊ ဖရူဆို |
| ၄ | ကရင်ပြည်နယ် | ကြာအင်းဆိပ်ကြီး |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | အရာတော်၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဗန်းမောက်၊ ကျွန်းလှ |
| ၆ | ပဲခူးတိုင်းဒေသကြီး | ရွှေကျင်၊ ကြို့ပင်ကောက်၊ သဲကုန်း |
| ၇ | မကွေးတိုင်းဒေသကြီး | ချောက်၊ ဂန့်ဂေါ၊ ထီးလင်း၊ ငဖဲ၊ မင်းတပ်၊ အောင်လံ၊ ဆင်ပေါင်ဝဲ၊ မတူပီ |
| ၈ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကူး၊ သာစည်၊ နွားထိုးကြီး၊ ပျော်ဘွယ် |
| ၉ | မွန်ပြည်နယ် | ပေါင် |
| ၁၀ | ရခိုင်ပြည်နယ် | သံတွဲ၊ တောင်ကုတ် |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး၊ ဒလ |
| ၁၂ | ရှမ်းပြည်နယ် | ပင်းတယ၊ မိုးနဲ၊ မိုင်းဖြတ် |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | ပန်းတနော်၊ လေးမျက်နှာ၊ အင်္ဂပူ၊ ဒေးဒရဲ |

**မြန်မာ့အလင်း**

# လယ်ဝေးမြို့ ဗွက်ကြီးရိုးကျေးရွာ၌ မှုခင်းအသိပညာပေးဟောပြော

**လယ်ဝေး မေ ၂၂**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ရေကာအုပ်စု ဗွက်ကြီးရိုးကျေးရွာ ဓမ္မာရုံ၌ မေလ ဒုတိယပတ်က မှုခင်းအသိပညာပေးဟောပြောခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ဟောပြောပွဲတွင် အေလာနယ်မြေစုမှူး ရဲအုပ် ကျော်ကျော်ဦးက မူးယစ်ဆေးဝါး၊ သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်၍ ထပ်မံထွက်ရှိသည့် ပြည်သူများ သိသင့်သိထိုက်သော ဥပဒေများကို ချပြဆွေးနွေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ကျေးရွာသူ၊ ကျေးရွာသား ၉၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

# လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်

# SME မှသည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့

**✻ မေသံလွင် ✻**

**နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ SME တွေရဲ့ ကဏ္ဍဟာ အဓိကကျလို့ နေပါတယ်။ SME ဆိုတာ Small and Medium Enterprises (အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတွေ)လို့ အဓိပ္ပာယ်ရပြီး စက်မှုလက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းတွေသာမက လက်လီ၊ လက်ကား ရောင်းဝယ်မှု၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်၊ ဆက်သွယ်ရေးနဲ့ အခြေခံအဆောက်အအုံ၊ စွမ်းအင်၊ ငွေရေးကြေးရေးဝန်ဆောင်မှု၊ ဟိုတယ်ခရီးသွား ၊ အခြားသောစီးပွားရေးလုပ်ငန်းမှန်သမျှ ပါဝင်ပါတယ်။**

ကျွန်မတို့ လူသားအားလုံးအိပ်ရာကထလို့ မျက်စိနှစ်လုံးဖွင့်လိုက်သည်မှ အစပြုပြီး အိပ်ရာဝင်လို့ မျက်စိနှစ်လုံးပိတ်လိုက်သည်အထိ ကျွန်မတို့နဲ့ ထိတွေ့ပတ်သက်ရသမျှ အရာဝတ္ထုအားလုံး၊ ဝန်ဆောင်မှုအားလုံးလိုလိုဟာ SME ထုတ်ကုန်တွေသာ ဖြစ်ပါတယ်။ SME နဲ့ ကင်းကွာတဲ့လူသားဆိုတာ မရှိပါဘူး။ အဲဒီလိုနေရာအနှံ့မှာ ပျံ့နှံ့တည်ရှိပြီး စီးပွားရေးမှန်သမျှမှာ အကုန်ပါနေတဲ့အတွက်လည်း SME ဆိုတာ နိုင်ငံ့စီးပွားရေးရဲ့ အသက်သွေးကြောဖြစ်တယ်လို့ တင်စားပြောဆိုနေကြတာဖြစ်ပါတယ်။

**ဆင်းရဲမှုကိုလျှော့ချဖို့ အရင်စဉ်းစား**

ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ ချမ်းသာဖို့ကိုအရင်စဉ်းစားလို့ မရပါဘူး။ ဆင်းရဲမှုကိုလျှော့ချနိုင်ဖို့ အရင်စဉ်းစားရမှာဖြစ်ပါတယ်။ ဆင်းရဲရခြင်းရဲ့အကြောင်းရင်းတွေမှာ စီးပွားရေးအခွင့်အလမ်းနည်းပါးခြင်းနဲ့ စွမ်းဆောင်ရည် နိမ့်ကျခြင်းတို့ ပါဝင်နေပါတယ် ။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နိုင်ငံရေးတို့အားလုံးဟာ သီးခြားစီ တည်ရှိနေတာ မဟုတ်ဘဲ တစ်ခုနဲ့တစ်ခု ကွင်းဆက်လိုချိတ်ဆက်နေတဲ့အတွက် နိုင်ငံတစ်နိုင်ငံမှာဖြစ်ဖြစ်၊ အိမ်ထောင်စုတစ်စုမှာဖြစ်ဖြစ် စီးပွားရေးနိမ့်ကျတာနဲ့အမျှ အဘက်ဘက်ကနိမ့်ကျမှာပဲ ဖြစ်ပါတယ်။ အဲဒီအခါ ကျွန်မတို့နိုင်ငံစီးပွားရေးလုပ်ငန်းအားလုံးရဲ့ ၉၉ ရာခိုင်နှုန်းအထက်မှာရှိတဲ့ SME တွေ ဖွံ့ဖြိုးတိုးတက်တာနဲ့အမျှ ကျန်တဲ့အရေးအားလုံး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

အဲဒီအတွက် နိုင်ငံရဲ့SME တွေ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ဖို့ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (ရန်ကုန်)ကို ၂၀၁၂ ခုနှစ် ဧပြီလမှာ စတင်ဖွင့်လှစ်ပြီး တစ်နိုင်ငံလုံးက SME တွေကို ကူညီပံ့ပိုးပေးခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၄ ခုနှစ် မေလ ၂ ရက်နေ့မှာတော့ နိုင်ငံရဲ့နေရာဒေသအနှံ့အပြားမှာရှိတဲ့ SME တွေကို အနီးကပ် ကူညီပံ့ပိုးပေးနိုင်ဖို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာနတွေမှာ ကျွန်မတို့ရဲ့ SME ဖွံ့ဖြိုးတိုးတက်ရေးဌာနတွေကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။

**ကူညီမှုတွေပြုကြ**

SME ဖွံ့ဖြိုးတိုးတက်ရေးဌာနတွေအနေနဲ့ မိမိ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းမှာရှိတဲ့ SME တွေကို မြို့ပြ၊ ကျေးလက် မခွဲခြားဘဲ ကူညီမှုတွေပြုကြရပါတယ်။ ငွေကြေးနဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ၊ နည်းပညာဖွံ့ဖြိုးမှုနဲ့ တီထွင်ဖန်တီးတတ်မှုတွေ၊ ဈေးကွက်ရရှိဖို့တွေ၊ အခြေခံအဆောက်အအုံ တွေ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ လုပ်သာကိုင်သာရှိတဲ့ စီးပွားရေးဝန်းကျင်ကောင်းတွေဖန်တီးနိုင်ဖို့ စတာတွေအတွက် အကြံပေး၊ ချိတ်ဆက်၊ ကူညီတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်ပေးကြရတာဖြစ်ပါတယ်။

**အတွေ့အကြုံများ**

SME တွေမှာ အောင်မြင်နေတဲ့ လုပ်ငန်းပဲဖြစ်ဖြစ်၊ ကြိုးစားရုန်းကန်ရှင်သန်နေရတဲ့ လုပ်ငန်းပဲဖြစ်ဖြစ်၊ အများစုကတော့ စီးပွားရေးလောကမှာကျင်လည်နေတဲ့ အတွေ့အကြုံတွေ အများကြီးရှိပြီးသား၊ သူတို့ရဲ့လုပ်ငန်းနယ်ပယ်မှာ အတိုင်းအတာတစ်ခုအထိ ကျွမ်းကျင်ပြီးသား၊ မိရိုးဖလာအလေ့အထတွေကိုပဲ ခေါက်ရိုးကျိုးနေပြီးသားတွေက လူများစုဖြစ်နေပါတယ်။ ဒီလိုလုပ်ငန်းရှင်တွေကို ကူညီပံ့ပိုးပေးတာ၊ အကြံဉာဏ်ပေးတာတွေကို ဆောင်ရွက်ပေးမယ့် ကျွန်မတို့က စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသူတွေ မဟုတ်တော့ အချိန်တိုတိုအတွင်းမှာ ယုံကြည်အားကိုးအောင်လုပ်ဖို့ စဉ်းစားတဲ့အခါ ကနဦးအစမှာ ဘဲဥအစရှာမရသလို ခက်ခဲပါတယ်။

ယုံကြည်မှုတည်ဆောက်တယ်ဆိုတာ ကိုယ့်ကိုယုံသလို သူ့ကိုလည်း ယုံရမယ်။ အပြန်အလှန် ဖြစ်ပါတယ်။ အဲဒီအခါ ကျွန်မစဉ်းစားမိတာက အရိုးသားဆုံးနည်းနဲ့ ဟန်ဆောင်မှုမပါဘဲ ကျွန်မတို့မှာရှိနေတဲ့ ရှိသမျှ ယုံစရာလေးနဲ့ပဲ ယုံအောင် လုပ်ရမယ်ဆိုတာပါပဲ။ ကျွန်မတို့ရဲ့ မှန်ကန်တဲ့စေတနာ၊ ရိုးသားမှု၊ အဂတိတရားမပါတဲ့ကူညီမှု၊ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးစားမှု၊ ကိုယ်ချင်းစာတရားစတဲ့ ကျွန်မတို့ပိုင်တဲ့ အာမခံပစ္စည်းလေးတွေကို ကျွန်မတို့ရဲ့ SME လုပ်ငန်းရှင်တွေဆီမှာ အပေါင်ထားလိုက်ခြင်းဖြစ်ပါတယ်။ အဲဒီအခါ "ကျွန်မတို့အပေါ်မှာ ယုံကြည်မှု"ဆိုတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပြန်ရတာပါပဲ။ ကျွန်မတို့ ကိုယ်တိုင်ကလည်း အားကိုးထိုက်သူ၊ ယုံကြည်ထိုက်သူဖြစ်အောင် အမြဲလေ့လာ၊ ဆည်းပူး၊ သင်ယူနေရပါတယ်။ ကျွန်မတို့ အပေါ် ယုံကြည်အားကိုးတဲ့ SME တွေရဲ့ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသူ ကျွန်မတို့တစ်တွေဟာ ထာဝရကျောင်းသားကြီးတွေပါပဲ။

**လူအချင်းချင်းဆက်ဆံရေး**

တကယ်တော့ လူ့ဘဝရဲ့ အရေးအပါဆုံးအရာက လူအချင်းချင်းဆက်ဆံရေးပါ။ ဆက်ဆံရေးပုံစံနဲ့ နည်းလမ်းတွေကို ထိထိရောက်ရောက် လေးလေးနက်နက် ဆောင်ရွက်မယ်ဆိုရင် တစ်ချိန်မှာတော့ အချင်းချင်းယုံကြည်စိတ်တွေရရှိမယ်ဆိုတာ အမှန်တရား တစ်ခုပါပဲ။ အခက်အခဲနဲ့ ပြဿနာတွေဟာ နေရာတိုင်းမှာရှိပေမယ့် မတူညီတာတွေ ရှိပါတယ်။ နားနဲ့နားထောင်၊ ဦးနှောက်နဲ့စဉ်းစားပြီး နှလုံးသားနဲ့ဆက်ဆံရင် အရာရာကို အောင်မြင်ကျော်လွှားနိုင်ပါတယ်။ ကျွန်မတို့ရဲ့ကိုယ်ကျင့်တရားပေါ်မှာ အများကြီး မူတည်နေပါတယ်။ ရုပ်ပိုင်းဆိုင်ရာကူညီမှုမျိုး အပြည့်အဝမပေးနိုင်တဲ့အခါ စိတ်ပိုင်းဆိုင်ရာ ကူညီမှုနဲ့ စတင်ရပါတယ်။

**အပြန်အလှန်ယုံကြည်မှု**

ကျွန်မတို့ဌာနရဲ့ ကူညီမှုဟာ ကဏ္ဍအစုံကရှိရှိသမျှသော အငယ်စား၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းအားလုံးနဲ့သက်ဆိုင်နေတဲ့အခါ သူတို့အကြောင်း၊ သူတို့ရဲ့အခြေအနေ၊ သူတို့ရဲ့ခံစားချက်တွေကို တကယ့်အရင်းခံစိတ်နဲ့ နားလည်ချင်လို့၊ ကိုယ်ချင်းစာစိတ်နဲ့ ကူညီချင်လို့၊ အောင်မြင်စေလိုစိတ်နဲ့ အကြံဉာဏ်ပေးချင်လို့ဆိုတာ သူတို့အားလုံးယုံကြည်ဖို့ လိုပါတယ်။ လူတွေရဲ့သဘာဝက ကိုယ့်ကိုတစ်ဖက်သားကနားလည်သဘောပေါက်စေချင်တယ်၊ အဲဒီအခါတစ်ဖက်ကစိတ်ကောင်း၊ စေတနာကောင်းနဲ့ နားလည်အောင် ကြိုးပမ်းအားထုတ်လာရင် အဲဒီလူအပေါ် ယုံကြည်အားကိုးစိတ်တွေဝင်လာတာပါပဲ။ ကျွန်မတို့လိုဌာနတွေဟာ ဒီအချက်ကိုအမိအရဖမ်းဆုပ်ထားရမှာဖြစ်ပါတယ်။ ဒါဆိုရင်တော့ ကျွန်မတို့ကို ပြောပြချင်လာတယ်၊ အားကိုးလာတယ်၊ အကြံဉာဏ်တွေကို လက်ခံလာတယ်။ ပြောစကားကို နားထောင်လာတယ်။ လူအများနဲ့ ဆက်ဆံတဲ့အခါ သတိထားရမယ့် အဲဒီအချက်တွေကို နားလည်လာတာနဲ့အမျှ အပြန်အလှန် ယုံကြည်မှုကို ပိုမိုတည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံရဲ့ SME တွေမှာ ပြုပြင်ပြောင်းလဲဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ချက်တွေများစွာရှိနေပါတယ်။ ဘဏ္ဍာရေးဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ အခြေခံအဆောက်အအုံနဲ့ လူသားအရင်းအမြစ်၊ ဈေးကွက်စတာတွေ ပါဝင်ပါတယ်။ နိုင်ငံတော်အစိုးရက SME တွေရှင်သန်ရေးကို ရှုထောင့်အမျိုးမျိုးက စဉ်းစားပြီး အားပေးကူညီနေတဲ့အချိန်မှာ အခြေခံဖြစ်တဲ့ ကျေးလက်၊ မြို့နယ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအတွက် ကျွန်မတို့ကို တာဝန်ပေးအပ်ထားပြီးသားမို့ ကိုယ်စွမ်း၊ ဉာဏ် စွမ်းရှိသမျှ ကြိုးစားကြရပါတယ်။ တိုက်ရိုက်ပံ့ပိုးပေးမှု၊ သွယ်ဝိုက်တဲ့ပံ့ပိုးမှုတွေနဲ့ စီးပွားရေးဝန်းကျင်ကောင်းတွေ ပေါ်ပေါက်လာအောင် ဖန်တီးပေးရပါမယ်။ တစ်ဦးနဲ့တစ်ဦး ချိတ်ဆက် ဆောင်ရွက်လာအောင် ကူညီမှုပြုရပါတယ်။ SME တွေကို တည်ငြိမ်အောင်ဖန်တီးပေးနိုင်တာနဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်းတွေများပြားလာမှာပဲ ဖြစ်ပါတယ်။

> **"ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ ချမ်းသာဖို့ကို အရင်စဉ်းစားလို့ မရပါဘူး၊ ဆင်းရဲမှုကိုလျှော့ချနိုင်ဖို့ အရင်စဉ်းစားရမှာဖြစ်ပါတယ်။ ဆင်းရဲရခြင်းရဲ့ အကြောင်းရင်းတွေမှာ စီးပွားရေးအခွင့်အလမ်းနည်းပါးခြင်းနဲ့ စွမ်းဆောင်ရည် နိမ့်ကျခြင်းတို့ ပါဝင်နေပါတယ်"**

**ကျစ်လျစ်ခိုင်မာတည်တံ့**

SME ဆိုတာ စီးပွားရေးလုပ်ငန်းမှန်သမျှ အစိုးရဝန်ကြီးဌာနအားလုံးနဲ့ သက်ဆိုင်တဲ့ အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းအားလုံး အကျုံးဝင်ပြီး အားလုံးကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေကြပါတယ်။ SME ဖွံ့ဖြိုးတိုးတက်ရေးဌာနအနေနဲ့ ဆောင်ရွက်တဲ့အခါ ကျွန်မတို့ကိုယ်တိုင်လည်း အခြားဌာနဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ပါတယ်။ စုပေါင်းအဖြေရှာကြရပါတယ်။ အဲဒီအခါ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းဆောင်ရွက်မှုကရတဲ့ အောင်မြင်မှုတွေကို စုပေါင်းတာထက်၊ ပူးပေါင်းဆောင်ရွက်လို့ ရလာတဲ့အောင်မြင်မှုက ပိုပြီး ကျစ်လျစ်ခိုင်မာတည်တံ့တယ်ဆိုတာလက်တွေ့သိမြင်နိုင်ပါတယ်။

SME တွေဖွံ့ဖြိုးတိုးတက်တဲ့အခါ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်တာနဲ့အမျှ တစ်ဦးချင်းဝင်ငွေတိုးတက်လာတဲ့အပြင် အလုပ်အကိုင်ကရရှိတဲ့ အတွေ့အကြုံ၊ ဗဟုသုတ၊ လူမှုရေး၊ ကိုယ်ချင်းစာတရား၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ စီးပွားရေးအမြင်၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု၊ ပေါင်းသင်းဆက်ဆံရေး၊ ပေါင်းစည်းဆောင်ရွက်မှု၊ အချိန်ကို အသုံးချနိုင်မှုစသဖြင့် မဆုံးနိုင်တဲ့အရည်အသွေးတွေ မြင့်တက်လာမှာဖြစ်ပါတယ်။ SME အားကောင်းလေ၊ နိုင်ငံစီးပွားရေးအားကောင်းလေ ဖြစ်တာနဲ့အညီ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတွေအားလုံး အားကောင်းလာမှာ အမှန်ပဲဖြစ်ပါတယ်။

**အလှမ်းမဝေးတော့ပြီ**

တကယ်တော့ ကျွန်မတို့ SME ဖွံ့ဖြိုးတိုးတက်ရေးဌာနရဲ့ ရပ်တည်မှုကကိုပဲ ပေါင်းစည်းမှုရဲ့ ပြယုဂ်တစ်ခု ဖြစ်လို့နေပါတယ်။ ပေါင်းစည်းမှုရဲ့အားကိုယူပြီး ဆောင်ရွက်ကြရတာမို့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်တာနဲ့အမျှ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ဆီကို အမြန်ဆုံးရောက်ရှိမှာ သေချာပါတယ်။ SME ကို အခြေတည်အစပြုပြီး နိုင်ငံဖွံ့ဖြိုး ချမ်းသာတဲ့ ကမ္ဘာ့နိုင်ငံတွေများစွာရဲ့ သက်သေ၊ သာဓကတွေလည်း ရှိပြီးသားဖြစ်လို့ ကျွန်မတို့ရဲ့ SME တွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းပဲဆိုတာကို နှလုံးသွင်းပြီး ဝိုင်းဝန်းဆောင်ရွက်ကြမယ်ဆိုရင်တော့ SME မှသည် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ဆီသို့ ရောက်ဖို့ဆိုတာ အလှမ်းမဝေးတော့ပြီလို့သာ ဆိုရတော့မှာ ဖြစ်ပါတယ်။ ။

## ရိခေါဒါရ်ရှိ မြန်မာ-အိန္ဒိယနယ်စပ်တံတားအပေါ် ယာဉ်များဖြတ်သန်းသွားလာမှု ခေတ္တပိတ်ပင်ထား

**ရိခေါဒါရ် မေ ၂၂**

ချင်းပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးဝင်၊ ထွက်ပေါက်တစ်ခုဖြစ်သည့် ရိခေါဒါရ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ချစ်ကြည်ရေးတံတားပေါ် ယာဉ်များဖြတ်သန်းဝင်၊ ထွက်သွားလာခြင်းကို မေ ၂၁ ရက်မှစ၍ ခေတ္တပိတ်ထားကြောင်း သိရသည်။

မြန်မာ-အိန္ဒိယနယ်စပ်တံတားပေါ် ယာဉ်များဖြတ်သန်းဝင်၊ထွက်မှုပိတ်ပင်ရာတွင် ကုန်တင်ယာဉ်များသာ မဟုတ်ဘဲ လူစီးယာဉ်များ၊ ပုဂ္ဂလိကယာဉ်များပါ ဝင်၊ ထွက်မှုပိတ်ပင်ထားခြင်း ဖြစ်ကြောင်း၊ ယခုလို နယ်စပ်တံတားအပေါ် ယာဉ်များဖြတ်သန်းသွားလာမှုအား ခေတ္တပိတ်ပင်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါနယ်စပ်တံတားအပေါ် ယာဉ်များဖြတ်သန်းသွားလာမှု ခေတ္တပိတ်ပင်ထားခြင်းမရှိမီကာလများတွင် ကုန်ပစ္စည်းများကို နယ်စပ်တံတားခံနိုင်ဝန်အား သတ်မှတ်ချက်နှင့်အညီ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ထားခြင်းဖြစ်ရာ ယခုတံတားအပေါ်ယာဉ်များ ဖြတ်သန်းသွားလာမှု ခေတ္တပိတ်ပင်ခြင်းကြောင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာမှုနှင့် အခက်အခဲများ ကြုံတွေ့ရကြောင်း၊ မြန်မာနိုင်ငံဘက်မှ အဓိကပို့ကုန်ဖြစ်သည့် ကွမ်းသီးတင်ပို့မှုကို ရပ်နားခဲ့ရကြောင်း၊ အခြားကုန်သွယ်ပစ္စည်းများကို လူလုပ်အားနှင့် တွန်းလှည်းများဖြင့် တစ်ဖက်နိုင်ငံသို့ တင်ပို့ခဲ့ရကြောင်း၊ တစ်ဖက်အိန္ဒိယနိုင်ငံမှ သွင်းကုန်ဖြစ်သည့် ဓာတ်မြေသြဇာတင်ပို့မှုနှင့် အခြားကုန်ပစ္စည်းများကိုလူလုပ်အားဖြင့် တံတားကိုဖြတ်၍ ပို့ဆောင်လာကြောင်း၊ ဤသို့ လူလုပ်အားဖြင့်သာ ကုန်ပစ္စည်းများ ပို့ဆောင်ရသဖြင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာသည့်အပြင် ကုန်ပစ္စည်းများ ထိန်းသိမ်းသိုလှောင်သည့် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ကုန်သည်တစ်ဦးထံမှ သိရသည်။

ထို့အပြင် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှ ရိဒ်ရေကန်လေ့လာရေး၊ အပန်းဖြေခရီးလာရောက်သူများသည် ရိဒ်ရေကန်အထိ မိမိအသုံးပြုသည့် အငှားယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များဖြင့် လာရောက်ခြင်းကို ခွင့်ပြုပေးခြင်းဖြစ်ရာ ယင်းကိစ္စကြောင့် ယာဉ်များ နယ်စပ်တံတားအထိသာ ဖြတ်သွားလာနိုင်သဖြင့် နယ်စပ်တံတားမှ ရိဒ်ရေကန်အထိ (၂) မိုင်ခန့် သွားလာရေးအတွက် အခက်အခဲ ကြုံတွေ့နေရပြီး ယခုအတော အတွင်း ရိဒ်ရေကန်သို့ လာရောက်လည်ပတ်သူ နည်းပါးသွားကြောင်း သိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဆက်စပ်စုံစမ်းမေးမြန်းချက်များအရ အိန္ဒိယနိုင်ငံဘက်ခြမ်းတွင် ယခုရက်အတွင်း အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်ရှိသည်ဟု သိရကြောင်း၊ နှစ်ဖက် ကုန်သွယ်နေမှုတွင် မိမိဘက်မှ တရားဝင် ကုန်သွယ်မှုဖြစ်သော်လည်း တချို့ကုန်စည်များကို ၎င်းတို့ဘက်တွင် တရားမဝင်ကုန်စည်အဖြစ် သတ်မှတ်ထားမှုများရှိ၍ ယခုလို




ခရီးစဉ်ရှိချိန်တွင် ခေတ္တပိတ်ထားခြင်းဖြစ်သည်ဟု နားလည်ကြောင်း၊ နယ်စပ်ကို တရားဝင်ပိတ်မည်ဆိုပါက နှစ်နိုင်ငံညှိနှိုင်းပြီးမှသာ ပိတ်ရန် နှစ်ဖက်သဘောတူချက်ထားရှိကြောင်း၊ ယခုလည်း လူနှင့် ကုန်စည်များကို ဖြတ်သန်းခွင့်ပြုထားပြီး ယာဉ်အသွားအလာကိုသာ ကန့်သတ်ခြင်းဖြစ်သဖြင့် လုံခြုံရေးပိုင်းက ဆောင်ရွက်ခြင်းဖြစ်နိုင်ကြောင်း၊ မည်မျှကြာမြင့်မည်ကို သေချာမပြောနိုင်ကြောင်း သိရှိရသည်။

**မြို့နယ် (ပြန်/ဆက်)**



ဗိုလ်ချုပ်အောင်စိုး
ဒုတိယဝန်ကြီး



ဦးမောင်မောင်ဝင်း
ဒုတိယဝန်ကြီး



ဦးဘိုဘိုငယ်၊ ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ❒ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်တွင်းမှ ချေးယူနိုင်သည့် ငွေကျပ် ၃၂၀၅ ဒသမ ၁၄၃ ဘီလီယံအနက် ၂၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံအား မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ငွေချေးယူရန် လျာထားသည်ကို ညှိနှိုင်းအကြောင်းကြားထား

## ❒ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှု မြှင့်တင်ရေးစီမံကိန်း အနေဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများ အစပျိုးခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး စနစ်ကျလယ်ယာမြေ ၁၃၀၉ ဧက ဖော်ထုတ်နိုင်ခဲ့ကာ နည်းပညာပေးစံပြကွက်များ ဆောင်ရွက်လျက်ရှိ

❒ *ကျော်ဖုံးမှ*

ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံ ချေးငွေရယူရန် ကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အစိုးရအနေဖြင့် ပြည်တွင်းမှ ငွေချေးယူရာတွင် အဓိကအားဖြင့် ဘတ်ဂျက်လိုငွေအတွက် ဖြစ်သော်လည်း ဘတ်ဂျက်လိုငွေအတိုင်း အတိအကျ ငွေချေးယူရခြင်းမျိုးမဟုတ်ဘဲ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရှိ ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းတွင် ဖြစ်ပေါ်လာသည့် လိုငွေကိုသာ အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းနိုင်ရန် ချေးယူခြင်းဖြစ်ပါကြောင်း။

### လိုငွေဖြည့်ဆည်းပေး

ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းတွင် လိုငွေမဖြစ်ပေါ်ရေးအတွက် အစိုးရငွေတိုက်စာချုပ်များနှင့် ငွေတိုက်လက်မှတ်များကို ဈေးပြိုင်စနစ်ဖြင့် လစဉ်ရောင်းချ၍ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်မှုကြောင့် ဘဏ္ဍာရေးနှစ်အတွင်း အချို့လများတွင် ပိုငွေဖြစ်ပေါ်သော်လည်း အချို့လများတွင် လိုငွေဖြစ်ပေါ်ပါကြောင်း၊ အဆိုပါ လိုငွေနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၉၁ (ခ)အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လိုငွေဖြည့်ဆည်းပေးပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အာမခံရခြင်းဖြစ်ပါကြောင်း။

### ၆၄၁ ဒသမ ၀၂၉ ဘီလီယံလျာထား

ထို့ကြောင့် ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် (၆)လအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ အစိုးရငွေတိုက်လက်မှတ်များ အာမခံပေး၍ ချေးငွေရယူရန် ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံ လျာထားသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တင်ပြချက်အပေါ် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးဖြစ်သည့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်တွင်းမှ ချေးယူနိုင်သည့် ငွေကျပ် ၃၂၀၅ ဒသမ ၁၄၃ ဘီလီယံအနက် ၂၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူရန် လျာထားသည်ကို ညှိနှိုင်းအကြောင်းကြားထားပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဖြစ်ပေါ်လာမည့် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအတွက် ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ်များဝယ်ယူခြင်းဖြင့် ဖြည့်ဆည်းပေးမည်ဖြစ်ရာ ချေးငွေရယူနိုင်ရေး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ (၉၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူပေးပါရန် ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ဦးသိန်းလွင်က ဖတ်ကြားတင်ပြသည်။

### ဆောင်ရွက်ပြီးစီးမှုရှင်းလင်း

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူထားသည့် ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုလွှတ်တော် ပထမသက်တမ်းတွင် တရုတ်ပို့ကုန် သွင်းကုန်ဘဏ်မှ ယွမ် ၂၄၆ သန်းနှင့် ပြည်ထောင်စုလွှတ်တော် ဒုတိယသက်တမ်းတွင် ပိုလန်နိုင်ငံအစိုးရနောက်ခံ အခြေပြု ဥရောပသမဂ္ဂ၏ တစ်စိတ်တစ်ပိုင်း ကူညီထောက်ပံ့မှုချေးငွေမှ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့အစီအစဉ်ဖြင့် ယူရို သန်း ၅၀ ကို ချေးယူခဲ့ပါကြောင်း။

### ယာဉ်များဝယ်ယူခဲ့

တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှ ချေးယူသည့် ချေးငွေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အသုံးပြုရန် မော်တော်ယာဉ်များ၊ အချုပ်ယာဉ်များ၊ အဓိကရုဏ်းနှိမ်နင်းရေးယာဉ်များနှင့် ရေယာဉ်များကို ဝယ်ယူခဲ့ပါကြောင်း၊ ပိုလန်နိုင်ငံ အစိုးရနောက်ခံအခြေပြု ဥရောပသမဂ္ဂ၏ တစ်စိတ်တစ်ပိုင်း ကူညီထောက်ပံ့မှုချေးငွေမှ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့အစီအစဉ်ဖြင့် ချေးငွေယူရို သန်း ၅၀ ဖြင့် ခေတ်မီ မီးသတ်ရေယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နောက်ဆုံးပေါ် လူနာတင်ယာဉ်များ ဝယ်ယူခဲ့ပါကြောင်း၊ အချို့ယာဉ်များမှာ ရောက်ရှိနေပြီဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

### အရစ်ကျငွေချေစနစ်ဖြင့်ရောင်းချ

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝန်ကြီးဌာနက ပြည်ပချေးငွေဖြင့် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး အသေးစားငွေရေးကြေးရေးလုပ်ငန်း စီမံကိန်းအနေဖြင့် သမဝါယမအသင်းများကို စီမံကိန်းရည်ရွယ်ချက်များနှင့်အညီ ထုတ်ချေးပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သော လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူရေး ပူးပေါင်းမှုစီမံကိန်းအနေဖြင့် လယ်ယာသုံး စက်ကိရိယာ ၃၉၉၉ စီးကို အသင်းသားလယ်သမားများအား အရစ်ကျငွေချေစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးပြီးဖြစ်ပါကြောင်း၊ ဆင်းရဲမှုလျှော့ချရေးအတွက် ဒေသတွင်း ဖွံ့ဖြိုးမှုစီမံကိန်း ၁ အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုရှိ မြို့ပေါင်း ၂၃ မြို့တွင် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

စီမံကိန်းအဆင့် ၂ အနေဖြင့် ပဲခူးနှင့် မော်လမြိုင်မြို့များတွင် Roughing Filter တည်ဆောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး စစ်တွေမြို့တွင် ဆောင်ရွက်ရန် လျာထားသည့် စီမံကိန်းလုပ်ငန်း၏ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လူထုဗဟိုပြု စီမံကိန်းအနေဖြင့် မြို့နယ် ၆၃ မြို့နယ် ကျေးရွာ ၁၂၀၁၁ ရွာတွင် စီမံကိန်း စက်ဝန်းအလိုက် လုပ်ငန်းခွဲပေါင်း ၂၃၃၅၆ ခုအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှု မြှင့်တင်ရေးစီမံကိန်းအနေဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများ အစပျိုးခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး စနစ်ကျလယ်ယာမြေ ၁၃၀၉ ဧက ဖော်ထုတ်နိုင်ခဲ့ကာ နည်းပညာပေးစံပြကွက်များ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး (အနောက်) ဆည်မြောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း၊ ရေသွင်းစိုက်ပျိုးမှု ဧရိယာအပါအဝင် လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မြန်မာနိုင်ငံ အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် မြန်မာနိုင်ငံ ဆည်မြောင်းဖွံ့ဖြိုးရေးစီမံကိန်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

### လက်မှတ်ရေးထိုးရေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော Framework Agreement of International Solar Alliance တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က International Solar Alliance (ISA) အဖွဲ့သည် အဓိကအားဖြင့် နေရောင်ခြည်စွမ်းအင်ကို အသုံးချနိုင်ရေးအတွက် ရည်ရွယ်ပြီး ကမ္ဘာ့ရာသီဥတုပူနွေးလာခြင်း၏ အကြောင်းတရားဖြစ်သော ကာဗွန်လောင်စာမှ စွမ်းအင်ထုတ်သော လမ်းကြောင်းမှ ခွဲထွက်၍ စွမ်းအင်ဖော်ထုတ်နိုင်ရေး လမ်းကြောင်းသစ်ကို ဖော်ထုတ်နိုင်ရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Framework Agreement of International Solar Alliance (ISA) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းအားဖြင့် ဆိုလာမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး အနာဂတ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနှင့် လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးသင့်ပါကြောင်း ဆွေးနွေးသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်က ယနေ့ကမ္ဘာတွင် လျှပ်စစ်ဓာတ်အားကို ပိုမိုသုံးစွဲလာကြပြီး မိမိတို့နိုင်ငံတွင်လည်း လျှပ်စစ်စွမ်းအား ပိုမိုလိုအပ်လာပါကြောင်း၊ ကမ္ဘာတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအနေဖြင့် ခြောက်ခုရှိပါကြောင်း၊ သဘာဝဓာတ်ငွေ့၊ ရေ၊ လေ၊ ကျောက်မီးသွေး၊ အဏုမြူနှင့် နေစွမ်းအင်တို့ ဖြစ်ပါကြောင်း၊ နေစွမ်းအင်မှာ မကုန်နိုင်သော စွမ်းအင်ဖြစ်ပြီး Solar Power ဖြင့် ထုတ်လုပ်မှုသည် မိမိတို့နိုင်ငံအတွက် အလားအလာ ကောင်းပါကြောင်း၊ လျှပ်စစ်စွမ်းအား ထုတ်လုပ်မှုတွင် ဘေးထွက်ဆိုးကျိုးနည်းသည့် ဆိုလာစွမ်းအင်ထုတ်လုပ်မှုကို မိမိတို့နိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ အမရပူရ မဲဆန္ဒနယ်မှ ဦးအောင်ဇော်မြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းနှင့် စလင်းမဲဆန္ဒနယ်မှ ဦးကံဦးတို့က ဆွေးနွေးကြသည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော် ၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမြင့်၊ မျိုးသူဟိန်း(သတင်းစဉ်)**

❋ *ကျော်ဖုံးမှ*

ညွှန်ကြားရေးမှူး ဦးစိုးပိုင်က ပြောကြားသည်။

လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ရန်ကုန်မြို့ပြဧရိယာအတွင်း အမြင့်ပေ နှစ်သောင်းလေးထောင်အောက် ပျံသန်းမှုကို ကန့်သတ်တားမြစ်ထားကြောင်း သိရပြီး ယူအေအီးနိုင်ငံ၊ Emirates လေကြောင်းလိုင်း၏ Boeing 777-31H(ER) လေယာဉ်သည် မေ ၂၀ ရက် ညနေ ၆ နာရီ ၅၅ မိနစ်ခန့်က ရန်ကုန်-ဖနွမ်းပင်ခရီးစဉ်အတွင်း မြို့ပြလေကြောင်းလိုင်းများ မပျံသန်းရန် ကန့်သတ်တားမြစ်နယ်မြေဖြစ်သော ရန်ကုန်မြို့ပေါ်မှ ဖြတ်သန်းကာ အနိမ့်ပျံသန်းသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ပျံသန်းသွားခဲ့ခြင်းမှာ ရာသီဥတုအခြေအနေကြောင့်ဖြစ်သည်ဟု ယင်းလေယာဉ်၏ လေယာဉ်မှူးက စစ်ဆေးမှုတွင် ပြောဆိုထားကြောင်းလည်း သိရသည်။

“ကန့်သတ်နယ်မြေလို့ သတ်မှတ်ချက်ရှိတယ်၊ ဒီကန့်သတ်နယ်ထဲကို လေယာဉ်က ဝင်သွားတယ်၊ လေယာဉ်က ကန့်သတ်နယ်မြေထဲကို ပျံသန်းဝင်ရောက်တာကို ရေဒါကနေတစ်ဆင့် ချက်ချင်းသိတဲ့အတွက် လမ်းကြောင်းအတိုင်း ပျံသန်းဖို့ လေကြောင်းထိန်းမျှော်စင်ကနေ လေယာဉ်မှူးကို ချက်ချင်းအကြောင်းကြားခဲ့ပါတယ်၊ မနေ့က လေယာဉ်မှူးက Crew Rest လုပ်တဲ့အနေနဲ့ ဒီမှာပဲ နားတယ်၊ လေယာဉ်မှူးကို ဘာကြောင့်ဖြစ်တယ်ဆိုတာကို စစ်ဆေးမေးမြန်းမှုအရ လေယာဉ်တက်ပြီး ခဏအကြာမှာ ရာသီဥတုမကောင်းလို့ လေယာဉ်က ဘယ်ဘက်ချိုးကွေ့ရာကနေ တားမြစ်နယ်မြေထဲ ရောက်သွားတာလို့ ပြောပါတယ်၊ ပြီးတော့ လေယာဉ်မှူးက ခရီးသည်တွေ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ရင်းဖြစ်သွားတယ်လို့လည်း ပြောပါတယ်။

“ဒါပေမယ့် ဘယ်အခြေအနေမျိုးမှာဖြစ်ဖြစ် တားမြစ်ထားတဲ့နေရာကို ဝင်ခွင့်မရှိဘူးလို့ သတ်မှတ်ချက်ရှိပါတယ်၊ နိုင်ငံတကာမှာလည်း ရှိပြီးသားပါ၊ ကျွန်တော်တို့မှာလည်း လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ချက်တွေရှိတဲ့အတွက် ဒီအတိုင်းပဲ ဆောင်ရွက်သွားမှာပါ”ဟု ညွှန်ကြားရေးမှူးက ပြောကြားသည်။

**ရှင်မင်း**



နေပြည်တော် တပ်ကုန်းမြို့နယ် သစ်ဆိမ့်ပင်အုပ်စု ချင်းစုကျေးရွာ ဘုန်းကြီးကျောင်း၌ မေ ၂၁ ရက်က မှူးခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် မူးယစ်ဆေးဝါး ပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ တောင်ပို့သာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဆန်းမင်း ဟောပြောဆွေးနွေးစဉ်။ တင်ထွန်းတာ(တပ်ကုန်း)

# မူးချောင်းတံတားနှင့် မိုင်းချောင်းတံတား တည်ဆောက်ပြီးစီးမှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး



**ဖောင်းပြင် မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့သည် ယနေ့ နေ့လယ်ပိုင်းက ဖောင်းပြင်မြို့နယ် နန်းဘုန်းအုပ်စု နန်းဘုန်းကျေးရွာရှိ မူးချောင်းတံတားသို့ရောက်ရှိကာ တံတား ဦးစီးဌာန တံတားတည်ဆောက်ရေး အဖွဲ့ ၃ က တာဝန်ယူတည်ဆောက်သော မူးချောင်း(သံကူကွန်ကရစ်တံတား) တံတားအရှည် ပေ ၁၃၃၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုင်းချောင်းအုပ်စု မိုင်းချောင်းကျေးရွာရှိ တံတားတည်ဆောက်ရေးအဖွဲ့ ၃ မှ တာဝန်ယူတည်ဆောက်သော မိုင်းချောင်း (သံကူကွန်ကရစ်တံတား) တံတားအရှည် ပေ ၁၀၀၀၊ ယာဉ်သွားလမ်းက အကျယ် ပေ ၂၀ တည်ဆောက်ပြီးစီးမှု အခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ တာဝန်ရှိသူများကို မှာကြားခဲ့သည်။ ဆက်လက်ပြီး အ.ထ.က မိုင်းချောင်းကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့သည်။


အဆိုပါ တံတားနှစ်စင်းသည် (သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး) ဗျူဟာလမ်းပေါ်ရှိ ဖောင်းပြင်မြို့နယ်အတွင်းတွင် တည်ရှိပြီး မုံရွာမြို့မှ ဖောင်းပြင်မြို့သို့ မိုးတွင်းကာလသွားလာရာတွင် အခက်အခဲအဟန့်အတားဖြစ်နေသော ချောင်းကျယ်ကြီးများပေါ်တွင် တည်ဆောက်ထားသော တံတားများဖြစ်ကြောင်း၊ ယခုအခါ နွေ၊ မိုး၊ ဆောင်း သွားလာရေး လွယ်ကူသွားပြီဖြစ်ကြောင်း နန်းဘုန်းကျေးရွာမှ ဒေသခံပြည်သူတစ်ဦးထံမှ သိရသည်။ **ဖောင်းပြင် (ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီး

**နေပြည်တော် မေ ၂၂**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ နေပြည်တော်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မိုး/ဇလ**

## ဘဏ္ဍာရေးနှစ်အလိုက် မြန်မာနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲအခြေအနေ




# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ မတ်လနှင့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ ဧပြီလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

**နေပြည်တော် မေ ၂၂**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ မတ်လအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၀၉ ဒသမ ၁၄၆ သန်းနှင့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ ဧပြီလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၀၉၉ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ မတ်လနှင့် ၂၀၁၈ ခုနှစ် (ဧပြီလ မှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ ဧပြီလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | မတ်လ | | ဧပြီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၁ | ၁၅၇.၄၄၀ | - | - |
| (ခ) | စက်မှုကဏ္ဍ | ၁၀ | ၉၇.၃၀၆* | ၂ | ၂၁.၅၃၉* |
| (ဂ) | အိမ်ရာအဆောက်အဦကဏ္ဍ | - | ၁၂၇.၅၄၀* | ၁ | ၂.၈၈၀ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁ | ၂၀.၀၆၀* | - | ၀.၃၀၀* |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁ | ၂.၀၀၀ | - | - |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၄.၈၀၀ | ၁ | ၁၇.၁၅၀ |
| (ဆ) | စက်မှုဇုန် တည်ဆောက်မှုကဏ္ဍ | - | - | - | ၅.၃၃၀* |
| | စုစုပေါင်း | ၁၅ | ၄၀၉.၁၄၆ | ၄ | ၄၇.၀၉၉ |

***ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ မတ်လအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၃၄၅၃၅၃ ဒသမ ၅၂၀ သန်းနှင့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ ဧပြီလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၆၃၈၇၈၅ ဒသမ ၆၉၇ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ မတ်လနှင့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ ဧပြီလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | မတ်လ | | ဧပြီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၁ | ၃၆,၀၀၀.၀၀၀ | - | - |
| (ခ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ | ၁ | ၂,၄၁၈.၆၄၀ | ၃ | ၁၇၇,၃၂၂.၁၀၉ |
| (ဂ) | စက်မှုကဏ္ဍ | ၈ | ၁၁၀,၉၃၃.၆၃၀ | ၆ | ၇၅,၇၅၈.၃၆၅ |
| (ဃ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၁ | ၆၅,၀၅၂.၆၆၀ | - | - |
| (င) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂ | ၃၉,၀၈၀.၀၀၀ | ၅ | ၃၅,၁၀၂.၇၃၃ |
| (စ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၁ | ၉၆၂.၀၀၀ | ၁ | ၆၆,၄၃၅.၆၆၀ |
| (ဆ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | - | ၂ | ၈,၀၇၀.၀၃၀ |
| (ဇ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃ | ၉၀,၉၀၆.၅၉၀ | ၆ | ၂၇၆,၀၉၆.၈၀၀ |
| | စုစုပေါင်း | ၁၇ | ၃၄၅,၃၅၃.၅၂၀ | ၂၃ | ၆၃၈,၇၈၅.၆၉၇ |

***ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ မတ်လနှင့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ ဧပြီလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | မတ်လ | ဧပြီလ |
| (က) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၂၄ | - |
| (ခ) | စက်မှုကဏ္ဍ | ၄,၈၉၅ | ၁,၅၄၈ |
| (ဂ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၄၇ | - |
| (ဃ) | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | ၇၆ | - |
| (င) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ | - | ၇၀ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃၅၃ | ၂၈ |
| | စုစုပေါင်း | ၅,၃၉၅ | ၁,၆၄၆ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ မတ်လနှင့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်၏ ဧပြီလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | မတ်လအတွင်း | ဧပြီလအတွင်း |
| (က) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | ၄၃ |
| (ခ) | စက်မှုကဏ္ဍ | ၃,၁၄၉ | ၇၆၉ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂၂၉ | ၆၃၆ |
| (ဃ) | အိမ်ရာနှင့် အဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁၂ | ၃၈၈ |
| (င) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၃၂ | ၇၆၀ |
| (စ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၂၀ | - |
| (ဆ) | စက်မှုဇုန် တည်ဆောက်မှုကဏ္ဍ | ၂၀၂ | - |
| (ဇ) | အခြားဝန်ဆောင်မှု ကဏ္ဍ | ၂,၁၈၂ | ၂၂၅ |
| | စုစုပေါင်း | ၅,၈၂၆ | ၂,၈၂၁ |

**သတင်းစဉ်**

## ဓာတ်အားအပြည့်အဝရရေး လက်ပံတန်း၌ ဆောင်ရွက်

**လက်ပံတန်း မေ ၂၂**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာ ဦးအောင်စိုးနှင့် ဝန်ထမ်းများသည် မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာ ၁၂ ရွာတို့အား လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရန် 10 MVA ပင်မဓာတ်အားခွဲရုံမှ မြို့တွင်း လမ်းမတော်တစ်လျှောက် ၁ ဒသမ ၄ မိုင်အား KV လိုင်းဟောင်း အပြင်12M ကွန်ကရစ်တိုင်နှင့် S.A.C $95mm^2$ အမျိုးအစားကြိုးများဖြင့် တိုးချဲ့၍ မေ ၁၉ ရက်က ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **အောင်ဆင့်**

### *ကျော့ဖုံးမှ*

ဇွန်မိုးအောင်၊ သီဟထက်အောင်၊ စိုင်းမင်းထွန်း၊ သက်လွင်ဝင်း၊ ဒုတိယပိုင်းတွင် သန်းထက်အောင်၊ မောင်မောင်ဝင်း တို့က ဦးဆောင်ခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် စခန်းဝင်လေ့ကျင့်ရက် တစ်ပတ်ကျော်တွင် ပထမဆုံးကစားသည့် ခြေစမ်းပွဲဖြစ်ပြီး အသင်းလိုက် ကစားပုံလိုအပ်ချက်များ ရှိသေးသော်လည်း အားကုန်ထုတ်ကစားခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်ကစားနိုင်ခဲ့ပြီး စိုင်းမင်းထွန်းက ဇွဲကပင်အတွက် ဦးဆောင်ဂိုးစတင်သွင်းယူခဲ့ကာ ပထမပိုင်းမပြီးခင်မှာပင် ရဲရင့်အောင်က ယူ-၁၉ အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာယူ-၁၉ အသင်းက ပိုဖိကစားခဲ့ပြီး ပယ်နယ်တီမှ ပြန်လျှံထွက်လာသော ဘောလုံးကို ရဲလင်းထက်က ပိတ်သွင်းယူခဲ့၍ ဒုတိယဂိုးရခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ဇွဲကပင်အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့ပြီး မြတ်ကျော်မိုးဦးက ချေပဂိုးပြန်သွင်းကာ အနိုင်ဂိုးကိုမူ သန်းထက်အောင်က သွင်းယူပေးခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် ဒုတိယ ခြေစမ်းပွဲအဖြစ် မေ ၂၄ ရက်တွင် ရတနာပုံအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှ အဆက်)*

၆။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊

(ခ) ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် မူဝါဒများ ချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ မူဝါဒများ ချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ရေးနှင့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ အကြံပြုချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(စ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးအတွက် လမ်းညွှန်ခြင်း၊

(ဆ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ၊ အသိပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊

(ဇ) ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ရာတွင် ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)အရ အယူခံမှုအပေါ် စိစစ်ဆုံးဖြတ်ခြင်း။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ၊ စီမံအုပ်ချုပ်လုပ်ကိုင်မှု အထောက်အကူပြုရေးနှင့် စပ်လျဉ်းသည့် ကော်မတီများကို လိုအပ်ပါက ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခြင်းနှင့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်း

၈။ သဘာဝထိန်းသိမ်းရေး နယ်မြေအမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သိပ္ပံကြိုးဝိုင်း၊

(ခ) အမျိုးသားဥယျာဉ်၊

(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်၊

(ဃ) သဘာဝကြိုးဝိုင်း၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊

(စ) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ၊

(ဆ) ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ။

၉။ ဝန်ကြီးဌာနသည် -

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မည်သည့်ဒေသတွင်မဆို ဤဥပဒေ၏ ရည်ရွယ်ချက် အလို့ငှာ လိုအပ်လျှင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍-

(၁) သဘာဝထိန်းသိမ်းရေးနယ်မြေများကို အမျိုးအစားအလိုက် သတ်မှတ်နိုင်သည်။

(၂) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များကို တည်ထောင်နိုင်သည်။

(ခ) သစ်တောနယ်မြေမှအပ အခြားအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသောမြေတွင် ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်လိုပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်း၏ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေတွင် ပုဒ်မခွဲ(က)အရ သတ်မှတ်တည်ထောင်လိုပါက တည်ဆဲဥပဒေနှင့်အညီ မြေသိမ်းယူရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) မည်သည့်နယ်မြေ၊ မည်သည့်နယ်နိမိတ်အတွင်း ပုဒ်မခွဲ(က)အရ သတ်မှတ်တည်ထောင်ရန် ရည်ရွယ်ကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကြိုတင်ကြေညာရမည်။

(င) ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဒေသခံတိုင်းရင်းသား ပြည်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။

၁၀။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၉ အရ သတ်မှတ်ထားသည့် သဘာဝထိန်းသိမ်းရေး နယ်မြေတစ်ခု၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အမျိုးအစားပြောင်းလဲသတ်မှတ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၉ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၁။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၉ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တစ်ခုချင်းအလိုက် ကြီးကြပ်ကွပ်ကဲရန် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၉ အရ သတ်မှတ်တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စီစဉ်ဆောင်ရွက်ပေးရမည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်-

(က) သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်း သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်းတို့ကို နယ်မြေသတ်မှတ်၍ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ခ) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းသို့ ပြင်ပပတ်ဝန်းကျင်မှ အန္တရာယ် မကျရောက်စေရန်နှင့် ထိခိုက်နှောင့်ယှက်မှုများ မရှိစေရန် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ပြည်ပနိုင်ငံများရှိ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များနှင့် လဲလှယ်ခြင်း သို့မဟုတ် လက်ခံရယူခြင်း ပြုလုပ်နိုင်သည်။

(ဃ) သဘာဝထိန်းသိမ်းရေး နယ်မြေများအတွင်းရှိ ဂေဟစနစ်အတွင်း မှရရှိသည့် ဂေဟစနစ် ဝန်ဆောင်မှုများအပေါ် အခကြေးငွေပေးဆောင်စေခြင်း စနစ်ကို သတ်မှတ်နိုင်သည်။

(င) ဒေသခံပြည်သူများ၏ လူမှုစီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ ရေရှည်တည်တံ့ရေးကို ဟန်ချက်ညီစွာ ဖော်ဆောင်နိုင်သည့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုကို ခွင့်ပြုနိုင်သည်။

(စ) သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် ဝင်ကြေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများ သတ်မှတ်ကောက်ခံရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဆ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်ပါက အမာခံထိန်းသိမ်းရေးနယ်မြေအား ထိခိုက်မှုမရှိစေဘဲ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အတွင်းတွင် ကြားခံနယ်မြေသတ်မှတ်ပေးရမည်။ သတ်မှတ်ထားသည့် ကြားခံနယ်မြေတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၊ ဒေသခံအခြေပြု ခရီးသွားလုပ်ငန်းနှင့် ဒေသခံများ စီမံအုပ်ချုပ်သည့် အဏ္ဏဝါရေပြင်ဧရိယာအား စီမံအုပ်ချုပ်ခြင်းလုပ်ငန်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးနိုင်သည်။

(ဇ) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့်စပ်ဆိုင်သော လုပ်ငန်းရပ်များအတွက် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်လိုကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားလာခြင်းကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့်စပ်ဆိုင်သော လုပ်ငန်းရပ်များအတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဇ) အရ ခွင့်ပြုချက်ကို ထုတ်ပေးသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များကိုပါ တစ်ပါတည်း ထုတ်ပြန်သတ်မှတ်ပေးရမည်။

၁၅။ (က) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအခြေခံ ခရီးသွား လုပ်ငန်းနှင့် စပ်ဆိုင်သော လုပ်ငန်းရပ်များအတွက် လုပ်ကိုင်လိုကြောင်း လျှောက်ထားသည့်အပေါ် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဇ) အရ ငြင်းပယ်ခြင်းကို ကျေနပ်မှုမရှိသူသည် ငြင်းပယ်ခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံဝင်ရောက်ရာတွင် ကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၁၆။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း တောရိုင်းတိရစ္ဆာန်များ ရေရှည်တည်တံ့နေစေရေးအတွက် ဦးရေအမျိုးအစားနှင့် အချိုးအစားမျှတစေရန်နှင့် မျိုးရိုးဗီဇရောယှက်ခြင်း မဖြစ်စေရန် ဖမ်းဆီးခြင်း၊ သုတ်သင်ခြင်းပြုရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်အတွင်း ကြည့်ရှုလေ့လာ အပန်းဖြေသူများက လိုက်နာရမည့် စည်းကမ်းချက်များကို အများပြည်သူ သိရှိရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို စီမံအုပ်ချုပ်ရန် သစ်တောအရာရှိ သို့မဟုတ် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအား အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

၁၇။ သစ်တောဦးစီးဌာနသည် ကော်မတီကဖြစ်စေ၊ ဝန်ကြီးကဖြစ်စေ ချမှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သိပ္ပံကြိုးဝိုင်းအတွင်း သဘာဝသိပ္ပံဆိုင်ရာ ဖြစ်စဉ်ပြောင်းလဲမှုများကို သုတေသန ပြုလုပ်နိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(ခ) အမျိုးသားဥယျာဉ်အတွင်း ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် သဘာဝအနေအထားကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ သုတေသနပြုလုပ်နိုင်ရန်နှင့် အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် ခွင့်ပြုခြင်း၊

(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားနေသော သတ္တဝါများနှင့် ယင်းတို့၏ နေရင်းဒေသများ၊ သန္တာကျောက်တန်းများ၊ ကျောက်ပန်း ကျောက်ခက်များ၊ ရေညှိရေမှော်များ၊ ရေအောက်အပင်များ၊ ကမ်းခြေတစ်လျှောက်နှင့် မြစ်ဝများတွင် ပေါက်ဖွားကျက်စားနေသော တောရိုင်းတိရစ္ဆာန်များနှင့် ယင်းတို့၏ နေရင်းဒေသများကို သဘာဝအတိုင်း တည်ရှိနေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(ဃ) သဘာဝကြိုးဝိုင်းအတွင်း ထူးခြားထင်ရှားသော သဘာဝအပင်များနှင့် သဘာဝအတိုင်း ဆင့်ကဲဖြစ်ပေါ်နေသော ဂေဟစနစ်များ ရေရှည်တည်တံ့နေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(င) တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း တောရိုင်းတိရစ္ဆာန်များ အနှောင့်အယှက် ကင်းရှင်းစွာ ကျက်စားနိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသော ငှက်များ ရောက်ရှိရာ၊ ရပ်နားရာ၊ ပေါက်ဖွားရာ ဒေသများနှင့် ရေဝပ်ဒေသများကို ထိန်းသိမ်းရေးအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပ အစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေအတွင်း ထူးခြားလှပသော သဘာဝအနေအထားများနှင့် ရိုးရာဓလေ့များဖြင့် ထင်ရှားသည့်ဒေသများကို ထိန်းသိမ်းခြင်း၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက စီမံခန့်ခွဲသော ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

၁၈။ အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နေ့စဉ် စီမံခန့်ခွဲအုပ်ချုပ်မှု လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း၊

(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာ စီမံအုပ်ချုပ်ခြင်း၊

(ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်များ အတွင်းရှိ တိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်တို့၏ တည်ရှိဖြစ်ပေါ်ပြောင်းလဲနေမှုများကို ကွင်းဆင်းလေ့လာ ဖော်ထုတ်သုတေသနပြုမှတ်တမ်းတင်ခြင်း၊

(ဃ) ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ပညာပေးလုပ်ငန်းများကို ပြည်သူများအား စည်းရုံးပညာပေး၍ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း၊

(င) သဘာဝထိန်းသိမ်းရေးနယ်မြေ၏ အမာခံထိန်းသိမ်းရေးနယ်မြေကို မထိခိုက်စေဘဲ ကြားခံနယ်မြေအတွင်း ဒေသခံပြည်သူတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံ၍ ထိရောက်စွာ စီမံအုပ်ချုပ်ခြင်း၊

(စ) မြေအသုံးချမှုဆိုင်ရာ ပဋိပက္ခနှင့် အခြားပဋိပက္ခများ ကြုံတွေ့လာပါက အထက် အဆင့်ဆင့်သို့ တင်ပြခြင်း၊

(ဆ) သဘာဝထိန်းသိမ်းရေးနယ်မြေရှိ ကြားခံနယ်မြေအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဇ) ဒေသခံပြည်သူများပူးပေါင်းပါဝင်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုအတွက် နည်းပညာနှင့်ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

## အခန်း (၅)
## ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ

၁၉။ သစ်တောဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်-

(က) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်း

*(ဆက်လက်ဖော်ပြပါမည်)*

# ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား လာရောက်တွေ့ဆုံ



စစ်တွေ မေ ၂၂

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား ကိုရီးယားနိုင်ငံ BXT International ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ Mr. Steve Park ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ်ညွှန့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။** (ယာပုံ)

ထိုသို့ တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း ပုစွန်မွေးမြူရေးလုပ်ငန်းများအား အဆင့်မြှင့်နည်းပညာများဖြင့် မွေးမြူနိုင်ရေးအတွက် နည်းပညာအထောက်အပံ့ပေးနိုင်ရေး၊ ထိုင်းနိုင်ငံမှ ပုစွန်သားဖောက်များမှာယူပြီး ပြည်နယ်အတွင်း မွေးမြူနိုင်ရေးနှင့် ထွက်ရှိလာသော ရေထွက်ကုန်ပစ္စည်းများအား အရည်အသွေးကောင်းမွန်စွာဖြင့် ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပြည်ပသတင်းမီဒီယာများပါဝင်သည့် သတင်းအဖွဲ့ မောင်တောဒေသ၌ သတင်းရယူ

**မောင်တော မေ ၂၂**

ပြည်ပသတင်းမီဒီယာများပါဝင်သည့် သတင်းမီဒီယာအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ အမြန်ရေယာဉ်ဖြင့် ရသေ့တောင်မြို့နယ် အင္ဂူမော်ဆိပ်ကမ်းသို့ ရောက်ရှိကြသည်။

သတင်းမီဒီယာအဖွဲ့သည် မော်တော်ယာဉ်များဖြင့် အင်းဒင်ကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံမေးမြန်းသတင်းရယူကြသည်။


ထို့နောက် သတင်းအဖွဲ့သည် မောင်တောမြို့နယ် ကိုင်းကြီး(မြို)ရွာသို့ ရောက်ရှိပြီး ကျေးရွာတာဝန်ခံ ဦးစံထွန်းနှင့် တွေ့ဆုံကာ ကိုင်းကြီးကျေးရွာ အကြမ်းဖက်တိုက်ခိုက်ခံရမှု၊ ကိုင်းကြီး(မြို) ကျေးရွာသစ်တည်ဆောက်ပြီးစီးမှု၊ စားနပ်ရိက္ခာအခြေအနေတို့ကို တွေ့ဆုံမေးမြန်းသတင်းရယူကြသည်။

ယင်းနောက် သတင်းအဖွဲ့သည် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ခရိုင်အုပ်ချုပ်ရေးမှူးက မောင်တောဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ မောင်တောဒေသပြန်လည်ထူထောင်ရေးဆိုင်ရာများ၊ ၂၀၁၆ ခုနှစ် မောင်တောဒေသအတွင်း ARSA အစွန်းရောက် အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်ခဲ့မှုနှင့် အကြမ်းဖက်သတ်ဖြတ်ခံရမှုများ၊ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း အကြမ်းဖက်မှုများ၊ အဆိုပါအကြမ်းဖက်အဖွဲ့များအား တရားဥပဒေနှင့်အညီ တန်ပြန်ဆောင်ရွက်ခဲ့မှုများ၊ ဒေသတွင်းစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ဆောင်ရွက်ထားရှိမှုများ၊ မောင်တောဒေသမှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားရာ သတင်းအဖွဲ့က သိရှိလိုသည်များကို မေးမြန်းကြသည်။



ကညင်တန်းဈေးအတွင်း ဈေးရောင်းဝယ်နေမှုကို သတင်းမီဒီယာအဖွဲ့သတင်းရယူနေစဉ်။



သတင်းမီဒီယာအဖွဲ့ လှဖိုးခေါင်ကြားစခန်း၌ သတင်းရယူနေသည်ကို တွေ့ရစဉ်။

ယင်းနောက် သတင်းအဖွဲ့သည် မော်တော်ယာဉ်များဖြင့် လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိကြသည်။

လှဖိုးခေါင်ကြားစခန်းတွင် စီမံကိန်းတာဝန်ခံ ဦးတင်စိုးက စခန်းတည်ဆောက်ထားရှိမှု၊ မောင်တောဒေသမှ နေရပ်စွန့်ခွာသူများအား စခန်းအတွင်း ပြန်လည်လက်ခံနိုင်ရန် အသင့်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားရာ သတင်းအဖွဲ့က သိရှိလိုသည်များကို မေးမြန်းကြပြီး စခန်းအတွင်း လှည့်လည်သတင်းရယူကြသည်။

ဆက်လက်၍ သတင်းအဖွဲ့သည် မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာသို့ ရောက်ရှိပြီး ပန်းတောပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအန်နိုဝါနှင့် တွေ့ဆုံ၍ ပန်းတောပြင်ကျေးရွာအတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များ၊ နေရပ်စွန့်ခွာသူများ၏ အခြေအနေ၊ ကျေးရွာသစ်တည်ဆောက်ထားရှိမှု၊ NV Card ဆိုင်ရာများ၊ အကြမ်းဖက်ဖြစ်စဉ်အတွင်း ပန်းတောပြင်ကျေးရွာ မီးလောင်ကျွမ်းမှုနှင့် ပန်းတောပြင်ကျေးရွာ၏ လူမှုစီးပွားအခြေအနေများကို မေးမြန်းသတင်းရယူကြသည်။

ထို့နောက် သတင်းအဖွဲ့သည် မောင်တောမြို့ကညင်တန်းဈေးသို့ရောက်ရှိကြပြီး နှစ်ဖက်အသိုက်အဝန်းများအကြား အတူတကွ နေထိုင်သွားလာလှုပ်ရှားမှု အခြေအနေများကို တွေ့ဆုံမေးမြန်း သတင်းရယူခဲ့ကြသည်။

**မင်းမင်းဇော် (သတင်းစဉ်)**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဗဟိုကွင်းဆင်းအဖွဲ့ မောင်တောဒေသသို့ ကွင်းဆင်းသွားရောက် အားဖြည့်ဆောင်ရွက်




**နေပြည်တော် မေ ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်တစ်ဝန်းတွင် ဆေးပညာကျင့်ဝတ်များနှင့်အညီ ခွဲခြားမှုများမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာ၌ သွားလာရခက်ခဲသော နေရာဒေသများသို့ပါ ရွေ့လျားဆေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား ပြန်လည်လက်ခံရာတွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက်ကိုလည်း ပြန်လည်လက်ခံရေးစခန်းများနှင့် ကြားစခန်းများတွင် ဆေးပေးခန်းများ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရခိုင်ပြည်နယ် မောင်တောဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်နေမှုများကို အားဖြည့်ဆောင်ရွက်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းလှိုင်နှင့် ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်တို့ ဦးဆောင်သောကွင်းဆင်းအဖွဲ့သည် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များသို့ မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် သွားရောက်ခဲ့သည်။

ကွင်းဆင်းအဖွဲ့သည် မေ ၂၀ ရက်တွင် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ မေ ၂၁ ရက်တွင် မောင်တောခရိုင် ပြည်သူ့ဆေးရုံသို့လည်းကောင်းရောက်ရှိခဲ့ပြီး ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ သွေးလှူဘဏ်ငယ် တည်ဆောက်နေမှုအခြေအနေများနှင့် လူနာဆောင်များတိုးချဲ့ဆောက်လုပ်နေမှု အခြေအနေများကိုကြည့်ရှု၍ လိုအပ်သည်များကို ပံ့ပိုးပေးခဲ့ပြီး အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

မေ ၂၁ ရက်တွင် ကွင်းဆင်းအဖွဲ့သည် မောင်တောမြို့နယ် တောင်ပြို(လက်ဝဲ) ဆေးရုံသို့ရောက်ရှိခဲ့ပြီး ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာတိုးချဲ့ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှု၍ လိုအပ်သည်များကိုပံ့ပိုးပေးခဲ့ကာ ပြန်လည်ဝင်ရောက်လာသည့်လူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း လိုအပ်ချက်များအား ဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ လှဖိုးခေါင်ကြားစခန်းတွင် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား ပြန်လည်လက်ခံရာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ဆေးပေးခန်းများ ပြင်ဆင်ထားရှိမှု၊ သားဖွားခန်းစီစဉ်ထားရှိမှုနှင့် ဆေးအဖွဲ့များ အသင့်ပြင်ဆင်ထားရှိမှုစသည်များအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပံ့ပိုးပေးခဲ့သည်။

ထို့အပြင် ကွင်းဆင်းအဖွဲ့သည် ခရီးစဉ်အတွင်း မောင်တောဒေသရှိ ကျေးရွာများ၌ ရွေ့လျားဆေးအဖွဲ့များဖြင့် ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်း ကြည့်ရှုစစ်ဆေး၍ ပံ့ပိုးအားဖြည့်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိန်ပင်အမှိုက်ပုံ မီသိန်းဓာတ်ငွေ့ လျှော့ချရေး နေ့စဉ်စောင့်ကြည့်ဆောင်ရွက်နေ

ရန်ကုန် မေ ၂၂

**မီးလောင်မှုဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံကို ယခုအခါ နေ့စဉ်စောင့်ကြည့်လျက်ရှိသည့်အပြင် မီသိန်းဓာတ်ငွေ့လျှော့ချမှုကိုလည်း ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က ပြောကြားသည်။**

**မီသိန်းဓာတ်ငွေ့လျှော့ချမှုတွေ လုပ်နေ**

"လက်ရှိမှာတော့ မီးငြိမ်းသွားပြီဆိုပေမယ့် အမှိုက်ပုံက မီသိန်းထွက်ရှိမှုကြောင့် နေ့စဉ်စောင့်ကြည့်မှုတွေ လုပ်နေပါတယ်၊ မီးလောင်ပြင်က တစ်ခုလုံးဆိုရင် ဧက ၁၅၀ လောက်ရှိတယ်၊ အပြင်ကို မီသိန်းဓာတ်ငွေ့တွေ ထွက်လို့မရဘူး ဖြစ်နေတာကြောင့် မီသိန်းထွက်လို့ရအောင် အမှိုက်ပုံကိုလေးထောင့်ပုံသဏ္ဌာန် ဖြတ်လမ်းလေးတွေဖောက်ပြီး မီသိန်းဓာတ်ငွေ့လျှော့ချမှုတွေ လုပ်နေပါတယ်"ဟု ဒေါက်တာအောင်မြင့်မော်က ပြောသည်။

ဆက်လက်၍ ၎င်းက"ဧက ၁၅၀ ကို ဧက ၅၀ ချင်းစီအပိုင်းလိုက် ခွဲခြားဆောင်ရွက်နေပါတယ်၊ အခုဆိုရင် မီးလောင်မှုဖြစ်ထားတဲ့အထဲက ဧက ၅၀ ကိုစတင်ဆောင်ရွက်နေပါပြီ၊ အခုလိုလုပ်ခြင်းအားဖြင့် အမှိုက်ပုံဟာ ပေါင်မုန့်တုံးပုံသဏ္ဌာန်လေးထောင့် အကွက်လေးတွေဖြစ်သွားလို့ အပြင်ဘက်ကို မီသိန်းဓာတ်ငွေ့ထွက်နှုန်းတွေပိုပြီး အားကောင်းသွားနိုင်မှာဖြစ်ပါတယ်၊ အမှိုက်ပုံအထဲထဲမှာ မီသိန်းခိုအောင်းမှုလည်း အားနည်းသွားမှာပါ"ဟု ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် စည်ပင်သာယာဝန်ထမ်း ၁၀၀


ထိန်ပင်အမှိုက်ပုံရေိယာအတွင်း စက်ယန္တရားများအသုံးပြုပြီး ကွန်ကရစ်လမ်းခင်းရန် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။


ထိန်ပင်အမှိုက်ပုံရေိယာအတွင်း ကျောက်သားလမ်းခင်းရန် ဆောင်ရွက်နေစဉ်။

ခန့်နှင့်အတူ စက်ယန္တရားကြီးများကိုအသုံးပြုပြီး ကွန်ကရစ်လမ်းခင်းခြင်း၊ ကျောက်သားလမ်းခင်းခြင်းတို့အပြင် မြေသားလမ်းနှင့် အမှိုက်လမ်းဖောက်လုပ်ခြင်းတို့ကို အပိုင်းလိုက်ဆောင်ရွက်နေကြောင်း သိရသည်။

**စီစဉ်ဆောင်ရွက်ထား**

အမှိုက်ပုံကိုပတ်၍ ဖောက်လုပ်ထားသောရေမြောင်းများကို မိုးရေတင်ရှိစေရအောင် စီစဉ်ဆောင်ရွက်ထားသည့်အပြင် ယင်းကဲ့သို့ ဆောင်ရွက်မှုမျိုးကို မီးမလောင်သည့် အမှိုက်ပုံနေရာနှင့် အသစ်စွန့်ပစ်သည့် အမှိုက်ပုံနေရာတို့တွင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရခြင်းမှာ သွားလာမှုလွယ်ကူစေရန်နှင့် မီသိန်းဓာတ်ငွေ့များလျော့ကျစေရန်အပြင် ထိုကဲ့သို့ မီးလောင်မှုမျိုး ထပ်မံမဖြစ်ပွားစေရန်တို့အတွက်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယခုအခါ အဆိုပါ အမှိုက်ပုံကို စည်ပင်သာယာမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ စည်ပင်သာယာဝန်ထမ်း ၄၀ တို့က မီးငြိမ်းသတ်ယာဉ်လေးစီးနှင့် နေ့စဉ်စောင့်ကြည့်နေသကဲ့သို့ မီသိန်းဓာတ်ငွေ့လျှော့ချရေးအတွက်လည်း စည်ပင်သာယာဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မီးငြိမ်းသွား**

ထိန်ပင် အမှိုက်ပုံမီးလောင်မှုသည် ဧပြီ ၂၁ ရက်မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူတို့နှင့် အတူ ပူးပေါင်းအင်အား ၁၀၀၀ ကျော်ဖြင့် ဝိုင်းဝန်း ငြိမ်းသတ်ခဲ့မှုကြောင့် မီးလောင်မှုဖြစ်ပွားပြီး ၁၂ ရက်အကြာ မေ ၂ ရက်ညပိုင်းတွင် မီးငြိမ်းသွားခဲ့ခြင်း ဖြစ်သည်။

မီးလောင်မှုဖြစ်ပွားနေစဉ်အတွင်း အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မဟာဗျူဟာအရ ဧပြီ ၂၉ ရက်မှ စတင်၍ (A,B,C,D)ဇုန်များ ပိုင်းခြားသတ်မှတ်ကာ တစ်ရက်လျှင် တစ်ဇုန်နှုန်းဖြင့် ငြိမ်းသတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

## စစ်တွေမြို့ မြို့မစည်ပင်ဈေးသစ်ဆောက်လုပ်ရန်အတွက် အိမ်နှင့် မြေရေိယာဆုံးရှုံးသူများအား မြေယာလျော်ကြေးပေးအပ်

**စစ်တွေ မေ ၂၂**

စစ်တွေမြို့ မြို့မစည်ပင်ဈေးသစ်ဆောက်လုပ်ရန် ကျေးပင်ကြီးရပ်ကွက် ကမ်းနားလမ်းနှင့် ဈေးကြီးလမ်းထောင့်ရှိ သိမ်းဆည်းခံခဲ့ရသောနေအိမ်နှင့် မြေဆုံးရှုံးသူများအား လျော်ကြေးပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် စစ်တွေမြို့ မင်းသူရိယခန်းမ၌ ကျင်းပသည်။




မြေယာလျော်ကြေးပေးအပ်ပွဲတွင် ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး စစ်တွေခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်က မြေယာလျော်ကြေးပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ဦးဝင်းမြင့်က နေအိမ်နှင့်မြေဆုံးရှုံးသူ ဦးမြသာပါ ၁၇ ဦးထံသို့ မြေယာလျော်ကြေး ဒုတိယအကြိမ် ငါးဆယ်ရာခိုင်နှုန်းတစ်ဦးလျှင် ငွေကျပ်သိန်းတစ်ထောင်စီကို ပေးအပ်သည်။

ထို့နောက် မြေယာလျော်ကြေးလက်ခံရရှိသူများကိုယ်စား ဦးမောင်သာဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ကြမ်းပိုးဆေးနံ့ရှူမိပြီး အသက်ရှူကျပ်၍ စာကျက်ဝိုင်းမှ ကျောင်းသူများ ဆေးကုနေရ

**ထားဝယ် မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာ ဘော်ကုန်းရပ်ရှိ အထက်တန်းပြဆရာမတစ်ဦး၏နေအိမ် စာကျက်ဝိုင်းတွင် မေ ၂၀ ရက် ညပိုင်းက စာကျက်နေသော ကျောင်းသူများ ကြမ်းပိုးဆေးအနံ့ရှူရှိုက်မိ၍ အသက်ရှူကျပ်ဝေဒနာခံစားရသဖြင့် ရဲကျေးရွာ ရဲတိုက်နယ်ဆေးရုံမှ ထားဝယ်ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း သိရသည်။



ဖြစ်စဉ်မှာ အဆိုပါကျေးရွာရှိ ဆရာမတစ်ဦး၏နေအိမ်၌ ၁၀ တန်း ကျောင်းသူ ၁၈ ဦး၊ ကိုးတန်း ကျောင်းသူ ၁၅ ဦးတို့ဖြင့် စာကျက်ဝိုင်းဖွင့်ထားပြီး မေ ၂၀ ရက် နံနက်ပိုင်းက နေအိမ်အပေါ်ထပ်တွင် ကြမ်းပိုးဆေးများ ဖျန်းထားခဲ့ရာ ည ၈ နာရီခန့်တွင် ကျောင်းသူများ နေအိမ်အပေါ်ထပ်၌ စာကျက်နေစဉ် ဆရာမတစ်ဦးနှင့် ကျောင်းသူ ၁၈ ဦးတို့မှာ အသက်ရှူကျပ်ဝေဒနာခံစားရသဖြင့်၊ ရဲကျေးရွာ ရဲတိုက်နယ်ဆေးရုံတွင် ဆရာမတစ်ဦးနှင့် ကျောင်းသူသုံးဦးကို ဆေးကုသမှုခံယူစေပြီး ထားဝယ်ဆေးရုံသို့ကျောင်းသူ ၁၅ ဦးကို တင်ပို့ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

ရဲတိုက်နယ်ဆေးရုံတွင် ကုသမှုခံယူနေသော ဆရာမတစ်ဦးနှင့် ကျောင်းသူသုံးဦးတို့သည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာ၍ မေ ၂၁ ရက် နံနက်ပိုင်းက ဆေးရုံမှဆင်းခွင့်ရခဲ့ကြောင်း သိရှိရပြီး ထားဝယ်ဆေးရုံ၌ ကျောင်းသူ ၁၅ ဦးမှာ ကျန်းမာရေးသက်သာလာပြီး ဖြစ်သော်လည်း ဆက်လက်စောင့်ကြည့်လျက် ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဂွမြို့၌ လျှပ်စစ်ဓာတ်အားလိုင်းပြုပြင်မည် ပြုပြင်ချိန်ကာလ ဓာတ်အားပြတ်တောက်မှုရှိမည်ဖြစ်

**ဂွ မေ ၂၂**

ရခိုင်ပြည်နယ် ဂွမြို့၌ ၆၆ ကေဗွီ အသုတ် - ဂွ ဓာတ်အားလိုင်းကို မေ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ရာ ဂွမြို့နယ်အတွင်း နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ အဆိုပါရက်များတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးသုံးစွဲနေသူများ သိရှိနိုင်စေရေးအတွက် မြို့တွင်းသို့ အသံချဲ့စက်ဖြင့် လိုက်လံအသိပေးအကြောင်းကြားသွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရှိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ဖားကန့်မြို့နယ်၌ စွန့်ပစ်မြေစာပုံပြိုကျပြန် ရေမဆေးကျောက်ရှာဖွေသူ တစ်ဦးသေဆုံး

**ဖားကန့် မေ ၂၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင်ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဘဇံချောက်ကျေးရွာအနီးရှိ တစ်သုံးလုံးကုမ္ပဏီအဟောင်းတွင် ယနေ့ နံနက် ၅ နာရီခန့်က စွန့်ပစ်မြေစာပုံပြိုကျ၍ ရေမဆေးကျောက်ရှာဖွေသူတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၅ နာရီခန့်က ဆိပ်မူကျေးရွာအုပ်စု ဘဇံချောက် ကျေးရွာအနီး တစ်သုံးလုံးကုမ္ပဏီ အဟောင်းရှိ အမြင့်ပေ ၅၀ ခန့်မှ စွန့်ပစ်မြေစာပုံပြိုကျခဲ့ရာ ရေမဆေးကျောက်ရှာဖွေသူ ဆိပ်မူကျေးရွာ ရပ်ကွက် ၄ နေ ဦးချုံရှင်း(၅၈ နှစ်) ၏အပေါ်သို့ မြေစာပုံပိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

မြေစာပုံပြိုကျရာနေရာသို့ ဖားကန့်မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဆိပ်မူကျေးရွာမီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ သင်္ဂြိုဟ်လူမှုကူညီရေး အသင်းတို့မှ ရှာဖွေကယ်ဆယ်ရေးများ လုပ်ဆောင်ကာ သေဆုံးသည့် ရုပ်အလောင်းကို ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ချင်းပြည်နယ် ဝန်ကြီးချုပ်ဖလား ဟားခါးမြို့နယ် အလွှတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်

**ဟားခါး မေ ၂၂**

၂၀၁၈ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး (TSDP) အစီအစဉ်အရ ချင်းပြည်နယ် ဝန်ကြီးချုပ်ဖလား ဟားခါးမြို့နယ် အလွှတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို မေ ၂၂ ရက် မွန်းလွဲ ၃နာရီခွဲက ဟားခါးမြို့ ဝမ္မသူးမောင်း အားကစားကွင်း၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အဖွင့်အမှာစကားပြောကြားသည်။



အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ့ဘောလုံးအားကစားကို အရှေ့တောင်အာရှနှင့် အရှေ့ဒေသနယ်ပယ်တွင် အောင်မြင်စွာ ရပ်တည်နိုင်ရေးသည် ပြည်သူတစ်ရပ်လုံး၏ လိုလားချက်ဖြစ်သည်နှင့်အညီ ချင်းပြည်နယ်ဘောလုံးအားကစားလောက တိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေး အတွက် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး (TSDP) အစီအစဉ်ဖြင့်ဟားခါးမြို့နယ်အလွှတ်တန်း အမျိုးသားဘောလုံး ပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ်ဘောလုံးသမားများ ပေါ်ထွန်းလာစေရေးအတွက် အခြေခံပြိုင်ပွဲဖြစ်သကဲ့သို့ ထူးချွန်သည့် ဘောလုံးအားကစားသမားများ ပေါ်ထွန်းလာမည်ဟု မျှော်လင့်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ပြိုင်ပွဲဝင်ဘောလုံးအသင်းများအား ဘောလုံးလက်ဆောင်များပေးအပ်ပြီး အသင်းလိုက်ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် အသင်းပေါင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပထမဆုံးပွဲစဉ်အဖြစ် FMC အသင်းနှင့် Hniar Lawn အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဟားခါးမြို့နယ်အလွှတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၂၂ ရက်မှစ၍ ၁၅ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် မြန်မာ ယူ- ၁၉ အသင်းလေ့ကျင့်မှုများ ပြုလုပ်

**ရန်ကုန် မေ ၂၂**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ -၁၉ အသင်းသည် လေ့ကျင့်မှုများ ပြင်းပြင်းထန်ထန်ပြုလုပ်လျက်ရှိသည်။ မြန်မာယူ-၁၉ အသင်းသည် လက်ရှိတွင် ကစားသမား ၂၂ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး ယခင်က ပဏာမ ၃၀ ဖြင့်စတင်ဖွဲ့စည်းခဲ့သော်လည်း ကစားသမားများ လျှော့ချခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် မေ ၁၀ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး ကစားသမားများ၏ ခြေစွမ်းနှင့် အသင်းကစားကွက်ကို စမ်းသပ်ရန် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ ယခုတစ်ပတ်တွင် ပြည်တွင်းပွဲအချို့ ရက်ပြောင်းလဲကျင်းပမည်ဖြစ်သောကြောင့် ယင်းအသင်းများနှင့် ခြေစမ်းပွဲကစားရန် စီစဉ်ထားပြီး သုံးပွဲဆက်ကစားမည်ဖြစ်သည်။

မြန်မာယူ- ၁၉အသင်းသည် ငါးရက်အတွင်း ခြေစမ်းပွဲသုံးပွဲကစားမည်ဖြစ်ပြီး မေ ၂၂ ရက်တွင် ဇွဲကပင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ကာ မေ ၂၄ ရက်တွင် ရတနာပုံအသင်း၊ မေ ၂၆ ရက်တွင်ဟံသာဝတီအသင်းနှင့် ထပ်မံကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ခြေစမ်းပွဲသုံးပွဲအပြီးတွင် ကစားသမားများ အင်အားဖြည့်တင်းမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက“ ကစားသမားတွေရဲ့ကြံ့ခိုင်မှုအပိုင်းကို ဦးစားပေးပြီးနည်းစနစ်နဲ့ နည်းဗျူဟာတွေကိုပါ ပူးတွဲလေ့ကျင့်နေပါတယ်၊ ကစားသမား ၃၀ နဲ့ စတင်လေ့ကျင့်ခဲ့ပေမယ့် အခု ၂၂ ဦးပဲ ကျန်ပါတော့တယ်၊ လာမယ့်ရက်ပိုင်းမှာ ကစားသမားတွေ အင်အားဖြည့်တင်းဖို့ရှိပါတယ်၊ အသက်မီတဲ့ ကစားသမားတချို့ကို အင်အားဖြည့်တင်းမှာဖြစ်ပြီး ခြေစမ်းပွဲမှာ အသင်းရဲ့ လိုအပ်ချက်၊ အားနည်းချက်တွေအပေါ် မူတည်ပြီး ဖြည့်တင်းဖို့ စီစဉ်နေပါတယ်၊ အသင်းကောင်းတစ်သင်းဖြစ်အောင်တည်ဆောက်နေပြီး ကစားသမားတွေက နိုင်ငံတကာပွဲအတွေ့အကြုံလုံးဝမရှိတာကြောင့် လေ့ကျင့်မှုကို ပြင်းပြင်းထန်ထန် ပြုလုပ်နေပါတယ်၊ MNL ကလပ်အသင်းတွေနဲ့ ကစားမယ့် ခြေစမ်းပွဲတွေက ကျွန်တော်တို့အတွက် အကျိုးရှိမှာပါ”ဟု ပြောကြားခဲ့သည်။



မြန်မာယူ-၁၉ အသင်းကို လူငယ်လိဂ်ပြိုင်ပွဲမှ အလားအလာရှိသည့် ကစားသမားများဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး လူရွေးပွဲသုံးရက်ကြာကျင်းပကာ စနစ်တကျရွေးချယ်ခဲ့ခြင်းလည်း ဖြစ်သည်။

မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဇူလိုင် ၂ ရက်မှ ၁၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-စိုးညွန့်**

# ဘောလုံးဒိုင်လူကြီးများ မှတ်ပုံတင်နိုင်

**ရန်ကုန် မေ ၂၂**

၂၀၁၈-၂၀၁၉ ဘောလုံးရာသီနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းကျင်ပမည့် ဘောလုံးပြိုင်ပွဲများတွင် ပါဝင်တာဝန်ထမ်းဆောင်လိုကြသော ဒိုင်လူကြီးများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးဒိုင်ကော်မတီသို့ တရားဝင်ဆက်သွယ်မှတ်ပုံတင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

တာဝန်ထမ်းဆောင်လိုသော ဒိုင်လူကြီးများအနေဖြင့် ဥက္ကဋ္ဌ ဦးစန်းအောင် ဖုန်း-၀၉၂၅၄၀၀၆၂၃၃၊ အတွင်းရေးမှူး ဦးကျန်းရှိန် ဖုန်း-၀၉၄၂၃၀၀၇၅၇၇နှင့် ကော်မတီဝင်များဖြစ်ကြသော ဦးကျော်မြင့်ညွန့် ဖုန်း-၀၉-၄၄၄၆၉၉၁၁၉၊ ဦးသိန်းဇံတင် ဖုန်း-၀၉-၄၂၁၀၉၂၉၄၁၊ ဦးကျော်အေး ဖုန်း-၀၉-၂၅၀၁၅၁၀၁၁တို့သို့ မေ ၃၁ ရက်ညနေ ၄ နာရီနောက်ဆုံးထား၍ မှတ်ပုံတင်စာရင်းပေးနိုင်ကြောင်း သိရသည်။ **ဘော်ဂါသွေး**

# အင်ဒိုနီးရှား၌ ကျင်းပမည့် အာရှဖူဆယ်ကလပ်ပြိုင်ပွဲ မြန်မာကလပ် VUC အသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၂၂**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၈ အာရှဖူဆယ်ကလပ်ပြိုင်ပွဲတွင်မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် VUC အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာကလပ်အသင်းများအနေဖြင့် ယင်းပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ဩဂုတ် ၁ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အုပ်စုခွဲဝေထားမှုအရ မြန်မာကလပ် VUC အသင်းသည် အိမ်ရှင်အင်ဒိုနီးရှားကလပ် ဗာမို့စ်အသင်း၊ ဂျပန်ကလပ် နာဂိုယာအသင်း၊ တရုတ်ကလပ် ဒါလီယန်ယူအန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စု (ခ) တွင် တိုင်ဆွန်နမ် (ဗီယက်နမ်)၊ အယ်လ်ဒါဖာရာ (ယူအေအီး)၊ နာဖစ်အယ်လ်ဝေ့စ် (အီရတ်)၊ ဂျောင်ဂျူ (တောင်ကိုရီးယား)၊ အုပ်စု (ဂ) တွင် ချောင်ဘူရီ (ထိုင်း)၊ အယ်လ်ဆိုင်လီရာ (ကာတာ)၊ FC EREM (ကာဇက်စတန်)၊ ဗိုင်ပါ (ဩစတြေးလျ)၊ အုပ်စု (ဃ)တွင် ဆန်ဂွန် (အီရန်)၊ ဘီရှသ် (လက်ဘနွန်)၊ AGMK (ဥဇဘက် ကစ္စတန်)၊ ဆီပါ (တာဂျစ်ကစ္စတန်) တို့ ပါဝင်နေသည်။ မြန်မာကလပ်အသင်းများသည် ယခင်က အာဆီယံအဆင့် ဖူဆယ်ကလပ်ပြိုင်ပွဲများသာ ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း ယခုနှစ်မှစ၍ အာရှအဆင့် ပြိုင်ပွဲတွင် စတင်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

မြန်မာဖူဆယ်ကလပ်အသင်းများသည် ယခုနှစ်တွင် အာရှကလပ်ပြိုင်ပွဲနှင့် အာဆီယံကလပ်ပြိုင်ပွဲ နှစ်ခုစလုံး ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၇ ဖူဆယ်လိဂ်ပြိုင်ပွဲရလဒ်အပေါ် မူတည်၍ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဖူဆယ်လိဂ်ပြိုင်ပွဲ ချန်ပီယံဆုရခဲ့သည့် PU အသင်းသည် အသင်းဖျက်သိမ်းသွားသောကြောင့် ဒုတိယဆုရသည့် MIC အသင်းက အာဆီယံကလပ်ပြိုင်ပွဲ၊ VUC အသင်းက အာရှကလပ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဖူဆယ်ကလပ်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ပြီး အီရန်နှင့် ဂျပန်ကလပ် အသင်းများက သုံးကြိမ်စီ ဖိုလ်စွဲထားကာ အအောင်မြင်ဆုံးအသင်းအဖြစ် ဂျပန်ကလပ် နာဂိုယာအသင်းက သုံးကြိမ်ဖိုလ်စွဲထားသည်။ နောက်ဆုံးကျင်းပသည့် ၂၀၁၇ ပြိုင်ပွဲတွင် ထိုင်းကလပ် ချောင်ဘူရီအသင်းက အီရန်ကလပ် ဂီတီအသင်းကို ၃-၂ ဂိုးဖြင့် အနိုင်ရဖိုလ်စွဲခဲ့သည်။ **ရဲရင့်ရှိုင်း**

# မြန်မာအမျိုးသမီးအသင်း တောင်ကြီးခရီးစဉ်နောက်ဆုံးခြေစမ်းပွဲ ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မေ ၂၂**

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် တောင်ကြီးမြို့၌ လေ့ကျင့်နေသည့် မြန်မာအမျိုးသမီးအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် မေ ၂၁ ရက်က ပြည်နယ်အားကစားကွင်း၌ ကယားပြည်နယ် လက်ရွေးစင်ဟောင်း အမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယခုခြေစမ်းပွဲကို ၄၅ မိနစ်နှစ်ပိုင်းသာ ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာအမျိုးသမီးအသင်းသည် ပထမပိုင်းတွင် အရန်ကစားသမားများကို ပွဲထုတ်ခဲ့သည်။

ကယား လက်ရွေးစင်ဟောင်းအသင်းကို လက်ရွေးစင်တိုက်စစ်မှူးဟောင်း နေသူလှိုင်က ဦးဆောင်ခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ မြန်မာအမျိုးသမီးအသင်းသည် ဒုတိယပိုင်းတွင် အမာခံကစားသမားများကိုထည့်သွင်းကစားခဲ့ရာ ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းအတွက် ဂိုးများကို ရီရီဦးက နှစ်ဂိုး၊ ဝင်းသီဂီထွန်း၊ ခင်မိုးဝေနှင့် ခင်မာလာထွန်းတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် တောင်ကြီးခြေစမ်းခရီးစဉ်တွင် သုံးပွဲစလုံးအနိုင်ရခဲ့ပြီး ဟိုပုံးလူငယ် အမျိုးသားအသင်းကို သုံးဂိုး- တစ်ဂိုး၊ တောင်ကြီးမျိုးဆက်သစ်လူငယ် အမျိုးသားအသင်းကို နှစ်ဂိုး- ဂိုးမရှိ၊ ကယားပြည်နယ် လက်ရွေးစင်ဟောင်း အမျိုးသားအသင်းကို ငါးဂိုး-နှစ်ဂိုးတို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် မေ ၂၂ ရက်တွင် တောင်ကြီးမှ မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး ခြေစမ်းပွဲများ ထပ်မံယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# ဗီယက်နမ်တွင် ကျင်းပမည့် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ မြန်မာယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၂၂**

ဗီယက်နမ်နိုင်ငံတွင်မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် lienvetpost bank cup ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် ဘော်လီဘော အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ သိရသည်။

“ကျွန်တော်တို့ယခုလို ဖိတ်ခေါ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတာ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအတွက် အတွေ့အကြုံတွေရတာပေါ့၊ ယခုလေ့ကျင့်ပြင်ဆင်နေတာဒီပြိုင်ပွဲအတွက် မဟုတ်ပါဘူး၊ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်တာ ဖြစ်ပါတယ်၊ ပြိုင်ပွဲမှာ အသင်းခြောက်သင်းပါဝင်မယ်၊ ပတ်လည်စနစ်နဲ့ကစားကြရမှာဖြစ်ပါတယ်၊ ယခင်ဖိတ်ခေါ်ပြိုင်ပွဲတွေမှာ ဆုတံဆိပ်တွေရရှိခဲ့ပြီး အိမ်ရှင်မြန်မာဆီးဂိမ်းမှာလည်း တတိယဆုရရှိခဲ့ပါတယ်” ဟု နည်းပြကိုကျော်စွာဝင်းက ပြောသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲတွင် ဗီယက်နမ်၊ ကာဇက်စတန်၊ တရုတ်၊ထိုင်း၊ အင်ဒိုနီးရှား၊ မြန်မာအသင်းတို့ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အနေဖြင့် အားကစားသမား ၁၂ ဦး၊ နည်းပြ၊ အုပ်ချုပ်သူလေးဦးတို့သည် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင် ဘော်လီဘောလေ့ကျင့်ရေးရုံ၌ လေ့ကျင့်လျက်ရှိပြီး မေ၂၃ ရက်ညပိုင်းတွင်သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**



# ရေတာရှည်၌ မြစိမ်းရောင်ကျေးရွာချေးငွေပေးရန်ထုတ်ယူသည့် ငွေကျပ် ၃၇၅ သိန်းကို ယူဆောင်ထွက်ပြေး



ငွေများ ယူဆောင် ထွက်ပြေး သွားသည့် မင်းဇော်ဦး

**ရေတာရှည် မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မြစိမ်းရောင် ချေးငွေများ ယူဆောင်ထွက်ပြေးမှု ယမန်နေ့က ဖြစ်ပွားခဲ့သည်။

**ငွေကျပ် ၃၇၅ သိန်းထုတ်ယူ**

ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာဖြစ်သော ပိတောက်ခင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကျေးရွာအသင်းဝင် ၁၁၇ ဦးအတွက် တတိယအကြိမ်အဖြစ် ချေးငွေများ ထုတ်ချေးနိုင်ရန် ကျေးရွာဘဏ္ဍာရေး ဆပ်ကော်မတီ(ဥက္ကဋ္ဌ) ဦးမင်းဇော်ဦး၊ ရန်ပုံငွေကြီးကြပ်မှုကော်မတီ(ဥက္ကဋ္ဌ) ဦးကျော်နိုင်၊ အဖွဲ့ဝင် ဦးမင်းမင်းနှင့် မြို့နယ်ကျေးလက်ဦးစီးရုံးမှ ဝန်ထမ်းနှစ်ဦးတို့သည် မေ ၂၁ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ရေတာရှည်မြို့အမှတ် ၃ ရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်မှ ငွေကျပ် ၃၇၅ သိန်းကို ထုတ်ယူခဲ့သည်။

**အမှုဖွင့်တိုင်တန်း**

ထိုသို့ထုတ်ယူပြီးသည့် ငွေများအား ဦးမင်းဇော်ဦးက ငွေထည့်ရန် ယူဆောင်လာသော အနက်ရောင်အိတ်ဖြင့် ထည့်ကာ ဆိုင်ကယ်ရှေ့၌ ခွလျက်တင်၍ ဦးကျော်နိုင်အားနောက်မှ လိုက်ပါစီးနင်းစေပြီး ရွာသစ်ကျေးရွာသို့ ပြန်ရန်ထွက်လာစဉ် ကျေးလက်ဦးစီးဌာန ဝန်ထမ်းနှစ်ဦးမှာ ၎င်းတို့ဆိုင်ကယ်ဖြင့် နောက်မှလိုက်ပါလာခဲ့ကြောင်း၊ ရေတာရှည်မြို့ အမှတ် ၂ ရပ်ကွက်၊ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း အနောက်ဘက်ကပ်လျက်ရှိ ရွှေမြန်မာ ထမင်းဆိုင်ရှေ့အရောက်တွင် ဦးကျော်နိုင်က ဟင်းဝယ်ရန် ဆိုင်ထဲသို့ဝင်ရောက်သွားစဉ် ငွေများယူဆောင်ထားသည့် မင်းဇော်ဦး(၃၇ နှစ်) ရွာသစ်ကျေးရွာနေသူက ဆိုင်ကယ်လေထိုးမည်ဟုဆိုကာ ကားလမ်းအတိုင်း တောင်ဘက်သို့ မောင်းထွက်သွားခဲ့ကြောင်း၊ မည်ကဲ့သို့မျှ ဆက်သွယ်၍မရဘဲ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရ၍ မြို့နယ်ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်က တရားလိုပြုလုပ်ကာ အမှုဖွင့်တိုင်တန်းခဲ့ပြီး ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မြန်မာ့ရုပ်မြင်သံကြား

၂၃ -၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၇း၃၅ | - | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၉း၁၀ | - | ရှမ်းကန်လှုပ်ရှားဘဝများ **ထန်းသမားတို့ဘဝ** |
| ၁၁း၂၀ | - | **ဆိုင်ကယ်မောင်းသူများ ဘေးကင်းဖို့လိုင်စင်ပြုလုပ်စို့** |
| ၁၁း၃၅ | - | ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ် |
| ၁၃း၁၀ | - | ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II) (ပွဲစဉ်-၂) (မန္တလေးမြို့) (ပထမပိုင်း) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၃၅ | - | **၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ** (ပထဝီဝင်ဘာသာရပ်) |
| ၁၇း၀၅ | - | အနုပညာခန်းရိပ်သာ **ဗိုလ်ကလေးတင့်အောင်နှင့်တွေ့ဆုံမေးမြန်းခန်း** |
| ၁၇း၂၀ | - | **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၅၃)** |
| ၁၇း၃၅ | - | MRTV Travelogue |
| ၁၈း၃၅ | - | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ **လူနှင့်စိတ်** |
| ၁၉း၁၅ | - | မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနွံ** (အပိုင်း-၂၃) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - | **မြန်မာပြည်က နေ့ရက်များကို စူစမ်းလေ့လာခြင်း** |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးရာဇဝင်** (အပိုင်း- ၃၇) |
| | - | သုခမရင်ခွင့်အငြိမ့်သဘင် **ရွှေမြန်မာအငြိမ့်** မင်းသမီး-ဝင့်သီရိမွန်၊ လူရွှင်တော်-ဝမ်းတူး၊ ငွေတိုး၊ ရွှေအိုး၊ နောင်ရိုး (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ **မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း** (အပိုင်း-၁၄) |

# တရားမဝင်ကျွန်းပါကေးတုံးများ တင်ဆောင်သည့်ယာဉ် ပိတ်ဆို့ဖမ်းဆီးစဉ် မြောင်းထဲထိုးကျ

**ရန်ကုန် မေ ၂၂**

ရန်ကုန်-မန္တလေး အမြန်လမ်း၌ မေ ၂၀ ရက် ၆ နာရီတွင် တရားမဝင်ကျွန်းပါကေးတုံး တင်ဆောင်လာသည့် အယ်လ်ဖတ်ယာဉ်ကို သစ်တောဝန်ထမ်းများ ပိတ်ဆို့ဖမ်းဆီးရာ ယင်းယာဉ်မှာ မရပ်ဘဲ သစ်တောဝန်ထမ်းများ၏ ယာဉ်ကို တိုက်ပြီး မြောင်းထဲသို့ ထိုးကျစဉ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစည်သူလင်း ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ သတင်းအရ စောင့်ဆိုင်းနေစဉ် မန္တလေးမှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် 4H/----- အယ်လ်ဖတ်ယာဉ်သည် မိုင်တိုင်အမှတ် ၁၉/၃ အရောက်တွင် သံသယရှိဖွယ် တွေ့ရှိသဖြင့် လိုက်လံဖမ်းဆီးရာ အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၂/၂ မိုင် အရောက်တွင် ယင်းယာဉ်မှာ လှည်းကူး-ဖောင်ကြီးလမ်းသို့ မောင်းပြေးရာ ရှေ့ နောက် ပိတ်ဆို့ဖမ်းဆီးစဉ် သစ်တောဝန်ထမ်းများ၏ ယာဉ်ကို အရှိန်ဖြင့်ဝင်တိုက်ပြီး လမ်းဘေးရေမြောင်းအတွင်း ထိုးကျသွားခဲ့သည်။

အဆိုပါ ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား (ပါကေးအကြမ်းတုံး) အချောင်း ၅၅၀ (၁ ဒသမ ၀၁၃၆ တန်) အပါအဝင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တစ်ဦးတို့ကို ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

အဆိုပါ တရားမဝင်တင်ဆောင်လာသောယာဉ်မှ ယာဉ်မောင်း ဖြိုးမင်းသိန်း (၂၄ နှစ်)နှင့် အောင်စိုးသူ (၂၂ နှစ်)တို့အား လှည်းကူးမြို့နယ် အမှတ် ၃ လမ်းဆုံအမြန်လမ်းရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**


**ဓာတ်ပုံ- မင်းထက်**




# မန္တလေးမြို့ မန်းမြန်မာပလာဇာ စတုတ္ထထပ် မီးလောင်မှုဖြစ်

**မန္တလေး မေ ၂၂**

မန္တလေးမြို့ ၂၈ လမ်း ၈၄ လမ်းနှင့် ၈၅ လမ်းကြားရှိ မန်းမြန်မာ ပလာဇာ စတုတ္ထထပ် ပေ ၃၀× ပေ ၅၀ ပတ်လည်နေရာတွင် ရုပ်ရှင်ရုံပြုပြင်ဆဲလုပ်ငန်းခွင်၌ အခန်းမျက်နှာကြက်တွင် အသံလုံစနစ်ပြုလုပ်နေသော အလုပ်သမားခေါင်းဆောင် မင်းအောင်နိုင်နှင့် အလုပ်သမားများက နံနက် ၁၁ နာရီခွဲခန့်တွင် ဝရိန်ဆော်နေရာမှ မီးပွားများ ဖော့ပြားများပေါ် ကျရောက်သဖြင့် မီးခိုးများအူထွက်ကာ ယင်းအခန်းရှိ ဝရိန်ပုံး ဝိုင်ယာကြိုးများ၊ ပိုက်ဆက်ကော်ပုံးများ၊ အသံလုံ လေးလက်မ PPC ရေပိုက်များနှင့် ဖော့ပြားများသို့ ကူးစက်မီးလောင်ခဲ့ပြီး မီးမှာ နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ငြိမ်းသွားကြောင်း သိရသည်။



အဆိုပါ မီးလောင်ရာသို့ တိုင်း၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင်များ၊ ဈေးသူဈေးသားများနှင့် တာဝန်ရှိသူများက အဆင့်မြင့်မီးသတ်ယာဉ်၊ ရေသယ်ယာဉ်တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြပြီး အလုပ်သမားခေါင်းဆောင် မင်းအောင်နိုင်အား သက်ဆိုင်ရာက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဘားအံမြို့နယ်၌ လိုင်စင်မဲ့ယာဉ်ခြောက်စီးနှင့် ဆိုင်ကယ်တစ်စီး သိမ်းဆည်းရမိ

**ဘားအံ မေ ၂၂**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ အိန္ဒုနယ်မြေရဲစခန်းမှူး ရဲအုပ် မင်းအောင်ထွန်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ကျော်ကိုတို့ ဦးစီးအဖွဲ့သည် မေ ၂၂ ရက် နံနက် ၇ နာရီခန့်က စတင်ပြီး ဘားအံ-မြဝတီကားလမ်း အိန္ဒုကျေးရွာအဝင် တိုးဂိတ်တွင် နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ပိုင်ရှင်များ(စိစစ်ဆဲ)ဖြစ်ပြီး လိုင်စင်မဲ့ယာဉ်များဖြစ်သော မော်တော်ယာဉ်ခြောက်စီးနှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး အိန္ဒုနယ်မြေရဲစခန်းက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# ကွတ်ခိုင်မြို့နယ်တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၂**

မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၀ ရက် ညနေ ၆ နာရီက ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာအဝင်လမ်းမပေါ်တွင် ထက်ရှားမောင်းနှင်ပြီး ညွန့်လင်း လိုက်ပါလာသည့် တိုယိုတာကရောင်းယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၂၀ (ဘိန်းဖြူအလေးချိန် ၂ ဒသမ ၄၂ ကီလို)နှင့် ဖုန်းနှစ်လုံးတို့နှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် ထက်ရှား(၂၂ နှစ်)နှင့် ညွန့်လင်း(၃၅ နှစ်)တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ယာဉ်ကြမ်းခင်းအောက် အံ့ဝှက်လုပ်သယ်ဆောင်သည့် ပိတောက်ခွားရွေတုံးများ ဖမ်းမိ


**နေပြည်တော် မေ ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၂၉ စီး၊ သွင်းကုန် ၉၄၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၀၊ သွင်းကုန် ၁၇၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ ဒသမ ၀၉၂ သန်းခန့်၊ မရမ်းချောင်းအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၂၉၀ သန်းခန့် စုစုပေါင်း တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃ ဒသမ ၃၈၂ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားသည့် ဖမ်းဆီးမှုအနေဖြင့် မေ ၂၀ ရက်တွင် မူဆယ်နှင့် မန္တလေးမြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင် မော်တော်ယာဉ် တစ်စီးအား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်၏ အောက်ကြမ်းခင်း၌ အံ့ဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွားရွေ ၂၄ တုံး၊ ၀ ဒသမ ၅၀၄၈ တန်၊ ပိတောက်ခွဲသားအပိုင်းအစ ၁၉၅ ချောင်း၊ ၀ ဒသမ ၁၈၉၀ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂ ဒသမ ၀၉၂ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပါကစ္စတန်နိုင်ငံ ကရာချိ၌ လူ ၆၅ ဦးထက်မနည်း အပူရှပ် သေဆုံး

**ကရာချိ မေ ၂၂**
ပါကစ္စတန်နိုင်ငံ တောင်ဘက်ဆိပ်ကမ်းမြို့ ဖြစ်သော ကရာချိမြို့တွင် လွန်ခဲ့သည့် သုံးရက်အတွင်း အပူချိန် ၄၄ ဒီဂရီစင်တီဂရိတ်ရှိခဲ့ရာ မြို့၏နေရာအနှံ့အပြားတွင် အပူရှပ်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အပူရှပ်ခြင်းကြောင့် အနည်းဆုံး လူ ၆၅ဦးသေဆုံးခဲ့ကြောင်း အက်ဒီလူမှုဝန်ထမ်းအဖွဲ့၏ ပြောကြားချက်ကို ကိုးကားပြီး ဒေသတွင်းမီဒီယာက မေ ၂၂ ရက်တွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သည့် သုံးရက်အတွင်း ကိုရန်ဂျီမြို့နှင့် ဆော့ဟ်ရပ်ဂိုဲသ်နယ်မြေ အက်ဒီဖောင်ဒေးရှင်းရှိ ရင်ခွဲရုံသို့ လူသေအလောင်း ၁၁၄ လောင်းရောက်ရှိလာခဲ့ကြောင်း၊ အဆိုပါ လူသေအလောင်းများအနက် အနည်းဆုံး ၆၅ လောင်းခန့်မှာ အပူရှပ်သေဆုံးခြင်း ဖြစ်ကြောင်း ယင်းဖောင်ဒေးရှင်းခေါင်းဆောင် ဖေဆယ်အက်ဒီက ပြောခဲ့သည်။

အပူရှပ်သေဆုံးသူ အများစုမှာ ကျန်းမာရေးစောင့်ရှောက်မှု အချိန်မီ မရရှိဘဲ ၎င်းတို့၏နေအိမ်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများအနက် အသက်အငယ်ဆုံးမှာ ခြောက်နှစ်ဖြစ်ပြီး အကြီးဆုံးမှာ ၇၈ နှစ်ဖြစ်ကြောင်း အက်ဒီက ပြောခဲ့သည်။

သို့သော်လည်း ကျန်းမာရေး အာဏာပိုင်များက အဆိုပါပြောကြားချက်များအပေါ် ငြင်းဆိုထားကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ မိုးလေဝသဌာနက ကရာချိမြို့တွင် အပူရှပ်နိုင်သည့် သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ သီတင်းပတ်တစ်လျှောက်လုံး ရာသီဥတုပူနေမည်ဖြစ်ကြောင်း၊ နေ့အပူချိန်များမှာလည်း ၄၀ ဒီဂရီမှ ၄၃ ဒီဂရီ အကြားရှိမည်ဟု ထုတ်ပြန်ထားကြောင်း သိရသည်။

ကရာချိမြို့တော်ဝန် ဝါဆင်းအခ္တာကလည်း ဒေသခံများအား အပူရှပ်ခြင်းကို ရှောင်ရှားနိုင်ရန် နေအိမ်အတွင်း၌သာ နေထိုင်ရန်တိုက်တွန်းထားကြောင်း သိရသည်။ **ဆင်ဟွာ**

## မလေးရှားဝန်ကြီးချုပ်ဟောင်း အဂတိလိုက်စားမှုအစစ်ဆေးခံရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီသို့ ရောက်ရှိ

**ပူထရာဂျာယာ မေ ၂၂**
မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇက်သည် အဂတိလိုက်စားမှုဖြင့် အစစ်ဆေးခံရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီထံသို့ မေ ၂၂ ရက်က ရောက်ရှိလာခဲ့ကြောင်း သိရသည်။




မလေးရှား ဝန်ကြီးချုပ်ဟောင်း နာဂျစ်အား ၂၀၀၉ ခုနှစ် ၎င်းတာဝန်ယူခဲ့စဉ်အတွင်း ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကိစ္စနှင့် ပတ်သက်ဆက်နွှယ်သည့် အက်စ်အာရ်စီအင်တာနေရှင်နယ် ကုမ္ပဏီအား စုံစမ်းစစ်ဆေးရာတွင် အကူအညီပေးနိုင်ရေးအတွက် မလေးရှားနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က ဆင့်ခေါ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကိစ္စနှင့် ဆက်စပ်သည့် ဖြစ်စဉ်များတွင် နာဂျစ်နှင့် အပေါင်းပါများသည် အမေရိကန်ဒေါ်လာသန်းပေါင်းများစွာကို အလွဲသုံးစားပြုလုပ်ထားကြောင်း စွပ်စွဲခံထားရသည်။

မလေးရှား ဝန်ကြီးချုပ်ဟောင်း နာဂျစ်က အဆိုပါ စွပ်စွဲမှုအားလုံးကို ငြင်းဆိုထားသည်။ မလေးရှားနိုင်ငံရဲတပ်ဖွဲ့သည် ရွေးကောက်ပွဲနောက်ပိုင်း အဂတိလိုက်စားမှု တစ်စိတ်တစ်ဒေသအဖြစ် သက်သေပြနိုင်ရန် နာဂျစ်နှင့် ဆက်နွှယ်မှုရှိသည့် ပုဂ္ဂလိကအိမ်ရာများ၊ ဇိမ်ခံကွန်ဒိုတိုက်ခန်းများအား ဝင်ရောက်ရှာဖွေခဲ့ရာ တန်ဖိုးကြီးလက်ကိုင်အိတ်များ၊ လက်ဝတ်ရတနာများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လက်ရှိဝန်ကြီးချုပ်သစ် မဟာသီယာက ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ကြောင်း တွေ့ရှိခဲ့ပါက နာဂျစ်အနေဖြင့် တာဝန်ခံရမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

## နီဖာ့ဗိုင်းရပ်စ်ကြောင့် အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် လူငါးဦးထက်မနည်းသေဆုံး



**နယူးဒေလီ မေ ၂၂**
အသီးစားလင်းနို့ငှက်များ သယ်ဆောင်လာသည့် ဗိုင်းရပ်စ်တစ်မျိုးကြောင့် အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် လူ ငါးဦးထက်မနည်းသေဆုံးခဲ့ကြောင်း စုစုပေါင်း လူ ၉၀ ကျော်ကိုလည်း တခြားသူများနှင့် ထိတွေ့ဆက်ဆံမှုမရှိစေရန် ခွဲထားကြောင်း ထိပ်တန်းကျန်းမာရေးအရာရှိတစ်ဦးက မေ ၂၂ရက်တွင် ပြောခဲ့သည်။

အခြားသေဆုံးမှုများမှာ နီဖာ့ဗိုင်းရပ်စ်ကြောင့် ဖြစ်နိုင်ကြောင်းနှင့် သက်ဆိုင်ရာ အာဏာပိုင်များက အဆိုပါဗိုင်းရပ်စ်ပျံ့နှံ့ဖြစ်ပွားမှုမရှိစေရေးအတွက် အရေးပေါ်ဆောင်ရွက်ချက်များ ပြုလုပ်နေကြောင်း သိရသည်။

လူငါးဦးမှာ နီဖာ့ဗိုင်းရပ်စ်နှင့် သေဆုံးခဲ့သည်ကို အတည်ပြုနိုင်ခဲ့ကြောင်း ကေရာလာပြည်နယ် ကျန်းမာရေးစောင့်ရှောက်မှုအရာရှိ ကေဂျေရီနာက အေအက်ဖ်ပီသို့ ပြောခဲ့သည်။

မီဒီယာဖော်ပြချက်များတွင် သေဆုံးသူ ၁၀ ဦးရှိခဲ့သည်ဟု ဖော်ပြခဲ့သော်လည်း အခြားသူများမှာ မည်သည့်အတွက်ကြောင့် သေဆုံးရခြင်း ဖြစ်ကြောင်း စစ်ဆေးနေဆဲဖြစ်သည်ဟု သက်ဆိုင်ရာ အာဏာပိုင်များက အေအက်ဖ်ပီသို့ ပြောခဲ့သည်။

လတ်တလောတွင် လူကိုးဦးကို ယခုဖြစ်ပွားနေသော ဗိုင်းရပ်စ်၏ လက္ခဏာများနှင့် ပုံစံတူနေသည့်အတွက် ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ ယခုဗိုင်းရပ်စ်ပိုးဖြစ်ပွားခဲ့သည့် လူများအနက် ၇၀ ရာခိုင်နှုန်းခန့် သေဆုံးလေ့ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်ဟု ရီနာက ဆက်လက်ပြောကြားခဲ့သည်။

ဆေးရုံသို့ရောက်လာသော လူကိုးဦးအနက် တစ်ဦးမှာ အဆိုပါနီဖာ့ဗိုင်းရပ်စ်ကူးစက်ခံနေရကြောင်း သိရသည်။

အဆိုပါရောဂါကြောင့် သေဆုံးခဲ့သူများကို ထိတွေ့ကိုင်တွယ်ခဲ့သည့် လူပေါင်း ၉၄ ဦးကိုလည်း သီးသန့်ခွဲထုတ်ကာ စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း ရီနာက ပြောခဲ့သည်။

နီဖာ့ဗိုင်းရပ်စ်အတွက် လတ်တလောတွင် ကာကွယ်ဆေးမရှိသေးကြောင်းနှင့် ၁၉၉၈ ခုနှစ်ကတည်းက ဖြစ်ပွားသော ယင်းဗိုင်းရပ်စ်ကြောင့် မလေးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယတို့တွင် သေဆုံးသူ ၂၆၀ ခန့်ရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နီဖာ့ဗိုင်းရပ်စ်ကို ကြောက်စရာအကောင်းဆုံး အီဘိုလာနှင့် ဇီကာကဲ့သို့သော ကူးစက်ရောဂါရှစ်မျိုးအနက် တစ်ခုအပါအဝင်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**




ဝါရှင်တန်ရှိ အမွေအနှစ်ဖောင်ဒေးရှင်း၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို အမေရိကန်၏ မူဝါဒနှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားစဉ်။

## သမိုင်းတွင် အပြင်းထန်ဆုံးအရေးယူပိတ်ဆို့မှုများ ချမှတ်မည်ဟု အီရန်ကို မိုက်ပွန်ပီအို ခြိမ်းခြောက်

**ဝါရှင်တန် မေ ၂၂**
အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် အီရန်၏ နျူကလီးယားနှင့်ဒုံးကျည်အစီအစဉ်များအတွက် တနင်္လာနေ့က ဝေဖန်ထိုးနှက်ပြောဆိုခဲ့ပြီး အကယ်၍ အီရန်အနေဖြင့် နျူကလီးယားအစီအစဉ်များနှင့် ပတ်သက်၍ လမ်းကြောင်းပြောင်းလဲခြင်းမရှိပါက သမိုင်းတွင်အပြင်းထန်ဆုံး အရေးယူပိတ်ဆို့မှုများချမှတ်သွားရန်အလေးပေးခဲ့ကြောင်းသိရသည်။

အမေရိကန်အခြေစိုက် ကွန်ဆာဗေးတစ် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အကြံပေးပါရဂူအဖွဲ့ဖြစ်သည့် အမွေအနှစ်ဖောင်ဒေးရှင်း၌ မိန့်ခွန်းပြောဆိုခဲ့ရာတွင် အမေရိကန်ထိပ်တန်းသံတမန်က တီဟီရန်ကို တင်းမာပြင်းထန်သည့် နည်းဗျူဟာသစ်ချမှတ်ရန်ဖော်ပြခဲ့ပြီး မချင့်မရဲဖြစ်နေကြသည့် အမေရိကန်မဟာမိတ်များကို ဆင့်ခေါ်ခဲ့ကြောင်းသိရသည်။

သမိုင်းတွင်သည့် အီရန်နျူကလီးယား သဘောတူစာချုပ်မှ အမေရိကန်နုတ်ထွက်မှုကို ခုခံကာကွယ်ပြောဆိုခဲ့ပြီးနောက် ပွန်ပီအိုက အီရန်သည် နိုင်ငံတကာနျူကလီးယားစွမ်းအင်အေဂျင်စီသို့ ၎င်း၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အစီရင်ခံရမည်ဖြစ်ကြောင်းနှင့် အီရန်၏ဒုံးကျည်များတစ်ဟုန်ထိုး တိုးပွားလာမှုကို အဆုံးသတ်ကာအရှေ့အလယ်ပိုင်းဒေသရှိ အကြမ်းဖက်အုပ်စုများအား ကူညီအားပေးနေခြင်းကို ရပ်တန့်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေသတွင်းရေပိုင်နက်ပေါ်တွင် လွတ်လပ်စွာရေကြောင်းသွားလာမှုကိုခိုင်မာသေချာအောင် ဆောင်ရွက်သွားကြမည်။ ကမ္ဘာတစ်ဝန်းတွင် လှုပ်ရှားဆောင်ရွက်နေကြသည့် အီရန်၏ အပေါင်းအပါ ဟစ်ဇ်ဘိုလာအုပ်စုများကို ခြေရာခံသွားမည်ဖြစ်ပြီး အီရန်သည် ဘယ်သောအခါမှ အရှေ့အလယ်ပိုင်းဒေသကို လွှမ်းမိုးရန် စိတ်ကြိုက်လုပ်ဆောင်ခွင့်ရရှိတော့မည်မဟုတ်ကြောင်း ပွန်ပီအိုက ပြောကြားခဲ့သည်။

မကြာမီချမှတ်မည့် အမေရိကန်၏ အရေးယူပိတ်ဆို့မှုများသည် သမိုင်းတွင် အပြင်းထန်ဆုံးအရေးယူပိတ်ဆို့မှုများဖြစ်လာလိမ့်မည်ဟု ၎င်းကခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဓနသဟာယအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ရေး ဇင်ဘာဘွေ ကြိုးပမ်း

**ဟာရာရီ မေ ၂၂**

ဇင်ဘာဘွေနိုင်ငံသည် ဓနသဟာယနိုင်ငံများနှင့် ပြန်လည်ဆက်သွယ်နိုင်ရန် ကြိုးစားနေကြောင်း ဓနသဟာယနိုင်ငံများအဖွဲ့က အေအက်ဖ်ပီသတင်းတစ်ရပ်တွင် မေ ၂၂ ရက်က ဖော်ပြခဲ့သည်။

ဇင်ဘာဘွေနိုင်ငံ၌ လွန်ခဲ့သည့်နှစ်က ရောဘတ်မူဂါဘီ ဖြုတ်ချခံရပြီးနောက် နိုင်ငံ၏အခြေအနေကို နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုများ ပိုမိုရှိလာရေးကို မျှော်တွေးပြီး အဓိကပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ်များက အကြမ်းဖက်မှုများနှင့် ရွေးကောက်ပွဲအဂတိလိုက်စားမှုများကြောင့် ဇင်ဘာဘွေနိုင်ငံ၏ အဖွဲ့ဝင်ဖြစ်ခြင်းကို ဆိုင်းငံ့လိုက်ပြီးနောက် မူဂါဘီသည် ဇင်ဘာဘွေနိုင်ငံကို ယခင်ဗြိတိသျှကိုလိုနီအသိုင်းအဝိုင်းမှ ဒေါသတကြီးဖြင့် ပြန်လည်ဆွဲထုတ်ခဲ့သည်။

ဓနသဟာယနိုင်ငံများအဖွဲ့က ၎င်းတို့အနေဖြင့် ဇင်ဘာဘွေသမ္မတ အီမာဆန်မနန်ဂွါ၏ အဖွဲ့ဝင်အဖြစ် လက်ခံပေးပါရန် မေလ ၁၅ ရက် ရက်စွဲရေးထိုးထားသောလျှောက်လွှာကို လက်ခံရရှိခဲ့ကြောင်း ပြောခဲ့သည်။

ဓနသဟာယ အဖွဲ့ဝင်နိုင်ငံများက အခြေအနေတွေ ပြောင်းလဲသည့်အပေါ် ထိုသို့ လုပ်ဆောင်ခဲ့သည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ရှိကြောင်း အတွင်းရေးမှူးချုပ် ပက်ထရစ်ရှာစကော့တလန်က ကြေညာချက်တွင် ဖော်ပြခဲ့သည်။ **အေအက်ဖ်ပီ**

### ကျူးဘားလေယာဉ်ပျက်ကျမှုတွင် အသက်ရှင်ကျန်ရစ်သူသုံးဦးအနက် တစ်ဦးထပ်မံသေဆုံး

**ဟာဗားနား မေ ၂၂**

ကျူးဘားနိုင်ငံတွင်ဖြစ်ပွားခဲ့သော ထိတ်လန့်ဖွယ် လေယာဉ်ပျက်ကျမှုတွင် အသက်ရှင်ကျန်ရစ်သူတစ်ဦး ယမန်နေ့က ထပ်မံသေဆုံးခဲ့ကြောင်း၊ ယခုအခါတွင် လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူ ၁၁၁ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြခဲ့သည်။

ယခုသေဆုံးခဲ့သူမှာ အသက် ၂၃နှစ်ရှိ ကောလိပ်ကျောင်းသူတစ်ဦးဖြစ်သူ ဂရက်တယ်လန့်ဒ်ရိုဒ့်ဆိုသူဖြစ်ကြောင်း သိရပြီး ပြင်းထန်သည့်အာရုံကြောဆိုင်ရာ ဒဏ်ရာများကြောင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ကျူးဘားနိုင်ငံပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြောခဲ့သည်။

လေယာဉ်ပျက်ကျမှုတွင် အသက်ရှင် ကျန်ရစ်သူစုစုပေါင်း သုံးဦးရှိသည့်အနက် ယခုအခါတွင် တစ်ဦးထပ်မံသေဆုံးခဲ့ခြင်း ဖြစ်ပြီး ၎င်းကို အသက်ရှင်ကျန်ရစ်သူ နှစ်ဦးနှင့်အတူ ဟာဗားနားမြို့ရှိ ကလစ်တိုဂရာစီယာဆေးရုံ အရေးပေါ်ဌာနတွင် ဆေးကုသပေးခဲ့ကြောင်း သိရသည်။

၎င်းအား ဆေးအဖွဲ့များက အတတ်နိုင်ဆုံး ဆေးကုသပေးခဲ့သော်လည်း ဒဏ်ရာအလွန် ဆိုးရွားသောကြောင့် သေဆုံးသွားခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြောခဲ့သည်။ **ဆင်ဟွာ**

# ဗင်နီဇွဲလားနိုင်ငံရဲ့ စီးပွားရေးနာလန်မထူနိုင်တဲ့ကြားထဲက ရွေးကောက်ပွဲနိုင်ခဲ့တဲ့ မာဒူရို

**တင်လင်းအောင်**

ဗင်နီဇွဲလား အတိုက်အခံအင်အားစုဟာ သမ္မတသစ် ပြန်လည်ရွေးကောက်ပွဲမှာ လက်ရှိသမ္မတ နီကိုလပ်စ်မာဒူရိုရဲ့ မဲပြားတွေကို ပယ်ရှားခဲ့ပြီးနောက် လတ်တလောမှာ ဗင်နီဇွဲ လားနိုင်ငံရဲ့ အခြေအနေဟာ နိုင်ငံတကာ ပိတ်ဆို့မှုအသစ်တွေရဲ့ ခြိမ်းခြောက်မှုတွေနဲ့ ရင်ဆိုင်နေရသလို ပြည်တွင်း မငြိမ်သက်မှုတွေလည်း ပြင်းထန်လာတယ်လို့ ဆိုရမှာပါ။




မာဒူရိုအပေါ်နောက်ထပ် ဖိအားတွေ တိုးမြင့်လာတာကတော့ ၁၄ နိုင်ငံ လီမာအုပ်စုပဲဖြစ်ပါတယ်။ လီမာအုပ်စုမှာ အာဂျင်တီးနား၊ ဘရာဇီးနဲ့ ကနေဒါစတဲ့ နိုင်ငံတွေပါဝင်ကြပါတယ်။ လီမာအုပ်စုက ဗင်နီဇွဲလားနိုင်ငံရဲ့သမ္မတသစ် ပြန်လည်ရွေးကောက်ပွဲကို တရားမဝင်တဲ့ သမ္မတရွေးကောက်ပွဲလို့ ပြောကြားထားတဲ့ ၎င်းတို့ရဲ့ သံအမတ်တွေကို ကာကွယ်သွားဖို့ ၎င်းတို့ကို ဗင်နီဇွဲလားနိုင်ငံကနေ ပြန်လည်ခေါ်ယူသွားဖို့ မေ ၂၂ ရက်က ပြောခဲ့ပါတယ်။

**ဒုက္ခနဲ့ ကြုံတွေ့နေတဲ့ ဗင်နီဇွဲလား**

ဗင်နီဇွဲလားနိုင်ငံဟာ ၎င်းရဲ့ သမိုင်းကြောင်းမှာ ထီးတည်းကြီးဖြစ်နေတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ သာမက စီးပွားရေးကျပ်တည်းမှု အဆိုးဆုံး နိုင်ငံတစ်နိုင်ငံအနေနဲ့ ရပ်တည်လာခဲ့သလို ပြည်သူတွေကလည်း အစာရေစာနဲ့ ဆေးဝါးပြတ်တောက်တာတွေနဲ့ ကြုံတွေ့နေကျဖြစ်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ပြည်တွင်းမှာ အကြမ်းဖက်ဆူပူမှုတွေ၊ လူတွေအစုလိုက်နေရပ်မှ ထွက်ခွာတာတွေနဲ့လည်း ယှဉ်ပါးနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

**မာဒူရို ရွေးကောက်ပွဲအနိုင်ရ**

မေ ၂၀ ရက်ကကျင်းပခဲ့တဲ့ ဗင်နီဇွဲလား သမ္မတရွေးကောက်ပွဲမှာ ဗင်နီဇွဲလားနိုင်ငံလက်ရှိ သမ္မတ နီကိုလပ်စ်မာဒူရို အနိုင်ရရှိပြီးနောက် ဒုတိယအကြိမ်မြောက် ခြောက်နှစ်တာ သက်တမ်းအတွက် ပြန်လည်ရွေးချယ်ခံရကြောင်း အမျိုးသားရွေးကောက်ပွဲကောင်စီက မေ ၂၁ရက်တွင် ကြေညာခဲ့ပါတယ်။

ရွေးကောက်ပွဲရလဒ်တွေကို အမျိုးသားရွေးကောက်ပွဲကောင်စီ ဥက္ကဋ္ဌ တီဘီစေးလူစီနာက မေ ၂၀ ရက် နှောင်းပိုင်းက ကြေညာခဲ့ပါတယ်။

ဗင်နီဇွဲလား သမ္မတရွေးကောက်ပွဲမှာ ဗင်နီဇွဲလားနိုင်ငံသား ၈ ဒသမ ၆ သန်းကျော်လာရောက်မဲပေးခဲ့ပါတယ်။ စုစုပေါင်း ဆန္ဒမဲပေးတဲ့ရာခိုင်နှုန်းဟာ ၄၆ ဒသမ ၀၁ ရာခိုင်နှုန်းရှိခဲ့ကြောင်း အမျိုးသား ရွေးကောက်ပွဲကောင်စီ ဥက္ကဋ္ဌ တီဘီစေးလူစီနာက ပြောခဲ့သည်။

သမ္မတဟောင်းမာဒူရိုကို မဲဆန္ဒရှင်ပေါင်း ၅ ဒသမ ၈ သန်းကျော်က ထောက်ခံမဲပေးကာ ပြန်လည်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။ ၎င်းရဲ့ ပြိုင်ဘက် တပ်မတော်အရာရှိဟောင်း ဟန်နရီဖယ်လ်ကွန်က ထောက်ခံမဲ ၁ ဒသမ ၈ သန်းဖြင့် ဒုတိယနေရာမှ ရပ်တည်ခဲ့ကာ တတိယမြောက်နေရာတွင် ဂျာဗီရာဗာတွတ်စီက မဲအရေအတွက် ၉၂၅၀၄၂ ခန့်ရရှိခဲ့ကြောင်း သိရပါတယ်။

**သမိုင်းတွင်မယ့် ခြောက်နှစ်တာ**

ဗင်နီဇွဲလား အမျိုးသားရွေးကောက်ပွဲကောင်စီက မဲအရေအတွက် ၉၂ ရာခိုင်နှုန်းကျော်အား ရေတွက်ပြီးချိန်မှာ ရလဒ်တွေကို ကြေညာခဲ့ခြင်း ဖြစ်ပါတယ်။

ကရာကက်စ်ရှိ မီရာဖလောနန်းတော် အပြင်ဘက်မှာ ထောက်ခံသူတွေကို မိန့်ခွန်းပြောကြားရာမှာတော့ မာဒူရိုဟာ သမိုင်းတွင်မယ့် နောက်ထပ်ခြောက်နှစ်တာ သက်တမ်းအတွက် အောင်မြင်မှုရခဲ့ကြောင်း ပြောခဲ့ပါတယ်။

ငါတို့ နောက်တစ်ကြိမ်နိုင်ပြီ။ ငါတို့အောင်ပွဲခံနိုင်ခဲ့ပြန်ပြီ။ ငါတို့ဟာ အမြဲအောင်ပွဲရတဲ့သမိုင်းကို စိုက်ထူနိုင်ခဲ့ပြီလို့ မာဒူရိုက ၎င်းအား ထောက်ခံသူတွေကို ပြောခဲ့ပါတယ်။

**အသိအမှတ်မပြု**

သို့သော်လည်း မဲမပေးဘဲနေတဲ့ ရာခိုင်နှုန်းဟာ ၅၂ ရာခိုင်နှုန်းအထိရှိပြီး သမိုင်းဝင်စံချိန်အထိ မြင့်တက်ခဲ့ပါတယ်။ ဗင်နီဇွဲလား သမ္မတရွေးကောက်ပွဲမတိုင်ခင်ကတောင် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ လက်တင်အမေရိက နိုင်ငံတွေက မဲရလဒ်အပေါ် အသိအမှတ်မပြုဘူးလို့ ပြောခဲ့ပါတယ်။

လီမာအုပ်စုက ၎င်းတို့ရဲ့ သံအမတ်ကြီးတွေကို ပြန်ခေါ်စဉ်မှာပဲ သူတို့နိုင်ငံက ဗင်နီဇွဲလားသံအမတ်တွေကို ရွေးကောက်ပွဲမှာ မာဒူရိုအနိုင်ရတာနဲ့ ပတ်သက်ပြီး ဆင့်ခေါ်ကာ ဗင်နီဇွဲလား ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတကာ ထင်သာမြင်သာရှိတဲ့ ဒီမိုကရေစီဖြစ်စဉ်ဆိုင်ရာ နိုင်ငံတကာစံနှုန်းတွေနဲ့ ကိုက်ညီမှုမရှိဘူးလို့ ပြောခဲ့ပါတယ်။

> "နိုင်ငံဟာ စီးပွားရေးပျက်စီးမှုတွေနဲ့ ရင်ဆိုင်နေရတဲ့အတွက် ရှေ့အနာဂတ်မှာ မြို့ပြရဲ့ ဆင်းရဲမွဲတွေမှုနဲ့ ရင်ဆိုင်ရတော့မှာ ဖြစ်ပါတယ်။ ဗင်နီဇွဲလားနိုင်ငံရဲ့ အသားတင်ထုတ်လုပ်မှုတန်ဖိုးဟာ ဒီနှစ်မှာပိုပြီး အားရစရာမရှိကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ပြော"

**နိုင်ငံရေး ပဋိပက္ခတွေနဲ့ကြုံ**

လီမာအုပ်စုက ဗင်နီဇွဲလားနိုင်ငံမှာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာတွေ အဆိုးရွားဆုံးဖြစ်နေပြီး နိုင်ငံရေး ပဋိပက္ခတွေလည်း ဖြစ်နေတယ်လို့ မီးမောင်းလည်း ထိုးပြခဲ့ပါတယ်။ အိမ်နီးချင်း နိုင်ငံတွေအတွက်လည်း ဒုက္ခသည်ဆိုးကျိုးတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။

ဒါတွေဟာ ဘာကြောင့်လဲဆိုရင် ဒီမိုကရေစီဆိုင်ရာ အင်စတီကျူးရှင်းတွေ ပျောက်ဆုံးနေခြင်း၊ တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ နိုင်ငံရေးလွတ်လပ်ခွင့်အတွက် အာမခံချက်မရှိခြင်းတို့ကြောင့်ဘဲ ဖြစ်ပါတယ်။

**ရွေးကောက်ပွဲအသစ် ထပ်လုပ်ချင်**

အရင်ခေါင်းဆောင်ဟောင်း သွေးနားထင်ရောက်နေတဲ့ လက်ဝဲယိမ်း ဟူဂိုချာဗက်စ်ရဲ့ သစ္စာခံဖယ်ကွန်က ဆန္ဒမဲတွေဟာ တရားဝင်မဟုတ်သလို သဘာဝလည်း မကျကြောင်းပြောခဲ့ပြီး ဆန္ဒမဲတွေဝယ်တယ်လို့ဆိုကာ အစိုးရကိုလည်း စွပ်စွဲလိုက်ပါတယ်။

ငါတို့အတွက်မှာ ရွေးကောက်ပွဲတွေမရှိကြောင်း ၎င်းက သတင်းထောက်တွေကို ပြောခဲ့ပါတယ်။ ဗင်နီဇွဲလားမှာ ရွေးကောက်ပွဲအသစ်တွေ ထပ်လုပ်ဖို့လိုသေးကြောင်း ၎င်းက ပြောခဲ့ပါတယ်။

မဲအရေအတွက် ၁၁ ရာခိုင်နှုန်းနဲ့ တတိယနေရာမှာရှိတဲ့ ဂျာဗီရာဗာတွတ်စီကလည်း နောက်ထပ်ရွေးကောက်ပွဲအသစ်တွေ ထပ်လုပ်ဖို့လိုတဲ့အဆိုကို ထောက်ခံခဲ့ပါတယ်။

**မြို့ပြရဲ့ဆင်းရဲမှုနဲ့ ရင်ဆိုင်ရမယ်**

မာဒူရိုဟာ နိုင်ကောင်းနိုင်ပါလိမ့်မယ်။ ဒါပေမယ့် နိုင်ငံဟာ စီးပွားရေးပျက်စီးမှုတွေနဲ့ ရင်ဆိုင်နေရတဲ့အတွက် ရှေ့အနာဂတ်မှာ မြို့ပြရဲ့ ဆင်းရဲမွဲတွေမှုနဲ့ ရင်ဆိုင်ရတော့မှာ ဖြစ်ပါတယ်။

ဗင်နီဇွဲလားနိုင်ငံရဲ့ အသားတင်ထုတ်လုပ်မှုတန်ဖိုးဟာ ဒီနှစ်မှာပိုပြီး အားရစရာမရှိကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ပြောပါတယ်။

ဗင်နီဇွဲလားနိုင်ငံဟာ အမြဲပဲ သူ့ရဲ့ ရေနံထုတ်ကုန်အပေါ်မှာ မှီခိုနေရပါတယ်။ သို့သော်လည်း ကုန်ထုတ်လုပ်မှုအပိုင်းမှာ နှစ်ပေါင်း ၃၀ အတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းလာပါတယ်။

အခုအခြေအနေအတိုင်းသာ ဆက်သွားပါက လာမယ့်အနာဂတ်ဖြစ်နိုင်ခြေဟာ ပိုမိုပြီး ဆိုးဆိုးရွားရွားဖြစ်လာမယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိမြင်နိုင်ပါတယ်။

ဘာတွေဖြစ်လာမလဲဆိုတော့ နိုင်ငံရေးတင်းမာမှုတွေ၊ အစွန်းရောက်တော်လှန်မှုတွေပြင်းထန်ခြင်း၊ ဖိနှိပ်ခြင်းတွေ၊ အပြည်ပြည်ဆိုင်ရာ နိုင်ငံတွေရဲ့ ပယ်ချမှုခံရနိုင်ခြင်းတွေ၊ အရေးယူပိတ်ဆို့မှုတွေ၊ စီးပွားရေးကျပ်တည်းမှုတွေ အစုံပါပဲလို့ ဗင်နီဇွဲလားနိုင်ငံအကြောင်း လေ့လာဆန်းစစ်သူ လူစီဗီးဆင့်လီယွန်က ဆိုပါတယ်။

တိုင်းပြည်ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ချာဗက်စ်ရဲ့ နိုင်ငံရေးအမွေဆက်ခံသူ ယခင်ကားမောင်းသမားဖြစ်တဲ့ မာဒူရိုဟာ တစ်ချိန်က ရေနံထုတ်လုပ်မှုစီးပွားရေးဈေးကွက်ရှိတဲ့ ဗင်နီဇွဲလားနိုင်ငံကို ၂၀၁၃ ခုနှစ်ကတည်းက ဦးဆောင်ခဲ့တာပါ။

**စီးပွားရေးစစ်ပွဲရဲ့သားကောင်**

ဆိုရှယ်လစ် ခေါင်းဆောင်တွေကတော့ ဗင်နီဇွဲလားဟာ ကွန်ဆာဗေးတစ်အတိုက်အခံနဲ့ ပြင်ပအားပြိုင်မှုတွေကြောင့် ဖြစ်ပေါ်လာမယ့် စီးပွားရေးစစ်ပွဲရဲ့ သားကောင်ပါပဲလို့ ပြောခဲ့ပါတယ်။ အပြစ်မြင်ဝေဖန်သူတွေကတော့ မာဒူရိုစီမံခန့်ခွဲမှု မှားယွင်းတယ်လို့ ပြစ်တင်ကြပါတယ်။

ဗင်နီဇွဲလားသမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရတဲ့ လက်ရှိသမ္မတ နီကိုလပ်စ် မာဒူရိုဟာ သူ့ရဲ့ အောင်ပွဲမိန့်ခွန်းမှာ ပြောင်းလဲမှုတွေ လုပ်ဆောင်ရမယ်လို့ ပြောကြားခဲ့ပါတယ်။

သူ့အနေနဲ့ စီးပွားရေးနာလန်ပြန်ထူနိုင်အောင် လုပ်ဆောင်သွားမှာ ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

# ဒလ - ရန်ကုန်စက်သမ္ဗန်များ သမ္ဗန်စီးခများ တိုးမြှင့်သတ်မှတ်

ဒလ မေ ၂၂

ရန်ကုန်မြစ်ကူး ဒလ-ရန်ကုန် စက်သမ္ဗန်များသည် စက်ဆီဈေးနှုန်းမြင့်မားခြင်းကြောင့် စက်သမ္ဗန်စီးခနှုန်းများကို တိုးမြှင့်သတ်မှတ်ကောက်ခံကာ ပြေးဆွဲလျက်ရှိကြောင်း စက်သမ္ဗန်ဂိတ်ရုံးများမှ မေ ၂၁ ရက်က သိရသည်။

**တိုးမြှင့်ကောက်ခံ**

သမ္ဗတကမ်းခြေ စက်သမ္ဗန်ဆိပ်အသင်းဥက္ကဋ္ဌနှင့် မြို့နယ်စက်သမ္ဗန်အသင်းဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ထိုသမ္ဗန်ဆိပ်အသင်းရုံး၌“ခရီးသွားပြည်သူများအား စက် မောင်းဆီများ၊ စက်အပိုပစ္စည်းများ ကုန်ဈေးနှုန်းမြင့်မားနေသဖြင့် မေ ၂၂ ရက် (အင်္ဂါနေ့)မှစ၍ စက်သမ္ဗန်စီးခများကို ငွေကျပ် ၁၀၀ မှ ၁၅၀ သို့ ငွေကျပ် ၅၀ တိုးမြှင့်ကောက်ခံသွားမည် ဖြစ်ကြောင်း”အသိပေးကြေညာထားခဲ့သည်။

**စီးနင်းသွားလာ**

ထိုသမ္ဗန်ဆိပ်မှ ပိုလ်တထောင်ဘုရားဆိပ်ကမ်းသို့ စက်သမ္ဗန် ၃၂ စင်းဖြင့် အသွား၊ အပြန် နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ သမ္ဗတကမ်းခြေ၊ အုံကြီးအရှေ့ရပ်ကွက်များနှင့် စံပြ၊ တံတားချောင်း၊ ခနောင်ကျေးရွာတို့မှ ပုံမှန်ခရီးသွားဦးရေ ၃၅၀၀ ခန့် စီးနင်းသွားလာလျက် ရှိသည်။

ကမာအောင် သမ္ဗန်ဆိပ်အသင်းဥက္ကဋ္ဌ ဦးတင်နီ(ခ)ဦးသန်းလွင်က “ယခင်စက်ဆီ ဈေးနှုန်းက တစ်လီတာကို ငွေကျပ် ၇၀၀ သာပေးရပြီး အခုက ကျပ်တစ်ထောင် ကျော် ဖြစ်နေပါပြီ၊ နောက်ပြီး ကျွန်တော်တို့သမ္ဗန်တွေက ကမာအောင်ချောင်းထဲကတစ်ဆင့် မောင်းထွက်လာရတယ်ဆိုတော့ ခရီးလည်းဝေးတယ်၊ ဒါ့ကြောင့် စီးခငွေပိုကောက်ခံမှ အဆင်ပြေမှာမို့လို့ပါ”ဟု ပြောသည်။



ဒလဘက်ကမ်း သမ္ဗန်ဆိပ်၌ သမ္ဗန်စီးခရီးသည်များကို တွေ့ရစဉ်။

**ရက်သတ္တတစ်ပတ်ခန့်ရှိ**

ကမာအောင်သမ္ဗန်ဆိပ်၌ စက်တပ်သမ္ဗန် ၁၈၂ စင်းရှိပြီး ဗိုလ်အောင်ကျော် ဆိပ်ကမ်းဘက်နှင့် ကူးဆွဲပေးလျက်ရှိခဲ့ရာ အနီးဝန်းကျင်ရပ်ကွက်တို့မှ ခရီးသည် ဦးရေ ၃၀၀၀၀ ခန့် နေ့စဉ်စီးနင်းလျက်ရှိကြောင်းနှင့် တစ်ဦးကို ငွေကျပ် ၁၅၀ နှုန်းဖြင့် ကောက်ခံနေသည်မှာ ရက်သတ္တတစ်ပတ်ခန့် ရှိပြီဖြစ်ကြောင်း သိရသည်။

**ပုံမှန်ပြေးဆွဲပေးလျက်ရှိ**

အလားတူ ဒလမြို့နယ်ရှိ တံလျှပ်၊ရေကန်၊ကမာကသွယ်၊စက်မြေ၊ ကမာကဆစ်နှင့် မှော်စက်သမ္ဗန်ဆိပ်တို့မှ စက်သမ္ဗန်အစင်း ၂၀၀ ကျော်တို့ဖြင့်လည်း ရန်ကုန်ကမ်းဘက်၊ ဗိုလ်အောင်ကျော်၊ ဆူးလေ၊ လသာ၊ ဘုန်းကြီးလမ်းနှင့် ကလီဆိပ်ကမ်းတို့သို့ ခရီးသွား ရပ်ကွက် ပြည်သူ ၃၀၀၀၀ကျော်ကို နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသကဲ့သို့ ဆာပါချောင်း နှင့် ကျောင်းစုသမ္ဗန်ဂိတ်တို့မှ စက်သမ္ဗန်အစင်း ၃၀ တို့ဖြင့်လည်း တွံတေးတူးမြောင်း ထဲမှတစ်ဆင့် ရန်ကုန်မြစ်ကိုဖြတ်ကူးကာ ခရီးသွားပြည်သူ ၄၀၀၀ ခန့်ကို ခရီးရှည်အဖြစ် ပုံမှန်ပြေးဆွဲပေးလျက်ရှိခဲ့သည်။

**ဝန်ဆောင်မှုကောင်းအောင် လုပ်ဆောင်ပေးစေချင်**

နေ့တိုင်းရန်ကုန်ဘက်သို့ နှစ်ခေါက် သုံးခေါက် သမ္ဗန်စီးသွားလာနေသော ဒလဘက်မှ ကျောင်းအုပ်ကြီး အငြိမ်းစားတစ်ဦးက“စက်သမ္ဗန်စီးခနှုန်း တိုးမြှင့်ကောက်ခံသလို၊ ခရီးသွားပြည်သူတွေ အန္တရာယ်ကင်းဘေးရှင်းပြီး စိတ်ချမ်းမြေ့စွာသွားလာနိုင်အောင် စက်တွေ၊ သမ္ဗန်တွေ ကြံ့ခိုင်ကောင်းမွန်မှု၊ အသက်ကယ်အင်္ကျီ၊ ဖောကွင်းတွေနဲ့ သတ်မှတ်စည်းကမ်းချက်တွေအတိုင်း ပိုမိုကောင်းမွန်အောင် တိုးမြှင့်ဖြည့်စွက်ဖို့လိုနေသလို သမ္ဗန်မောင်းဆရာတွေလည်း ခရီးသွားတွေအပေါ် ပြေပြေပြစ်ပြစ် ပြောဆိုဆက်ဆံကာ ဝန်ဆောင်မှုကောင်းအောင် လုပ်ဆောင်ပေးစေချင်ပါတယ်”ဟု တွေ့ကြုံခံစားချက်များ ပြောပြခဲ့သည်။

**သတင်း - သန်းဌေး(ဒလ)၊ဓာတ်ပုံ-ခြူးသီရိ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၆ ဧပြီလမှ ၂၀၁၇ ဒီဇင်ဘာလ အထိ လူသတ်မှု ၃၀၀ ရှိ တရားဥပဒေစိုးမိုးရေးပြည်သူများပူးပေါင်းရန် စည်းရုံးသင့်ကြောင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ပြောကြား

ရန်ကုန် မေ ၂၂

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၀)ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် လသာမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်က “ (၁)ရဲလက်စွဲအပိုဒ် ၁၇၅၄ ပါ အရေးကြီးသော ရာဇဝတ်မှုကြီး(၁၀) မျိုးနှင့် စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ၁-၄-၂၀၁၆ ရက်နေ့မှ ၃၁-၁၂-၂၀၁၇ ရက်နေ့အထိ မည်မျှဖြစ်ပွားခဲ့သည်ကို သိရှိလိုပါကြောင်း၊ (၂) အဆိုပါဖြစ်ပွားသော မှုခင်းများအနက် တရားခံ ဖော်ထုတ်ရန်ကျန်သော မှုခင်းကြီးပေါင်း မည်မျှရှိပါသနည်း၊ (၃)ဖော်ထုတ်ရန် ကျန်နေသေးသော အမှုများပေါ်ပေါက်စေရန် မှုခင်းစုံစမ်းထောက်လှမ်း ခြင်းနှင့် စပ်လျဉ်းပြီး မည်ကဲ့သို့ဆောင်ရွက်လျက်ရှိသည်”ကို သိရှိလိုကြောင်း မေးခွန်းကို မေးမြန်းခဲ့သည်။

**စုံစမ်းဖော်ထုတ်**

အဆိုပါမေးခွန်းကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးက ပြန်လည်ဖြေကြားခဲ့ရာ “အရေးကြီးသော ရာဇဝတ်မှုကြီး ၁၀ မျိုးနှင့် စပ်လျဉ်း၍ ၁.၄.၂၀၁၆ ရက်နေ့မှ ၃၁.၁၂.၂၀၁၇ ရက်နေ့အထိ ဖြစ်ပွားခဲ့မှုနှင့် စုံစမ်းဖော်ထုတ် ဆောင်ရွက်ထားရှိမှုမှာ လူသတ်မှုအနေဖြင့် အမှု ၃၀၀ရှိပြီး အမှု ၂၈၀ ကို တရားစွဲတင်ပို့နိုင် ခဲ့ကာ ၁၀ မှု ပိတ်သိမ်းခဲ့၍ လက်ကျန် ၁၀ မှုရှိပါကြောင်းနှင့် စုံစမ်းဖော်ထုတ် တရားစွဲ တင်နိုင်သည့် ရာခိုင်နှုန်းမှာ ၉၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ဓားပြမှုအနေဖြင့် တစ်မှုရှိပြီး ယင်းတစ်မှုကို တရားစွဲတင်ပို့နိုင်ခဲ့၍ အမှုလက်ကျန်မရှိပါကြောင်းနှင့် စုံစမ်းဖော်ထုတ် တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ ၁၀၀ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ လုယက်မှုအနေဖြင့် ၈၄ မှုရှိပြီး ၆၁ မှုကို တရားစွဲတင်ပို့နိုင်ခဲ့ကာ ကိုးမှုပိတ်သိမ်းခဲ့၍ လက်ကျန် ၁၄ မှု ရှိပါကြောင်းနှင့် စုံစမ်းဖော်ထုတ် တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ ၇၃ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ပြန်ပေးဆွဲအမှုအနေဖြင့် တစ်မှုရှိပြီး ၎င်းတစ်မှုကို တရားစွဲတင်ပို့နိုင်ခဲ့၍



လသာမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်



လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး

အမှုလက်ကျန်မရှိပါကြောင်းနှင့် စုံစမ်းဖော်ထုတ် တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ ၁၀၀ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

မုဒိမ်းမှုအနေဖြင့် ၄၆၀ မှုရှိပြီး ၄၅၆ မှုကို တရားစွဲတင် ပို့နိုင်ခဲ့ကာ နှစ်မှုပိတ်သိမ်းခဲ့၍ လက်ကျန်နှစ်မှုရှိပါကြောင်းနှင့် စုံစမ်းဖော်ထုတ်တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ

> **တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့များ အနေဖြင့် အမှုများ ဖော်ထုတ် တရားစွဲတင်နိုင်ရေး အတွက် အပတ်စဉ်၊ လစဉ် သုံးသပ်အစည်းအဝေးများ ပြုလုပ်ကာ ပူးပေါင်း စုံစမ်း ဖော်ထုတ်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ**

၉၉ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ဖောက်ထွင်းမှုအနေဖြင့် သုံးမှုရှိပြီး တစ်မှုကို တရားစွဲတင်ပို့ နိုင်ခဲ့ကာ နှစ်မှုပိတ်သိမ်းခဲ့၍ အမှုလက်ကျန် မရှိပါကြောင်း၊ စုံစမ်းဖော်ထုတ် တရားစွဲ တင်နိုင်သည့် ရာခိုင်နှုန်းမှာ ၃၃ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ တိရစ္ဆာန်ခိုးမှုအနေဖြင့် ငါးမှု ရှိပြီး ယင်းငါးမှုကို တရားစွဲတင်ပို့နိုင်ခဲ့၍ အမှုလက်ကျန်မရှိပါကြောင်း၊ စုံစမ်းဖော်ထုတ် တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ ၁၀၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ မတရားအသင်း ဖြစ်ပွားတိုင်တန်းမှုအနေဖြင့် နှစ်မှုရှိပြီး တစ်မှုကို တရားစွဲတင်ပို့နိုင်ခဲ့ကာ တစ်မှုပိတ်သိမ်းခဲ့၍ အမှုလက်ကျန်မရှိပါကြောင်း၊ စုံစမ်းဖော်ထုတ် တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ ၅၀ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အမှုကြီး ၁၀ မျိုးတွင် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုနှင့် လက်နက်မှုတို့မှာ ဖြစ်ပွားခဲ့ခြင်း မရှိပါကြောင်း။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါကာလအတွင်း ဖြစ်ပွားသော အမှုကြီးပေါင်း မှာ ၈၅၆ မှုရှိပြီး တရားစွဲတင်ပို့မှု ၈၀၆ မှု၊ ပိတ်သိမ်းမှု ၂၄ မှုရှိသဖြင့် အမှုကြီးလက်ကျန် ၂၆ မှုကျန်ရှိကာ တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ ၉၄ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ဖော်ထုတ် ရန် ကျန်နေသေးသောအမှုများ ပေါ်ပေါက်စေရန် မှုခင်းစုံစမ်းထောက်လှမ်းခြင်းနှင့် စပ်လျဉ်း၍ ရဲတပ်ဖွဲ့မှ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၁၄.၆.၂၀၁၆ ရက်နေ့မှ စတင်ကာ ရဲတပ်ဖွဲ့နှင့်အတူ အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ရွာနေပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဖြစ်ပွားသောအမှုများနှင့် ပတ်သက်ဆက်နွှယ်သည့် သတင်းများရရှိရန် ထောက်လှမ်းခြင်း၊ ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်နိုင်ရေးအတွက် ပြစ်ချက်ဟောင်းရှိ တရားခံများအား ဥပဒေနှင့်အညီစိစစ်ဆေးခြင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့များအနေဖြင့် အမှုများ ဖော်ထုတ်တရားစွဲတင်နိုင်ရေးအတွက် အပတ်စဉ်၊ လစဉ်သုံးသပ်အစည်းအဝေးများ ပြုလုပ်ကာ ပူးပေါင်းစုံစမ်းဖော်ထုတ်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း။

**တရားဥပဒေစိုးမိုးရေး**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အမှုကြီးများဖြစ်ပွားမှုအပေါ် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်လျက်ရှိသည့်အပြင် ရပ်ရွာနေပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်း များ ပူးပေါင်းပါဝင်ဆောင်ရွက်မှု မြင့်မားလာသည့်အလျောက် ဖြစ်ပွားသောမှုခင်းများ စုံစမ်းဖော်ထုတ်ရာတွင် ယခုထက်ပိုမို၍ စုံစမ်းဖော်ထုတ်နိုင်မှု ရာခိုင်နှုန်းပိုမိုမြင့်မားလာ နိုင်မည်ဖြစ်ကြောင်းနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ဆောင် ရွက်လာစေရေး ပိုမိုစည်းရုံးဆောင်ရွက်သင့်ကြောင်း” ပြန်လည်ဖြေကြားခဲ့သည်။

**နိုင်လင်းကျော်(ဒလ)**

# ငွေကြေးယူ၍ လေဘာစာရွက်နှင့် ရဲစခန်းထောက်ခံစာ ပြုလုပ်နေသော ပွဲစားများကိုစွ လွှတ်တော်ကိုယ်စားလှယ်ထံ ရပ်ကွက်အုပ်ချုပ်ရေးမှူးက တင်ပြမည်ဟုဆို

ရန်ကုန် မေ ၂၂

**မြန်မာပြည်၏ ကုန်ထုတ်စွမ်းအား အများဆုံးတည်ရှိရာ လှိုင်သာယာမြို့နယ်၌ အလုပ်သမားများ စက်ရုံအလုပ်ရရှိနိုင်ရန် မြို့နယ်အလုပ်သမားနှင့် အလုပ်အကိုင်ရှာဖွေရေးရုံးတွင် မှတ်ပုံတင်မိတ္တူထပ်၍ စာရွက်ရရှိပြီး ရဲစခန်းထောက်ခံစာတို့ဖြင့်သာ စက်ရုံများက အလုပ်သမားကို လက်ခံသည့်အတွက် အလုပ်သမားနှင့် အလုပ်အကိုင်ရှာဖွေရေး စာရွက်ရရှိရန် ပွဲစားများကို ငွေကျပ်သုံးထောင်ပေးရပြီး ရဲစခန်းထောက်ခံစာရွက်ကို လေဘာရုံးအနီးတွင် ငွေကျပ် ၁၅၀၀ ပေးရသောကြောင့် ငွေကြေးမပေးနိုင်သော နယ်မှအလုပ်လျှောက်သူများ အခက်အခဲများ ကြုံတွေ့နေရသဖြင့် အဆိုပါကိစ္စအား လွှတ်တော်ကိုယ်စားလှယ်ထံ တင်ပြသွားမည်ဟု အမှတ် (၈) ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။**

**တင်ပြဆွေးနွေးဖို့ရှိ**

“သင်္ကြန်ပိတ်ပြီးနောက်မှာ ပွဲစား ငါးဦးကို ဖမ်းခဲ့သေးတယ်၊ ဒီနောက်ပိုင်း ဖမ်းဆီးတာ မကြားမိဘူး၊ ပွဲစားတွေက ရပ်ကွက်အသီးသီးကပဲ၊ ရဲစခန်းထောက်ခံ စာ စာရွက်ဘယ်ကရသလဲတော့ မသိဘူး ပြန်ပြီးရောင်းစားနေကြတာ၊ ဈေးသည်နဲ့ ဆိုင်ကယ်ကယ်ရီသမားတွေလည်း ပွဲစား လုပ်တယ်လို့ ကြားတယ်၊ မြို့နယ်အလုပ် သမားနှင့် အလုပ်အကိုင်ရှာဖွေရေးရုံး ပွဲစားအပါအဝင် မြို့နယ်က ပွဲစားကိစ္စကို လွှတ်တော်ကိုယ်စားလှယ်ထံ တင်ပြ ဆွေးနွေးဖို့ ရှိပါတယ်”ဟု အမှတ်(၈) ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။

**ငွေရလွယ်သောလုပ်ငန်း**

လှိုင်သာယာမြို့နယ်ရှိ တရားရုံးနှင့်





အလုပ်လာရောက်လျှောက်ထားသူများ မှတ်ပုံတင်မိတ္တူပေး၍ ငွေပေးနေသည်ကို တွေ့ရစဉ်။

မြို့နယ်အလုပ်သမားနှင့် အလုပ်အကိုင်ရှာဖွေရေးရုံး၌ အလုပ်ရရှိရန် လာရောက် လျှောက်ထားသူများကို တွေ့ရစဉ်။

ဌာနဆိုင်ရာတို့တွင် ပွဲစားလုပ်ငန်း တိုးပွားလာ၍ ဌာနဆိုင်ရာအချို့တွင် ပွဲစားတို့၏ ခြယ်လှယ်မှုကြောင့် ဌာန၏ ပုံရိပ်ကို ထိခိုက်စေလျက်ရှိပြီး ပွဲစား အများဆုံးစုရုံးရာ မြို့နယ်အလုပ်သမားနှင့် အလုပ်အကိုင်ရှာဖွေရေး ရုံးတွင်လည်း ဆိုင်ကယ်ကယ်ရီ၊ ဈေးသည်နှင့် ပတ်သက် ရာ ပတ်သက်ကြောင်း ပွဲစားတို့ကြောင့် ငွေရလွယ်သော လုပ်ငန်းတစ်ခုအဖြစ် ပွဲစားများ ပို၍များပြားလာခြင်း ဖြစ်ကြောင်း သိရသည်။

“ဘယ်နယောက်စာလဲ ငါး ယောက်စာဆိုရင် တစ်ဦးကို ငွေကျပ် ၃၀၀၀ ကျမယ်၊ ကျွန်တော်က ငွေကျပ် ၅၀၀ ပဲရတာ၊ လျှော့လို့တော့ မရဘူး၊ မှတ်ပုံတင်မိတ္တူပေးထားပြီး ခဏစောင့် နေ၊ အဆင်ပြေအောင်လုပ်ပေးမယ်”ဟု မြို့နယ်လေဘာရုံးရှေ့ရှိ ဈေးသည် အမျိုးသားတစ်ဦး (သရက်သီးချဉ်ပေါင်း သည်)က ပြောသည်။

**စီးပွားရေးလုပ်ငန်းပမာ**

လေဘာရုံးရှေ့၌ မှတ်ပုံတင်မိတ္တူ စီနီယာရရှိရန် ထပ်မည်ဆိုပါက တစ်ရွက် လျှင် ငွေကျပ် သုံးထောင်နှင့်အထက် ပေးရပြီး ရဲစခန်းထောက်ခံစာကိုလည်း ထိုရုံးရှေ့နှင့်လမ်းထိပ်တွင် တစ်ရွက်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချလျက် ရှိသည်။

မှတ်ပုံတင်မိတ္တူထပ်ရာ၌ အုပ်စု တစ်စုလျှင် လူဦးရေ ၂၅ ဦးစီဖြင့် အုပ်စု ၃၀ မှ ၅၀ ကျော်ထိ နေ့စဉ်လေဘာ စာရွက် လျှောက်ထားလျက်ရှိသည်။

လှိုင်သာယာတွင် စက်ရုံပေါင်း ၈၀၀ ကျော်နှင့် အလုပ်သမားနှစ်သိန်းခန့် လုပ်ငန်းခွင်ဝင်ရောက်လျက် သင်္ကြန် ကာလနောက်ပိုင်းမှစ၍ ယနေ့အထိ မြို့နယ်လေဘာရုံး၌ လေဘာစာရွက် လျှောက်သူတို့ဖြင့် စည်ကားလျက်ရှိရာ စီးပွားရေးလုပ်ငန်းပမာ ပွဲစားများ တိုးပွားလာမှုကို ရပ်ကွက်အုပ်ချုပ်ရေး မှူးက မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ထံ တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း လည်း သိရသည်။ **(၁၆၄)၊ဓာတ်ပုံ - သစ္စာ**

# ကော့မှူးမြို့နယ်၏ လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းခွဲပေါင်း ၂၀၀ ကျော် ဆောင်ရွက်ပေးနိုင်ခဲ့

ရန်ကုန် မေ ၂၂

**ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၏ လူထုဗဟိုပြုစီမံကိန်း (တတိယနှစ် စက်ဝန်း)တွင် ကျေးရွာအုပ်စု ၅၅ အုပ်စု၊ ကျေးရွာပေါင်း ၁၃၄ ရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းခွဲပေါင်း ၂၀၄ ခု အား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးကြည်က ပြောသည်။**

ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန် တိုင်းဒေသကြီး ကော့မှူးမြို့နယ် အားကစားခန်းမ၌ ကျင်းပသော လူထု ဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်း အတွက် ကျေးလက်ဒေသခံ သက်ဆိုင်သူ ပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူး ဦးမျိုးကြည်က ပြော ကြားခြင်း ဖြစ်သည်။ အဆိုပါအခမ်းအနား တွင် ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဆွေဝင်း၊ ကော့မှူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇေယျာမြတ်သူနှင့် လူထုဗဟိုပြု စီမံကိန်းတွင်ပါဝင်သော တိုင်းဒေသကြီး အဆင့်နှင့် မြို့နယ်နည်းပညာအထောက် အကူပြုအဖွဲ့များ ကျေးရွာအုပ်စုများမှ လူထုဗဟိုပြု စီမံကိန်းကိုယ်စားလှယ် များနှင့် ဒေသခံတောင်သူများ တက် ရောက်ကြသည်။

**စွမ်းဆောင်ရည် မြှင့်တင်**

“လူထုဗဟိုပြု စီမံကိန်းအနေနဲ့ ကျေးရွာတွေကို တိုက်ရိုက်ဝန်ဆောင်မှု ပေးနိုင်ဖို့အတွက်ပါ၊ ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းပြီး စီမံကိန်းလုပ်ငန်းတွေ ဆောင် ရွက်နိုင်ဖို့ ရန်ပုံငွေတွေကို တိုက်ရိုက် ထောက်ပံ့ပြီးတော့မှ ကျေးရွာ ရပ်မိရပ်ဖ တွေရဲ့ သဘောဆန္ဒအတိုင်း ကော်မတီဝင် တွေကိုရွေးချယ်ပြီး ကျေးရွာသူ၊ ကျေးရွာ သားတွေရဲ့ စွမ်းဆောင်ရည်တွေ မြှင့်တင် နိုင်အောင် သင်တန်းတွေပေး၊ အစည်း အဝေးတွေ ခေါ်ပါတယ်၊ ပြီးတော့ ကိုယ့် ဒေသမှာလုပ်မယ့် လုပ်ငန်းတွေကို ကိုယ့်ဘာသာရွေးချယ်ပြီး ကိုယ်တိုင် ဆောင်ရွက်ရတာ ဖြစ်ပါတယ်၊ ဒေသခံ တွေရဲ့ စုပေါင်းဆောင်ရွက်မှုတွေအပေါ် မှာ အားသာချက်များပြီး အားနည်းချက် နည်းအောင် ပြည်ထောင်စုအဆင့်မှာ ထူးချွန်ဆုရအောင် ဆောင်ရွက်စေလို ပါတယ်”ဟု ညွှန်ကြားရေးမှူး ဦးမျိုးကြည် က ထပ်မံပြောကြားသည်။

**စတင်ဆောင်ရွက်**

ကော့မှူးမြို့နယ်သည် ကမ္ဘာ့ဘဏ် ထောက်ပံ့မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ အကောင် အထည်ဖော်ဆောင်သော လူထုဗဟိုပြု စီမံကိန်းကို ၂၀၁၆ ခုနှစ်မှ စတင်ဆောင် ရွက်ခဲ့ပြီး ယခု တတိယနှစ်စက်ဝန်းအထိ သုံးနှစ်အတွင်း ကျေးရွာအုပ်စု ၅၅ အုပ်စု ကျေးရွာပေါင်း ၁၃၄ ရွာ၌ ငွေကျပ် သန်းပေါင်း ၄၃၅၂ သုံးစွဲခဲ့ပြီး ဖြစ်သည်။ ယခု တတိယနှစ်စက်ဝန်းတွင် ကျေးရွာ ချင်းဆက်လမ်းနှင့် အခြားလမ်းလုပ်ငန်း အပါအဝင် စုစုပေါင်း ၁၅၀ ခု၊ ကျေးလက် ဖွံ့ဖြိုးရေးအဆောက်အအုံလုပ်ငန်း ၂၈ ခု၊ ရေပေးဝေရေးလုပ်ငန်း ကိုးခု၊ တံတား လမ်းကူးများနှင့် တံတားများတည်ဆောက် ပေးခြင်းလုပ်ငန်း ကိုးခု၊ မီးလင်းရေး လုပ်ငန်းလေးခုနှင့် ရေမြောင်းတူးဖော်ခြင်း လုပ်ငန်း လေးခု အပါအဝင် လုပ်ငန်းခွဲ စုစုပေါင်း ၂၀၄ ခုကို ဖော်ဆောင်ပေးနိုင် ခဲ့ကြောင်းနှင့် ကျေးရွာနေလူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေကျပ် ၁၅၀၆ သန်း ရှိကြောင်း စတုတ္ထစက်ဝန်းနှစ် ၂၀၁၈ - ၂၀၁၉ ခုနှစ်အထိ လူထုဗဟိုပြုစီမံကိန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ ဆွေးနွေးပွဲမှ သိရသည်။

**ဆုများချီးမြှင့်ပေးအပ်**

ယင်းနေ့ဆွေးနွေးပွဲတွင် တက်ရောက် လာကြသော လူထုဗဟိုပြုကိုယ်စားလှယ် များမှ မြို့နယ်အဆင့် ဂျူရီလူကြီးများ ရွေးချယ်ခြင်း၊ အဖွဲ့အစည်းလိုက် တက်ညီ လက်ညီ ဆောင်ရွက်ကြသော ကျေးရွာ များအား ဆုများချီးမြှင့်ပေးအပ်ခြင်းတို့ ကို ဆောင်ရွက်ကြောင်း သိရသည်။

ထိုစီမံကိန်း၏ ကျေးလက်နေလူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေအဖြစ် ပထမနှစ် စက်ဝန်းတွင် ငွေကျပ် သန်း ၁၃၄၀ နှင့် စီမံ ကိန်းလုပ်ငန်းခွဲ ၁၈၈ ခု၊ ဒုတိယနှစ်စက်ဝန်း တွင် ငွေကျပ် သန်း ၁၅၀၆ နှင့် စီမံကိန်း လုပ်ငန်းခွဲပေါင်း ၁၉၆ ခုတို့အားဆောင်ရွက် ပေးနိုင်ခဲ့ပြီး နှစ်စဉ်တိုးတက်လာမှုများ ရှိကြောင်း သိရသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေလူထုအား လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်း၊ ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် စီမံကိန်း စသည့်စီမံကိန်းများနှင့် ဆောင်ရွက်ပေး လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၂-၅-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၅/၉၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၅/၈၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၉၅/၉၁၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၄၈ ·၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၈၃ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၃ ·၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၁၄ ·၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၁၄ ·၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၁၃ ·၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ·၂၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၉ ·၈၂၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ ·၆၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၉ ·၀၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၁ ·၈၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | ဝင်းရွှေ |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ) |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

## မော်ဒယ်ကျော်ရဲထက်အား Mister Universe Tourism ပြိုင်ပွဲအတွက် ရွေးချယ်




ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် မေ ၂၅ ရက်မှစတင် ကျင်းပမည့် Mister Universe Tourism ၂၀၁၈ ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ပြီး မြန်မာနိုင်ငံ၏ ရိုးရာအမွေအနှစ်များကို မှတ်တမ်းတစ်ခုအဖြစ် ချပြယှဉ်ပြိုင်သွားမည်ဟု ကျော်ရဲထက် ကပြောသည်။

"ကျွန်တော်က တောင်ကြီးကနေ ဒေသကိုကိုယ်စားပြုဝင်ပြိုင်ရင်း ဆုရရှိခဲ့တာဖြစ်ပါတယ်၊ ဒီပြိုင်ပွဲမှာ ကျွန်တော်က Body Building တွေ၊ ရိုးရာဝတ်စုံပြိုင်ပွဲတွေအတွက် အများကြီးပြင်ဆင်ထားပါတယ်၊ ခရီးသွားအပိုင်းကိုတော့ မြန်မာနိုင်ငံရဲ့ ရိုးရာအမွေအနှစ်တွေကို ထည့်သွင်းရိုက်ကူးပြီး နိုင်ငံတကာကို ထိုးဖောက်နိုင်အောင် အကောင်းဆုံး ပြသသွားမှာပါ၊ ကျွန်တော်က ပြိုင်ပွဲကြီးမှာ မြန်မာနိုင်ငံရဲ့ခရီးသွားလုပ်ငန်းနှင့် ပတ်သက်ပြီး မြှင့်တင်ရမှာဖြစ်ပါတယ်၊ ကျွန်တော်က ရှမ်းလူမျိုးဆိုတော့ ရှမ်းပြည်နယ်ကိုယ်စားပြုလည်းဖြစ်တာမို့ တောင်ကြီး၊ အင်းလေး၊ ပုဂံ၊ မန္တလေး စတဲ့မြို့တွေမှာရှိတဲ့ မြန်မာ့ရိုးရာအမွေအနှစ်တွေကို Short Video ၂ မိနစ် ၃၅ စက္ကန့်စာ ရိုက်ကူးပြီးပြသသွားမှာပါ" ဟု ဆိုသည် ။

Mister Universe Tourism 2018 ပြိုင်ပွဲသည် နိုင်ငံပေါင်း ၂၀ ကျော်မှ အလှမောင်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံက ဒုတိယအကြိမ်မြောက်သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ကျော်ရဲထက်က ပြိုင်ပွဲသို့ ဒီဇိုင်နာစည်သူဝင်း ဖန်တီးချုပ်လုပ်ထားသည့် ကိန္နရာဝတ်စုံကို ရိုးရာဝတ်စုံအဖြစ် ရွေးချယ်ဝတ်ဆင်ယှဉ်ပြိုင်သွားမည်ဟု သိရသည်။

**ကိုလင်း**

## ခေမီကို၏ အာဂမိန်းမ

**ကိုလင်း**



Dancer တစ်ဦးအဖြစ်နှင့်သာမက အဆိုတော် တစ်ယောက်အဖြစ်နှင့် ဂီတအလုပ်များ ဖန်တီးနေသည့် ခေမီကိုတစ်ယောက်သူ၏တစ်ကိုယ်တော်ခွေဖြစ်သည့် "အာဂမိန်းမ" ဟုအမည်ပေးထားသော တေးစီးရီးကို The Sun Music တေးထုတ်လုပ်ရေးမှ ယခုလ မေ ၂၆ ရက်တွင် စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

"ခေမီကိုရဲ့ တတိယမြောက်ခွေလည်းဖြစ်တယ်၊ အာဂမိန်းမဆိုတဲ့ နာမည်လေးကတော့ အခုခေတ် လူငယ်တစ်ဦးအနေနဲ့ ပေါ်လာတဲ့အတွေးပေါ့လေ၊ နောက်ဆုံးပေါ်ကကွက်တွေလည်း ထည့်သွင်းထားပါတယ်၊ ဒီသီချင်းကိုနားထောင်လိုက်တာနဲ့ ပရိသတ်တွေ စိတ်ခံစားခွန်အားပြည့်ဝစေလိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ကိုဆောင်းဦးလှိုင်က တစ်ပုဒ်ရေးပေးထားတယ်၊ သီချင်းတစ်ပုဒ်ကတော့ တရုတ်သီချင်းလေး ကော်ပီတစ်ပုဒ်ပါတယ်" ဟု တေးသံရှင်ခေမီကိုက ပြောသည်။

အဆိုပါ သီချင်းခွေတွင် သီချင်း ၁၂ ပုဒ်ပါဝင်ပြီး တေးရေးဆရာ ဆောင်းဦးလှိုင်၊ ဝေကြီး၊ သံဒိုး၊ မိုးထက်၊ ကျော်နေလနှင့် အားကျူးတို့က ရေးသားဖော်ကျူးပေးထားကာ Featuring အနေဖြင့် ဝေကြီး၊ မိုးထက် နှင့် အားကျူးတို့က ပါဝင်သီဆိုပေးထားသည်။ ယင်းပရိုမိုးရှင်းပွဲကို မေ ၂၆ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လှည်းတန်းစင်တာ၌ အနုပညာမောင်နှမများစွာဖြင့် လက်မှတ်ရေးထိုး သီဆိုဖျော်ဖြေကာ ပထမဆုံးအခွေဝယ်ယူအားပေးသူ အယောက် ၁၀၀ အား ထီးနှင့် အင်္ကျီများ လက်ဆောင်ပေးသွားမည်ဟု သိရသည်။

## ရုပ်အလှအပြင် စိတ်ထားမွန်မြတ် လှပခြင်းကလည်း အရေးပါ

Miss Universe Myanmar 2018 Winner အလှမယ် နှင်းသွေးယုအောင်က ၂၀၁၆ ခုနှစ်မှစတင်ကာ Miss Universe တာချီလိတ်၊ ကျိုင်းတုံကတည်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူဖြစ်သည်။



၂၀၁၇ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အဖြစ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Miss Universe Title ဆုကိုရရှိခဲ့သည်။ နှင်းသွေးယုအောင်က ရုပ်ပိုင်းဆိုင်ရာ လှပကြော့ရှင်းရန်အတွက် ပြုပြင်ထားသကဲ့သို့ စိတ်ပိုင်းဆိုင်ရာအတွက်လည်း ကောင်းမွန်သည့် စိတ်ထားများပိုင်ဆိုင်နိုင်အောင် ကြိုးစားဆောင်ရွက်သည်ဟု ပြောသည်။

"တစ်ယောက်နဲ့တစ်ယောက် ခံယူချက်ချင်းတော့ မတူနိုင်ပါဘူး၊ ကျွန်မက မိခင်မွေးထားတဲ့ ကျွန်မရဲ့ မျက်နှာလေးကို မြတ်နိုးတန်ဖိုးထားပါတယ်၊ ဒါပေမယ့် အခုခေတ်ကြီးထဲမှာ ကိုယ့်လှပမှုအတွက် လိုအပ်တဲ့ အစိတ်အပိုင်းလေးတွေကို ပိုပြီးလှအောင် ပြောင်းရတာရှိမှာပါပဲ၊ ကိုယ့်ရဲ့လှပမှုအတွက် ပိုပြီးဖြည့်ဆည်းတယ်လို့ ထင်ပါတယ်၊ ဒါပေမယ့် ရုပ်ပိုင်းဆိုင်ရာ ခွဲစိတ်ပြုပြင်တဲ့သူတိုင်း ခံယူချက်ချင်းတော့ တူမယ်မထင်ဘူး၊ ကျွန်မကတော့ လိုအပ်တယ်လို့ထင်လို့ ခွဲစိတ်ပြုပြင်ခဲ့ပါတယ်" ဟု ၎င်းကဆိုသည်။

ထို့အပြင် ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများထက် စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုကလည်း အမျိုးသမီးများအားလုံးအတွက် အရေးကြီးကြောင်း ၎င်းကပြောကြားပြီး "စိတ်နေစိတ်ထားကလည်း လူတစ်ယောက်အပေါ်အများကြီး အကျိုးသက်ရောက်မှုရှိတယ်၊ ဝမ်းနည်းအားငယ်တတ်တဲ့ စိတ်ထားရှိမယ်ဆိုရင် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ကြုံတဲ့အခါ ကြောက်ရွံ့ထိတ်လန့်မှုတွေဖြစ်ပြီး အရှုံးပေးရတတ်တာမျိုးမရှိအောင်လည်း စိတ်ခံစားမြင့်မားအောင် ကျွန်မကြိုးစားတယ်၊ အတွေးအခေါ်ပိုင်းနဲ့ပတ်သက်ပြီးတော့လည်း လေ့လာသင်ယူတယ်၊ အများသူငါနဲ့ အဆင်ပြေအောင်၊ လူမှုအသိုက်အဝန်းတစ်ခုမှာ စိတ်ထားတတ်အောင် လေ့ကျင့်ယူတယ်" ဟု နှင်းသွေးယုအောင်က ပြောကြားသည်။

**ကိုလင်း**




## မြန်မာ-ကိုရီးယား ရော့ခ်နှင့် အီးဒီအမ်ပွဲကျင်းပမည်

မြန်မာ - ကိုရီးယား ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် Rock Concert & EDM ဂီတဖျော်ဖြေပွဲကို ဇွန် ၂ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံကွင်းအမှတ် ၁ ၌ ကျင်းပသွားမည်ဖြစ်သည်။

"ဒီပွဲရဲ့ထူးခြားချက်က သူတို့ဆီက အမျိုးသမီးအနုပညာရှင်တွေပါမယ်၊ ကိုယ်တိုင်တီးခတ်ပြီး ဖျော်ဖြေမယ်လို့ သိရတယ်၊ ဖြူဖြူကတော့ Rock သီချင်းတွေ ဆိုရမယ်၊ ကိုယ်ပိုင်သံစဉ်သီချင်းငါးပုဒ်နဲ့ ဖျော်ဖြေမှာပါ၊ နောက်တစ်ခုက သူတို့ဆီကနေ ကိုယ့်အတွက် ပညာတစ်ခုခုရစေမှာတော့အမှန်ပဲ၊ ပွဲကိုဘယ်လိုပြုလုပ်တယ် ၊ ဘယ်လိုပုံစံမျိုးတွေ လုပ်ဆောင်တယ်ဆိုတာမျိုးတွေလည်း တွေ့ရမယ်၊ ဒီလိုပွဲတွေများများ လုပ်သင့်တယ်လို့မြင်ပါတယ်၊ ဒါမှ ကိုယ့်ဆီကပရိသတ်တွေလည်း အမြင်တစ်ခု ပုံစံအသစ်တစ်ခုကို ခံစားမှုရစေမယ်လို့ ထင်ပါတယ်" ဟု ဖြူဖြူကျော်သိန်းက ပြောသည်။

အဆိုပါ ဖျော်ဖြေပွဲကြီးတွင် မြန်မာနိုင်ငံမှ နာမည်ကျော် တေးသံရှင်များဖြစ်သော G- Latt၊ လှိုင်ဦးမော်၊ Lega၊ ဖြူဖြူကျော်သိန်း ၊ DJ Andrew Raymond ၊ Arashi မုန်တိုင်း Band တို့ဖြင့် တီးခတ်မည်ဖြစ်ကာ ကိုရီးယားနိုင်ငံမှ နာမည်ကြီးတေးသံရှင်များဖြစ်သော DJ Kiara နှင့် Seomoon Tak Band တို့ကတီးခတ်ဖျော်ဖြေမည်ဖြစ်ပြီး လက်မှတ်များကို ငွေကျပ် တစ်သောင်း၊ နှစ်သောင်းဖြင့် ရောင်းချသွားမည်ဟု သိရသည်။

**ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

# ဇာတ်သိမ်းခန်းပေါက်ကြားမှာစိုးလို့ ပုံစံအမျိုးမျိုးနဲ့ ရိုက်ကူးထားတယ်ဆိုတဲ့ Race-3

မကြာခင်မှာ ထွက်ရှိတော့မယ့် ဘောလိဝုဒ်စတား ဆယ်မန်ခန်းရဲ့ဇာတ်ကားသစ်ဖြစ်တဲ့ Race-3 ဟာ ပရိသတ်တွေကြားမှာ အတော်လေးရေပန်းစားနေတာကို တွေ့ရပါတယ်။ ဇာတ်ကားကောင်းတွေကိုပဲ ဖန်တီးထုတ်လုပ်လေ့ရှိတဲ့ ဆယ်မန်ခန်းဟာ Race-3 ဇာတ်ကားကိုလည်း အကောင်းဆုံးပြင်ဆင်ထားပါတယ်။ Race-3 ဇာတ်ကားနမူနာကို မကြာသေးခင်ကမှ ထုတ်လွှင့်ခဲ့ပြီး ဆယ်မန်ခန်ရဲ့ပရိသတ်တွေက ကြိုက်နှစ်သက်ကြတယ်ဆိုတဲ့ ရလဒ်ကောင်းတွေ ရရှိထားပါတယ်။ အခုလည်း ရုပ်ရှင်ရိုက်ကူးသူတွေက Race-3 ဇာတ်ကားရဲ့ ဇာတ်ဝင်တေးသီချင်းတစ်ပုဒ်ကို ထုတ်လွှင့်ပြသဖို့ စီစဉ်ထားကြပါတယ်။ သီချင်းခေါင်းစဉ်ကတော့ Hiriye ပါ။ အဲဒီသီချင်းမှာ မင်းသမီးဂျာကူလင်ရဲ့ အကအလှတွေကို မြင်တွေ့ရမှာပါ။ Race-3 ဇာတ်ကားရဲ့ ဇာတ်ရှိန်အမြင့်ဆုံးအခန်းကို ပေါက်ကြားမှာစိုးတဲ့အတွက် ရိုက်ကူးသူတွေဟာ အဆုံးသတ်အခန်းကို အမျိုးမျိုးရိုက်ကူးထားမှာဖြစ်တယ်။ ဒါမှလည်း တကယ့်ဇာတ်သိမ်းခန်းက ဘာလဲဆိုတာ မပေါက်ကြားမှာပဲ ဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီဇာတ်ကားမှာ ဆယ်မန်ခန်း၊ အန်နီရယ်ကပူးလ်၊ ဘော်ဘီ၊ ဒေစီဆာ့ရ်၊ ဂျာကူလင်ဖာနန်ဒက် အစရှိတဲ့ သရုပ်ဆောင်တွေပါဝင်ထားပါတယ်။ Race-3 ဇာတ်ကားကို ၂၀၁၈ ခုနှစ် ဇွန် ၁၅ ရက်မှာ ရုံတင်ပြသမှာဖြစ်ပြီး သူ့အရင် ဇာတ်ကားတွေလိုပဲ အောင်ပွဲခံနိုင်မလားဆိုတာကတော့ မကြာခင်မှာပဲ သိရတော့မှာပါ။


**အီးတိုင်းမ်**



# မီဂန်မာကယ်ရဲ့ မင်္ဂလာဝတ်စုံကို ဝေဖန်လိုက်တဲ့ ကေတီပယ်ရီ

အမေရိကန်အိုင်ဒေါမှာ ဒိုင်အဖြစ် ဆောင်ရွက်နေတဲ့ အဆိုတော်ကေတီပယ်ရီက မကြာသေးခင်ကမှ တော်ဝင်မင်းသားဟယ်ရီနဲ့ လက်ထပ်ပွဲ ကျင်းပသွားတဲ့ မီဂန်မာကယ်ရဲ့ သတို့သမီးဝတ်စုံကို ဝေဖန်ခဲ့ပါတယ်။ ပေါ့အဆိုတော်တစ်ဦးဖြစ်တဲ့ ကေတီပယ်ရီက မီဂန်မာကယ်ရဲ့ဝတ်စုံဟာ အနည်းငယ်လိုနေသလို ခံစားရပြီး ၂၀၁၁ ခုနှစ်က ဝီလျံနဲ့ လက်ထပ်လိုက်တဲ့ ကိန်းဘရစ်မြို့စားကတော် ကိတ်မစ်ဒယ်တန်ရဲ့ သတို့သမီးဝတ်စုံကို ပိုနှစ်သက်တယ်လို့ ပြောပါတယ်။ ဒီလိုမျိုး ဝေဖန်လိုက်ပေမယ့် ကေတီပယ်ရီက သူဟာ ဟယ်ရီကိုရော မီဂန်ကိုပါ ချစ်ပါတယ်လို့လည်း ပြောခဲ့ပါတယ်။ မီဂန်မာကယ်ရဲ့ သတို့သမီးဝတ်စုံကို လျှို့ဝှက်ထားခဲ့တာဖြစ်ပြီး မင်္ဂလာပွဲနေ့ကျမှ ပရိသတ်အားလုံး မျက်ဝါးထင်ထင် တွေ့မြင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ဗြိတိန်ဒီဇိုင်းနာ ကလဲရာ ဝိတ်ကယ်လာက ဒီဇိုင်းဆွဲပေးခဲ့တာပဲဖြစ်တယ်။ ကေတီပယ်ရီကတော့ အမေရိကန်အိုင်ဒေါဖိုင်နယ်ပွဲကျင်းပတဲ့ ညမှာပဲ မင်္ဂလာဝတ်စုံနဲ့ ပတ်သက်ပြီး သူ့ရဲ့ ထင်မြင်ချက်ကို ပြောခဲ့တာပဲဖြစ်တယ်။ “မီဂန်မာကယ်ရဲ့ လူမှုရေးလုပ်ငန်းတွေမှာ စိတ်အားတက်ကြွစွာ ပါဝင်ဆောင်ရွက်မှုတွေနဲ့ ပတ်သက်လို့ တကယ်ပဲ ချီးကျူးဂုဏ်ယူပါတယ်။ သူတို့စုံတွဲ ပျော်ပျော်ရွှင်ရွှင် နေသွားနိုင်ပါစေလို့လည်း ဆုတောင်းပါတယ်”လို့ ကေတီပယ်ရီက အင်တာဗျူးမှာ ဖြေကြားထားပါတယ်။

**ဘီဘီစီ**



ဖြူး

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၂၂)

# တရားရုံးများ၏ ဂုဏ်သိက္ခာ



**ဦးဟန်ညွန့် (ဥပဒေ)**

**ဂုဏ်သိက္ခာ**

ပြီးခဲ့သည့်အပတ်က ၂၀၁၇ တရားရုံးအစီရင်ခံစာအကြောင်း သုံးသပ်ချက်ရေးခဲ့ပါသည်။ ယခုတစ်ပတ်တွင် တရားရုံးများ၏ ဂုဏ်သိက္ခာအကြောင်း ဆက်လက်တင်ပြပါရစေ။

တရားရုံးများ၏ဂုဏ်သိက္ခာကို ဘယ်လိုတည်ဆောက်ကြမှာလဲ။ ဘယ်လိုမြှင့်တင်ကြမည်လဲ။ တစ်ဦးတစ်ဖွဲ့တည်းမြှင့်တင်၍မဖြစ်။ မရ။ စုပေါင်းလုပ်ကြမှ တော်ကာကျမည်။ လက်တွေ့ဘဝများက ထောက်ပြခဲ့ပြီး ဖြစ်ပါသည်။

**အရေးကြီးရာဇဝတ်မှု**

၂၀၁၇ အတွင်း မြို့နယ်နှင့် ခရိုင်တရားရုံးများသို့ အရေးကြီးရာဇဝတ်မှုများ စွဲတင်ခဲ့သည်။ ဥပမာ မုဒိမ်းမှု၊ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှုများဖြစ်သည်။ စွဲတင်ခဲ့သော ရာဇဝတ်မှုပေါင်း ၃၄၆၅၀၃ မှုရှိသည်။ နေ့ချင်းပြီး စစ်ခဲ့သောအမှု ၂၃၈၀၇၉ ရှိသည်။ (အစီရင်ခံစာ၊ စာမျက်နှာ-၆၀)

- မုဒိမ်း - ၁၉၃၀မှု
- လူသတ်မှု - ၁၂၁၄ မှု
- မူးယစ်ဆေးဝါး - ၉၀၅၂ မှု
- လူကုန်ကူးမှု - ၁၉၁ မှု
- အခြား - ၉၆၀၃၇ မှု



**အခြေပြဇယား**

အခြေပြဇယားဖော်ပြချက်အရ-

(၁) မုဒိမ်းမှု - ဧရာဝတီတိုင်းဒေသကြီးမှာ အများဆုံးစွဲဆို

(၂) လူသတ်မှု - မန္တလေးတိုင်းဒေသကြီးမှာ အများဆုံးစွဲဆို

(၃) မူးယစ်နှင့်လူကုန်ကူးမှု - ရှမ်းပြည်နယ်မှာ အများဆုံးစွဲဆို

**အမှုပြီးပြတ်မှုနှုန်း**

မြို့နယ်တရားရုံးများ၏အမှုပြီးပြတ်မှုနှုန်းကို ဇယား ၆ တွင် ဖော်ပြထားသည်။ စွဲဆိုမှုယခင်နှစ်ထက် ၅ ဒသမ ၈ ရာခိုင်နှုန်း ပို၍များသည်။ မှုခင်းအားလုံး၏ ပြီးပြတ်မှုသည် ယခင်နှစ်ထက် ၄ ရာခိုင်နှုန်းပိုမိုများပြားသည်။

တိုင်း/ပြည်နယ်နှင့် အခြားရုံးများ၏ ပြီးပြတ်မှုနှုန်းများ ဇယားဖြင့်ဖော်ပြထားသည်။

**သတင်းမီဒီယာနှင့်တွေ့ခြင်း**

သတင်းပြန်ကြားရေးအရာရှိများ ခန့်ထားသည်။ အကြိမ် ၁၅၀ တွေ့ဆုံဖြေကြားသည်ဟု ဖော်ပြသည်။ **(စာ- ၇၄)**

ယခုထက်ပို၍သတင်းပြန်ကြားရေးကဏ္ဍကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သင့်ပါသည်။ အခြေအနေမှန်များ ပို၍သိစေချင်ပါသည်။

**တိုးတက်မှုမရှိ**

တစ်နိုင်ငံလုံးအမှုပြီးပြတ်နှုန်းမှာ ရလဒ်အရ ၂၀၁၇ အမှုပြီးပြတ်နှုန်း၊ တရားမ ၈၈ရာခိုင်နှုန်း၊ ရာဇဝတ်မှု ၉၆ ရာခိုင်နှုန်းသည် သိသိသာသာတိုးတက်လာမှုမရှိ။ လျာထားချက်သို့ မရောက်ရှိပါ။ **(စာ - ၈၆)**

ရှေ့ပြေးတရားရုံးများအမှုပြီးပြတ်နှုန်းမှာ တရားမမှုပြီးပြတ်မှု ၁၀၀ ရာခိုင်နှုန်းနှင့် ရာဇဝတ်မှုပြီးပြတ်မှု တိုးတက်မှုနှုန်း ၁၀၀ ရာခိုင်နှုန်းဖြစ်လေသည်။

ရည်မှန်းချက်လျာထားချက်သို့ မရောက်ရှိခြင်းအတွက် ပြန်လည်ညှိနှိုင်းခြင်း၊ သုံးသပ်ခြင်း၊ အဖြေရှာခြင်းကို တစ်တိုင်းတစ်ပြည်လုံးအတွက် စဉ်းစားဆောင်ရွက်ကြရပေမည်။

**ရလဒ်များ**

ရှေ့ပြေးတရားရုံးများ၏ဆောင်ရွက်မှု ကျေနပ်ဖွယ်ရာရှိ၊ မရှိ။ တိုးမြှင့်လျာထားသတ်မှတ်သည့် ရာခိုင်နှုန်းသို့ ရောက်ရှိခြင်းမရှိသေးကြောင်း (စာ- ၉၃)တွင် ဖော်ပြထားသည်။ သတ်မှတ်ထားသည့်အချိန်အတွင်း အမှုများ ဆုံးဖြတ်နိုင်မှုကို အရောင်ခြယ်၍ ပုံစံများဖြင့် အသေးစိတ်ဖော်ပြထားသည်။ သုတေသီများဆက်လက် သုတေသနပြုလုပ်နိုင်ကြမည် မျှော်လင့်သည်။

**နယ်ပယ်**

မဟာဗျူဟာဖော်ဆောင်မည့်နယ်ပယ်များကို အောက်ပါအတိုင်း သတ်မှတ်ထားသည်-

(၁) အများပြည်သူ၏တရားမျှတမှု လက်လှမ်းမီရေးကို ကာကွယ်စောင့်ရှောက်ရန်

(၂) လူထု၏အသိအမြင်ကို မြှင့်တင်ပေးရန်

(၃) တရားစီရင်ရေး၏ လွတ်လပ်မှုနှင့်တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရန်

(၄) တရားစီရင်ရေး၏ သာတူညီမျှမှုနှင့် ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ် ထိန်းသိမ်းရန်

(၅) အမှုများစစ်ဆေးစီရင်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု အားကောင်းလာစေရန်

**အစီအစဉ်သတ်မှတ်ချက်**

၁- ထိပ်တန်းအဆင့်ဦးစားပေး

၂- အထူးအရေးကြီး

၃- အလယ်အလတ်ဦးစားပေးဟူ၍ အဆင့်(၃)ဆင့် သတ်မှတ်ဆောင်ရွက်သည်။ တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦး ဦးဆောင်၍မဟာဗျူဟာ လက်တွေ့အကောင်အထည်ဖော်သည်။

**Facebook**

တရားရုံးသတင်းများကို Website နှင့် Facebook၊ လက်ကမ်းစာစောင်များမှတစ်ဆင့် ဝေငှသည်။ အနှောင့်အယှက်ပေးသူ၊ အမုန်းစကားဖန်တီးသူများကတော့ ရှိစမြဲ။ သို့သော် အများပြည်သူ အသိအမြင်ကြွယ်အောင် Facebook က အကျိုးပြုကြောင်းမည်သူမျှမငြင်းနိုင်။ တရားသူကြီးများ၊ တာဝန်ရှိသူများက သတင်းမှန် ထုတ်ပြန်ပေးနိုင်လေလေ၊ သတင်းမှားများ ပျောက်ကွယ်သွားလေလေ ဖြစ်ပေမည်။

**ကျင့်ဝတ်**

တရားစီရင်ရေးကျင့်ဝတ် ထုတ်ပြန်ခဲ့ပြီးပါပြီ။ ကျင့်ဝတ်ကို ဘယ်လိုတိတိကျကျ ထိန်းသိမ်းကြောင်း ပြည်သူအများ သိပါစေ။ ကျင့်ဝတ်စောင့်ထိန်းသော စံပြတရားသူကြီးများကို ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် ရွေးချယ်ဂုဏ်ပြုသင့်ပြီ။ တရားစီရင်ရေး သမိုင်းတွင် ဂုဏ်သိက္ခာမြင့်မားသော ထင်ရှားသည့် အငြိမ်းစား တရားသူကြီးများ၏အကြောင်း၊ မှတ်တိုင်များ ဝံ့ကြွားဖော်ထုတ်ပြီး မျိုးဆက်သစ်များကို အမွေ ပေးသင့်ပါပြီ။

**အရေးယူမှု**

တိုင်စာအရ အရေးယူမှု(နောက်ဆက်တွဲ-ဂ)ပါရှိဖော်ပြထားသည်။ ပြည်သူ အများသိအောင်၊ ကျန်ရှိဝန်ထမ်းများပါ သတိထားအောင်၊ သင်ခန်းစာယူနိုင်အောင် ပညာပေးသင့်သည်။ အကျင့်စာရိတ္တကောင်းသူကို ချီးမြှောက်ရမည် ဖြစ်သကဲ့သို့ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး မပုပ်အောင် ရှက်ဆောင်မှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပေသည်။ စနစ်ပြောင်း၊ ခေတ်ပြောင်းကို သတိပြုရေး ထပ်ဆင့်အသိပေးဖို့ လိုပါဦးမည်လော။

**ဂုဏ်သိက္ခာ**

ဂုဏ်သိက္ခာဟူသည် မြင့်မြတ်ခြင်း၊ သန့်စင်ခြင်း၊ ရိုးသားခြင်း၊ ကျော်စောခြင်းတို့ဖြင့် ရောပြွမ်းနေပေသည်။ တရားခွင် စင်မြင့်ထက်မှအမှန်အမှားကို လူသိရှင်ကြား တရားစီရင်ရသော တရားသူကြီးတစ်ဦးတစ်ယောက်အနေနှင့် ကိုယ့်ဂုဏ်သိက္ခာကိုယ်ထိန်းသင့်သည်မှာ ပြောစရာမလိုဟု ထင်ပါသည်။ တရားစီရင်ရေးကျင့်ဝတ်ကို လိုက်နာသော တရားသူကြီး၏ ဂုဏ်သိက္ခာသမာဓိမှာ မြင့်မြတ်လှပါဘိ။ မည်သို့ပင် အမုန်းတရားဆိုသော်ငြား တိကျသေချာသော ကျင့်ဝတ်စောင့်ထိန်းသူအဖို့ ဂုဏ်သိက္ခာသတင်း ပို၍ပို၍ ပျံ့သင်းမည်မှာ အသေအချာ။

**ပေါင်းစည်းမှု**

တရားစီရင်ရေး၏ လုပ်ဖော်ကိုင်ဖက်၊ လက်တွဲဖော်လက်တွဲဖက်များ ဖြစ်ကြကုန်သော ဥပဒေအရာရှိ၊ ရဲအရာရှိ၊ ရှေ့နေရှေ့ရပ်နှင့် ပြည်သူအပေါင်းသည် ပေါင်းစည်းမှုဖြင့် ကူညီနိုင်ကြသည်။ ပွင့်လင်းမြင်သာမှုဖြင့် ဂရုပြုစောင့်ထိန်းနိုင်ကြမည်။ ထိုအခါ မြင့်မြတ်သော ဂုဏ်သိက္ခာတိုးတက်လာပါမည်။

**ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိ**

(၁) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ လက်ကမ်းစာစောင်များအား ဖြန့်ဝေဆောင်ရွက်ခြင်း ကို ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။

(၂) လက်ကမ်းစာစောင်များအား မွန်ဘာသာနှင့် ကရင်ဘာသာ ပြန်ဆိုခြင်းနှင့် ဖြန့်ဝေဆောင်ရွက်ခြင်း၊ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။

(၃) တရားရေးဂျာနယ်နှင့် နှစ်စဉ်စီရင်ထုံးစာအုပ် ထုတ်ဝေခြင်းကိုမူ ဆောင်ရွက်နိုင်ခဲ့ပါသည်။

(၄) တရားရုံးလက်စွဲ (ဒုတိယတွဲ)ကို အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေမှု ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ **(နောက်ဆက်တွဲ-ဇ)**

(အခြားအခြားသော ဇယားများပါ ဖော်ပြချက်များအကြောင်း ဆက်လက်ဆွေးနွေးတင်ပြပါဦးမည်)

**ရှေ့နေများ**

အထက်တန်းရှေ့နေနှင့် တရားလွှတ်တော်ရှေ့နေများ၏ ကိုယ်ရေးအချက်အလက်များကို Data base ဖြင့် မှတ်တမ်းတင် ထိန်းသိမ်းခြင်းကို ၂၀၁၇ ဒီဇင်ဘာ ၃၁ အထိ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရပါသည်။

**လုပ်ငန်းကျွမ်းကျင်မှု**

တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ဗဟုသုတ၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းရည်များ တိုးမြှင့်ပေးရန် စီမံခဲ့ကြောင်း (နောက်ဆက်တွဲ-ဇ)တွင် ဖော်ပြထားသည်။ အမှန်တကယ် လိုအပ်လှပါသည်။

လက်တွေ့ကျွမ်းကျင်မှု၊ စီမံခန့်ခွဲမှု၊ ကြီးကြပ်မှု၊ မှုခင်းစီမံမှု၊ ကျင့်ဝတ်စည်းကမ်း၊ ဥပဒေသုံးအင်္ဂလိပ်စာ၊ ကလေးသူငယ်အခွင့်အရေး၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေ၊ အီလက်ထရွန်နစ်၊ သက်သေခံချက်၊ နိုင်ငံတကာအတွေ့အကြုံများ စသည်-။ လေ့လာစရာတွေက မကုန်နိုင်ပြီ။

**စေတနာ**

ပြည်ထောင်စုတရားသူကြီးချုပ် ပေးပို့ဝေငှသော ၂၀၁၇ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ (2017 Annual Report)တွင် လေ့လာစရာ၊ အားတက်ဖွယ်ရာ၊ တိုးတက်မှု မရှိသေးသော အရာ၊ အချိန်အတိုင်းအတာကို စောင့်ပြီး လုပ်ရသောကိစ္စ၊ အားနည်းချက်၊ အားသာချက်များ(စုံစုံလင်လင်)ပါရှိသည်။ ရှုထောင့်အစုံသုံးသပ်နိုင်ကြပါပြီ။ အဆိုပါ အစီရင်ခံစာကို ဖတ်ရှုပြီး တရားစီရင်ရေးဆိုင်ရာ အရည်အသွေး၊ တရားရုံးများ၏ ဂုဏ်သိက္ခာအကြောင်း တွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေး မျှသာပါ...။ ။

# မလှိုင်မြို့နယ်တွင် ပထမဆုံး နီးဘုရားကြီး လက်ပံချိုင်းကျေးရွာ၌ တည်ထားကိုးကွယ်



**မလှိုင် မေ ၂၂**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ပထမဆုံး နီးဘုရားကြီးဖြစ်သည့် ရွှေသင်္ကန်းကပ် မဟာဆန္ဒတော်ပြည့် ဘုရားကြီးအား မေ ၁၉ ရက်က မန္တလေးမှ ပင့်ဆောင်လာပြီးနောက် မေ ၂၀ ရက်တွင် မလှိုင်မြို့၌ မြို့နယ်လုံးကျွတ် လာရောက်ပူဇော်၍ လက်ပံချိုင်းကျေးရွာ ခြေတော်ရာဘုရားရှိ ဓမ္မဝိဇ္ဇာ ကုန်းတော်၌ တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။

ရွှေသင်္ကန်းကပ်ထားသော မဟာဆန္ဒတော်ပြည့် နီးဘုရားကြီးအား အင်းဝမြို့မှ မေ ၁၈ ရက်က စတင်ပင့်ဆောင်ခဲ့ပြီး မန္တလေးမဟာမုနိဘုရားကြီး၌ ရင်ငွေ့လှုံကာ မန္တလေးမြို့တွင်း လှည့်လည်ပူဇော်ခဲ့ကြပြီးနောက် မလှိုင်မြို့သို့ မေ ၁၉ ရက်တွင် ပင့်ဆောင်လာရာ မလှိုင်မြို့အဝင် လမ်းဆုံမှစ၍ မလှိုင်မြို့နယ်အတွင်းရှိ ဆရာတော် သံဃာတော်များ၊ ဓမ္မစကြာဝတ်ရွတ်အသင်းများ၊ ပဋ္ဌာန်းပရိတ်အသင်းများ၊ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ မြို့သူမြို့သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးငွေဒိုးနှင့် ဝန်ထမ်းများ၊ မလှိုင်မြို့နယ် ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ စသည်ဖြင့် မြို့နယ်လုံးကျွတ်နီးပါး လာရောက်ကြိုဆိုပင့်ဆောင်ပူဇော်ခဲ့ကြသည်။

ထို့နောက် ပင့်ဆောင်ပူဇော်သူများက နီးဘုရားကြီးအား မလှိုင်မြို့နယ်အတွင်း လှည့်လည်ပူဇော်ကြပြီး မေ ၁၉ ရက်ညနေပိုင်းတွင် နီးဘုရားကြီးအား ဆက်ကပ်ပူဇော်လှူဒါန်းသည့် အလှူဒါယကာ ဒါယိကာမများ၏ ကျေးရွာဖြစ်သော ကံတွင်းအုပ်စု လယ်တာအိုကျေးရွာမှတစ်ဆင့် ကိန်းဝပ်မည့်နေရာဖြစ်သော လက်ပံချိုင်းကျေးရွာ ခြေတော်ရာဘုရား ဓမ္မဝိဇ္ဇာကုန်းတော်သို့ ရောက်ရှိပြီး မေ ၂၀ ရက်တွင် ဓမ္မဝိဇ္ဇာကုန်းတော်ပေါ်၌ ဗုဒ္ဓါဘိသေက အနေကဇာတင်ခဲ့သည်။

ခြေတော်ရာကျောင်းတိုက် ဆရာတော် နယ်လှည့်သာသနာပြု ဆရာတော်က "ဆရာတော်အနေနဲ့ သာသနာတော်ပြန့်ပွားအောင် အများကြီးဆောင်ရွက်သွားမှာပါ၊ ခုလို မဟာဆန္ဒတော်ပြည့် နီးဘုရားကြီးကို ပူဇော်ခွင့်ရပြီး ခုလို အမြို့မြို့အနယ်နယ်က လာရောက်ပူဇော်တာ မြင်တွေ့ရတာ အတိုင်းမသိ ပီတိဖြစ်ခဲ့ရပါတယ်၊ ဘုရားဒါယိကာမ မိသားစုကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒီထက် လှူနိုင်တန်းနိုင် သာသနာပြုနိုင်ကြပါစေ" ဟု မိန့်ကြားသည်။

မဟာဆန္ဒတော်ပြည့် နီးဘုရားကြီးမှာ မလှိုင်မြို့တွင် ပထမဆုံးသော နီးဘုရားဖြစ်ပြီး အကြီးမားဆုံးသော နမ္မဒါနဂါးမင်းကြီး နဂါးရုံဘုရားတည်ရှိရာ လက်ပံချိုင်းကျေးရွာ ခြေတော်ရာဘုရား၌ အောင်မြင်စွာ တည်ထားကိုးကွယ် ပူဇော်နိုင်ခဲ့၍ ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**

# လှိုင်သာယာ ရန်ကုန်-ပုသိမ်ကားလမ်း တိုးချဲ့ကွန်ကရစ်ခင်း၍ ယာဉ်ကြောပိတ်ဆို့မှု လျော့ကျစေမည်

**ရန်ကုန် မေ ၂၂**
ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတားဌာနက အနီးကပ်ဆောင်ရွက်မှုဖြင့် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်-ပုသိမ်ကားလမ်းမကြီးတွင် ထပ်ပိုးနှင့် တိုးချဲ့ကွန်ကရစ်လမ်းခင်းခြင်းများကို မေ ၁၅ ရက်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေ့စဉ် ယာဉ်ကြောပိတ်ဆို့လျက်ရှိသော အဆိုပါလမ်းတွင် ကွန်ကရစ် လမ်းခင်းကျင်းပြီးစီးပါက ယာဉ်ကြောပိတ်ဆို့မှု လျော့ကျစေပြီး အများပြည်သူ လိုရာခရီးကို မြန်ဆန်စွာဖြင့် ယာဉ်အန္တရာယ်ကင်းစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**စည်ပင်နယ်နိမိတ်အထိ ဆောင်ရွက်**

"လမ်းတွေကို တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ဆောင်ရွက်သွားဖို့ ရှိကြောင်း၊ လမ်းများတွင် ကွန်ကရစ်ခင်းနေစဉ် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရန် ညပိုင်းတွင်သာ အလုပ်လုပ်ကြောင်း သိရသည်။ ကွန်ကရစ်လမ်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုငွေဖြင့် ခင်းကျင်းခြင်းဖြစ်ပြီး လက်ရှိတွင် တပ်ထိပ်မှ



သမကုန်းအဝိုင်းအထိ ထပ်ပိုးတိုးချဲ့ခင်းသွားမည်ဖြစ်ကာ ထိုမှဆက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ် အဆုံးအထိ ဆက်လက်ခင်းကျင်းရန် လျာထားကြောင်း သိရသည်။

ရန်ကုန်-ပုသိမ် ကားလမ်း၏ ယာဉ်ကြောပိတ်ဆို့မှုကို ပြေလျော့စေမည့် ပေငါးထောင်အရှည် ကွန်ကရစ် ထပ်ပိုးနှင့် တိုးချဲ့ခင်းခြင်းလုပ်ငန်းကို မေ ၁၅ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိကာ စီမံကိန်းကာလကို ဇူလိုင် ၁၅ ရက်အထိ နှစ်လတာ သတ်မှတ်ထားပြီး ကျန်အပိုင်းများကိုလည်း တစ်ဆင့်ချင်း ဆက်လက်ဆောင်ရွက်ရန်လျာထားကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ- သန်းစိုး**

# မန္တလေး ပရိယတ္တိသာသနဟိတအသင်း၏ နယုန်လ စာလျှောက်မေးခန်း(စာမေးပွဲ)ကျင်းပ

**မန္တလေး မေ ၂၂**
မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ ပရိယတ္တိသာသနဟိတအသင်း၏ (၁၁၂)ကြိမ်မြောက် နယုန်လ စာလျှောက်မေးခန်း(စာမေးပွဲ)ကို နယုန်လဆန်း(၄)ရက်မှ (၈) ရက်(မေ ၁၈ ရက်မှ ၂၂ရက်အထိ) အသင်းဗိမာန်တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစာမေးပွဲများသို့ အနယ်နယ်အရပ်ရပ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ သံဃာတော်များ ဝင်ရောက်ဖြေဆိုကြရာ စာသင်တန်း၌ ၁၃၆ ပါး၊ စာချတန်း၌ ၄၂ ပါးရှိပြီး အသင်းဥက္ကဋ္ဌဦးရှမ်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးသိန်းထွန်း(ဆားတောင်ပွဲရုံ)၊ ဦးအောင်ငွေ(ဘယဆေးကုန်သည်)၊ အတွင်းရေးမှူး ဦးဇော်ဇော်တို့နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းလူကြီးများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး စာဖြေသံဃာများအား အလှူရှင် ကုသိုလ်ရှင်များက နေ့ဆွမ်းနှင့် အချိုရည်များ နေ့စဉ် ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ဒက္ခိဏသီရိမြို့နယ်၌ တောင်သူများအား စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ပညာပေးဆွေးနွေး

**နေပြည်တော် မေ ၂၂**
နေပြည်တော် ဒက္ခိဏသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးရွာသစ်စီမံကိန်းဖြစ်သော ဆယ်မားအူးအွန်ဒုံ စီမံကိန်းကော်မတီတို့ ပူးပေါင်း၍ တောင်သူများအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ နည်းပညာပေးဆွေးနွေးပွဲကို ကူနှစ်လုံးဆည်ကျေးရွာအုပ်စု ကူဆည်စုကျေးရွာ ကျေးရွာသစ်စီမံကိန်းခန်းမ၌ မေ ၁၇ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းမြင့်က ဆယ်မားအူးအွန်ဒုံ စီမံကိန်း ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး သစ်စိမ်းမြေဩဇာကျွေးနည်း၊ မြေဆွေးပြုလုပ်နည်း၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲရေး၊ ခေါင်နှံရွေးချယ်၍ မျိုးသန့်ပွားများနည်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ စသည့် အကြောင်းအရာများကို ဟောပြောခဲ့ပြီး တက်ရောက်လာသည့်တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြကာ သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေရှင်းဆွေးနွေးပေးခဲ့သည်။

**ကိုကြီးကျော် (ပျဉ်းမနား)**



**ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် တောင်သူများအား မိုးရာသီ သီးနှံစိုက်ပျိုးစရိတ် ချေးငွေများ မေ ၁၇ ရက်မှစ၍ ထုတ်ပေးလျက်ရှိရာ တောင်သူတစ်ဦးအား ဘဏ်မန်နေဂျာက ချေးငွေထုတ်ပေးနေစဉ်။**

**သိန်းတိုး(ပြန်/ဆက်)**

# နေပြည်တော်မှ စိန်တလုံးသရက်များ ပြည်ပအထိတင်ပို့ရောင်းချ

**နေပြည်တော် မေ ၂၂**
ယခုနှစ် သရက်သီးပေါ်ချိန်ကာလတွင် နေပြည်တော်၌ စိန်တလုံးသရက်သီးများ အများအပြားထွက်ရှိကာ အရောင်းသွက်လျက်ရှိသလို မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်များသို့လည်း နေပြည်တော်မှတစ်ဆင့် လက်ကားဖြန့်ဖြူးတင်ပို့ ရောင်းချလျက်ရှိကြောင်းသိရသည်။

"စိန်တလုံးသရက်သီးမှာ သရက်ခြံစိုက်ပျိုးသူအနေနဲ့ စိုက်ပုံစိုက်နည်း နှစ်မျိုးနှစ်စားရှိပါတယ်၊ သရက်စေ့ကတစ်ဆင့် စိုက်ပျိုးရတဲ့ နည်းစနစ်နဲ့ သရက်ကိုင်းကတစ်ဆင့် ကိုင်းကိုပျိုးယူ စိုက်ပျိုးခြင်းလို့ နှစ်မျိုးရှိတယ်၊ သရက်စေ့ကတစ်ဆင့် စိုက်ပျိုးတဲ့ အစေ့ပျိုးပင်က တစ်ပင်ကို ၇၀၀ လောက်ပဲ ရှိတယ်၊ ခုနစ်နှစ်လောက်မှ အသီးစသီးတယ်၊ ကိုင်းကတစ်ဆင့် ပြန်ကူးတဲ့ ကိုင်းပျိုးပင်ကတော့ ပျိုးပြီးပြန်ရွှေ့စိုက်တဲ့ရက်ကနေ စိုက်သက် လေးနှစ်မှာ စသီးပါတယ်၊ ကိုင်းပျိုးပင်တစ်ပင်ကို ၃၀၀၀ ကျပ် ခန့် ပေးဝယ်ရပါတယ်၊ သရက်သီး အနေအထား ကတော့ ကိုင်းပျိုးပဲဖြစ်ဖြစ်၊ သရက်စေ့ပျိုးပင်ပဲဖြစ်ဖြစ် စတင်သီးချိန်ကနေ အသီးအသက် တစ်လနေရင် ခူးဆွတ်လို့ရပါတယ်၊ လှတဲ့အသီးတွေကို စပါယ်ရှယ်အနေနဲ့ရွေးပြီး ပလတ်စတစ်အိတ်စွပ်ပေးရပါတယ်"ဟု ဇမ္ဗူ သီရိမြို့နယ်ရှိ စိန်တစ်လုံး သရက်ခြံမှ မဇင်မာက ပြောသည်။

ယခုလက်ရှိ စိန်တစ်လုံးသရက်သီးဈေးကွက်မှာ



နေပြည်တော်တွင် အနိမ့်ဆုံးငွေကျပ် တစ်ထောင်ဖိုးလျှင် ခြောက်လုံးမှ အသီး၏ လှပမှု၊ ကြီးထွားမှုအပေါ်မူတည်၍ ဈေးနှုန်းပိုများသည်။ နေပြည်တော်မှ သရက်စိုက်ပျိုးသည့် ခြံများအနေဖြင့် အဓိကအားဖြင့် စိန်တစ်လုံးသရက် တစ်မျိုးတည်းကိုသာ ရွေးချယ်စိုက်ပျိုးကြကာ ကျန်သရက်မျိုး များကို စီးပွားဖြစ်စိုက်ပျိုးခြင်းမရှိကြကြောင်း တွေ့မြင် ရသည်။

စိန်တစ်လုံးသရက်သီးကို နေပြည်တော်၊ ပျဉ်းမနား၊ ဇမ္ဗူသီရိ၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိ စသည့်မြို့နယ်များတွင် အများအပြား စိုက်ပျိုးနေကြပြီး နေပြည်တော်မှတစ်ဆင့် အခြားမြို့များဖြစ်သော ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မူဆယ်မြို့များသို့ တင်ပို့ရောင်းချနေသည့်အပြင် ပြည်ပသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား တာဝန်မှရပ်စဲ၍ ဆန္ဒထုတ်ဖော်

**လေးမျက်နှာ မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာအုပ်စုတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား တာဝန်မှရပ်စဲသည့်ကိစ္စနှင့် ပတ်သက်၍ ဒေသခံပြည်သူအင်အား ၂၀၀ ခန့်က မေ ၂၁ ရက် နံနက်က လမ်းလျှောက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ဆန္ဒဖော်ထုတ်ရာတွင် လိုလားချက်ခြောက်ချက်ပါ ဆိုင်းဘုတ်များကိုင်ဆောင်၍ ကျေးရွာအုပ်စုအတွင်း လမ်းလျှောက်လှည့်လည်ပြီး ကြွေးကြော်သံများဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေး

**ချောင်းဆုံ မေ ၂၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း တောင်သူများ တွေ့ကြုံနေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ဆက်စပ်ညှိနှိုင်း ဖြေရှင်းဖြည့်ဆည်းပေးနိုင်ရန်အတွက် တောင်သူများနှင့် မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံပွဲကို မေ ၂၁ ရက်က ချောင်းဆုံမြို့နယ် ကညော့်ကျေးရွာ လူထုဗဟိုပြုခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးက အမှာစကားပြောကြားပြီး ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန မှူး ဦးကြည်စိုးက တောင်သူများနှင့်တွေ့ဆုံပွဲ ကျင်းပခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက လယ်ယာစိုက်ပျိုးမှုနှင့် ပတ်သက်ပြီး တိမ်ကောနေသည့် ဆည်မြောင်း၊ ချောင်းများ ကောင်းမွန်လာစေရေး တူးဖော်ပေးရန်၊ ဆန်စပါးရောင်းဝယ်ရာတွင် အလေးချိန်ခွင် တင်းတောင်းများကို ပေါင်ချိန် (Degital)စနစ်ဖြင့် သတ်မှတ်ပေးရန်၊ စပါးရိတ်သိမ်းရာတွင် ရိတ်သိမ်းခြွေလှေ့စက်များထုတ်ပေးရန် စသည့်အချက်များနှင့် တောင်သူများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကိုတင်ပြ တောင်းဆိုခဲ့ကြရာ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက လုပ်ဆောင်ပေးနိုင်သည့်အခြေအနေများကို ပြန်လည် ညှိနှိုင်းဆွေးနွေး ဖြေကြားခဲ့သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက် သွယ်ရေးဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ မြို့နယ်နှင့်ကျေးရွာများ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူ လယ်သမားများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဆွေးနွေးပွဲကို ချောင်းဆုံမြို့နယ်တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်များတွင် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိ

**မြန်မာနိုင်ငံအတွင်း မြို့နယ်အသီးသီးတွင် မိုးရာသီသီးနှံများ စိုက်ပျိုးကြမည့် တောင်သူများအတွက် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများမှ တစ်ဆင့် မေ ၁၇ ရက်မှစ၍ တောင်သူများထံသို့ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။**

**ညောင်ရွှေ**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်းရှိ တောင်သူများသို့ မိုးသီးနှံထုတ်လုပ်မှုစိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ထုတ်ချေးပေးလျက်ရှိရာတွင် ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တောင်သူ ၁၄၇၉ ဦး၏ မိုးစပါးဧက ၅၀၀၀၊ ပြောင်းဧက ၁၀၀၀ အတွက် ကျပ်သိန်းပေါင်း ၈၀၀၀ ထုတ်ချေးရန် လျာထားကြောင်း၊ စတင်ထုတ်ချေးသည့် မေ ၁၇ ရက်တွင် ကျောက်တိုင်ကျေးရွာအုပ်စုမှ တောင်သူ ၇၉ ဦး၏ မိုးစပါး ၃၄၃ ဧကနှင့် ပြောင်း ၁၃၉ ဧက အတွက် ချေးငွေ ၅၈၄ သိန်းကို စတင်ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်မန်နေဂျာ ဦးမောင်အေးက ပြောသည်။

ထို့အပြင် ညောင်ရွှေမြို့နယ် ဘဏ်ခွဲက ပူးတွဲတာဝန်ယူရသော ရပ်စောက်မြို့နယ်ရှိ ကျေးရွာအုပ်စု ၁၅ အုပ်စုမှ တောင်သူ ၃၁၀၀ အတွက်လည်း မိုးစပါး ဧက ၁၂၅၀၀၊ ပြောင်း ဧက ၈၅၀၀ အတွက် ချေးငွေ ကျပ်သိန်းပေါင်း ၂၃၀၀၀ ထုတ်ချေးရန် လျာထားကြောင်း၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးရာတွင် စပါးတစ်ဧကအတွက် ငွေကျပ် တစ်သိန်းခွဲနှင့် ပြောင်း တစ်ဧကအတွက် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ထုတ်ချေးပေးနေကြောင်း သိရသည်။ **နေမျိုးသူရိန်**

**ဘားအံ**

ဘားအံမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်အဖြစ် ချေးငွေကျပ် ၃၂၈၅၃ သိန်း ထုတ်ပေးသွားရန် လျာထားကြောင်း ဘားအံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။ ဘားအံမြို့နယ်တွင် ယခင်နှစ်က ကျေးရွာ ၇၅ ရွာမှ တောင်သူ ၃၇၅၂ ဦး၏ လယ်မြေ ၂၁၉၃၀ အတွက် ချေးငွေများ ထုတ်ပေးခဲ့ကြောင်း၊ ယခုနှစ်အတွက် ချေးငွေများကို မေ ၁၇ ရက်က စတင်ထုတ်ပေးပြီး မေ ၂၂ ရက်အထိ တောင်သူ ၂၈ ဦး၏ လယ်မြေ ဧက ၁၂၀ အတွက် ကျပ်သိန်း ၁၈၀ ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ ချေးငွေများကို ဇွန်လကုန်တွင် အပြီး ထုတ်ချေးမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဘားအံမြို့နယ်ဘဏ်ခွဲမှ တာဝန်ခံကြီးကြပ်ရေးမှူး ဦးမင်းကိုကိုနိုင်ထံမှ သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

**ယင်းမာပင်**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း ၃၇ အုပ်စုမှ တောင်သူပေါင်း ၁၀၂၆၇ ဦးအတွက် မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေကျပ် ၅၄၇၈၆ သိန်းကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ စပါးတစ်ဧက ၁၅၀၀၀၀ ကျပ်နှုန်းဖြင့် စုစုပေါင်း ၂၁၁၆၆ ဧကအတွက် ချေးငွေကျပ် ၃၁၇၄၉ သိန်းနှင့် အခြားသီးနှံများဖြစ်သော နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့အတွက် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၄၆၀၇၄ ဧကအတွက် ချေးငွေကျပ် ၂၃၀၃၇ သိန်းကို ထုတ်ချေးရန် လျာထားကြောင်း ယင်းမာပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးကျော်ကျော်စန်းထံမှ သိရသည်။ **ထွန်းကိုကို (ယင်းမာပင်)**

## နေပြည်တော်တွင် ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးသောတောင်သူများ အောင်မြင်မှုရရှိ

**နေပြည်တော် မေ ၂၂**



နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့အတွင်းရှိ ကျေးရွာများတွင် ၂၀၁၈ ခုနှစ် နွေစပါးစိုက်ပျိုးသော တောင်သူများမှာ ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကျိုးတူဆောင်ရွက်ခဲ့ရာ နွေစပါးများ အောင်မြင်ဖြစ်ထွန်းခဲ့၍ ရိတ်သိမ်းပြီး စပါးများကို ပြန်လည်ပေးသွင်း ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ ကန်ထရိုက်လယ်ယာစနစ်ဖြင့် နှစ်ဦးနှစ်ဖက် အကျိုးတူစိုက်ပျိုးပြီး ထွက်ရှိလာသောစပါးများကို မြန်မာနယူးရောစ် စိုက်ပျိုးရေးကုမ္ပဏီလီမိတက်က ပြန်လည်ဝယ်ယူလျက်ရှိပြီး စားစပါး(Grain)ကို လက်ရှိပေါက်ဈေး တင်းတစ်ရာလျှင် ကျပ် ၅၆၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မျိုးစေ့ထုတ်လုပ်ရန် မျိုးစပါးကို ကျပ်ခြောက်သိန်းနှုန်းဖြင့်လည်းကောင်း ဝယ်ယူနေသောကြောင့် ယခုနှစ် နွေစပါးစိုက်ပျိုးသည့် တောင်သူများ အနေဖြင့် အဆင်ပြေလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်က ၂ဒသမ ၂၅ ဧက စိုက်တာပါ၊ မနှစ်က ဆောင်းရာသီကစပြီး နယူးရောနဲ့ အကျိုးတူဆောင်ရွက်တာပါ၊ ဒါနဲ့ဆို နှစ်ကြိမ်ရှိပါပြီ၊ နှစ်ကြိမ်စလုံး အဆင်ပြေပါတယ်၊ ကုမ္ပဏီက စိုက်ထုတ်ထားတဲ့ စိုက်ပျိုးရေးဝန်ဆောင်မှုစရိတ် ကုန်ကျငွေကို လက်ရှိစပါးပေါက်ဈေးထဲကနေ အတိုးမဲ့ ပြန်လည်ခုနှိမ်တာဖြစ်ပါတယ်၊ ကျန်တာက အသားတင်အမြတ်ပါပဲ၊ တစ်ဧကအထွက်နှုန်းကတော့ တင်း ၁၃၀ လောက် ထွက်မယ်လို့ ခန့်မှန်းပါတယ်"ဟု ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာမှ တောင်သူ ကိုမြင့်ဇော်က ပြောသည်။

ယခုနှစ် နွေစပါးရာသီအတွင်း လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့တွင် ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကျိုးတူ စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ဧကမှာ ၅၃၅ ဧကရှိပြီး မျိုးစေ့ထုတ်လုပ်ရန် စိုက်ပျိုးမှုမှာ ဧက ၃၈၀ ခန့်ရှိကြောင်း၊ တောင်သူ ၂၅၀ ကျော်က ကုမ္ပဏီနှင့် ပူးပေါင်း၍ စိုက်ပျိုးနေကြကြောင်း၊ လက်ရှိအချိန်တွင် ဧက ၁၀၀ ခန့် ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။ **ကိုပေါက်(ဥက္ကာမြေ)**

## ဟိုပုံးမြို့၌ လေပြင်းတိုက်ခတ်မှုဖြစ်ပွား၍ စာသင်ကျောင်းနှင့် အဆောက်အအုံအချို့ပျက်စီး

**ဟိုပုံး မေ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ မေ ၂၁ ရက် ညနေ ၄ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်၍ နေအိမ်နှင့် ကျောင်း အဆောက်အအုံအချို့အမိုးများပျက်စီးခဲ့ကြောင်း သိရသည်။



လေပြင်းတိုက်ခတ်မှုကြောင့် မြို့ဦးရပ်ကွက်ရှိ အမှတ်(၃) မူလတန်းလွန်ကျောင်းရှိ ပင်မကျောင်းဆောင်နှင့် မူကြိုကျောင်းဆောင်တို့တွင် သွပ်မိုးများပျက်စီးခြင်း၊ ကျောင်းရှေ့ရှိ ပနားမားငု အရိပ်ရပင်ပြိုလဲ၍ ကျောင်းရှေ့ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ ဓာတ်ကြိုးပေါ်ကျခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းဘေးရှိ စာရေးကိရိယာဆိုင်တံစက်မြိတ်အမိုးပျက်စီးခြင်း၊ PKS ဖူဆယ်ဘောလုံးကွင်း အရှေ့ဘက်ခြမ်းအကာပြိုလဲခြင်း၊ မြို့နယ်တရားရုံးနှင့် ဥပဒေရုံးဝင်း တောင်ဘက်ခြမ်းအုတ်နံရံ ကိုးပေခန့်နှစ်ခန်း သစ်ပင်ပိ၍ပြိုလဲခြင်း၊ မြန်မာ့စီးပွားရေးဘဏ်ရှေ့မှ အရိပ်ရပင် လဲပြိုခြင်း၊ မြို့ဦးရပ်ကွက်တွင် နေအိမ်တစ်လုံး၊ တောင်ရပ်ကွက်တွင် ဘုန်းတော်ကြီးကျောင်းဆောင်တစ်ဆောင်နှင့် နေအိမ်ငါးလုံး အမိုးလန်ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပျက်စီးမှုများအနက် စာသင်ကျောင်းအမိုးများကို ပြုပြင်ရန် ဟိုပုံးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့် ဦးဆောင်၍ အလှူရှင်များရှာဖွေကာ ကျောင်းဖွင့်ချိန်အမီ ပြီးစီးအောင် ပြန်လည်ပြုပြင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသည်များကိုလည်း မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကူညီဖယ်ရှား ရှင်းလင်းပေးလျက်ရှိကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ **ထက်ထက် (ဟိုပုံး)**

## ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး စုပေါင်းကာယလေ့ကျင့်မှုအစီအစဉ် ဘားအံမြို့၌ ပြုလုပ်

**ဘားအံ မေ ၂၂**

ပြည်သူတစ်ရပ်လုံး အားကစားလုပ်ဆောင်ခြင်း၏ အကျိုးကျေးဇူးကိုသိရှိ၍ ကိုယ်လက်လှုပ်ရှား အစီအစဉ်များတွင် ပူးပေါင်းပါဝင်စေရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကာ ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး အမည်ဖြင့် Zumba Basic လေ့ကျင့်ခန်းအစီအစဉ်ကို မေ ၂၁ ရက်က ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး အစီအစဉ်ကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ ကရင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ကရင်ပြည်နယ် အမျိုးသမီးအားကစားဆပ်ကော်မတီတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အစီအစဉ်အကြောင်းကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေးနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းတို့က ရှင်းလင်းပြောကြားသည်။ ထို့နောက် အားကစားအစီအစဉ်များ ပြုလုပ်ရာ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကရင်ပြည်နယ် အမျိုးသမီးအားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘားအံပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၆၀၀ ခန့်က စုပေါင်းလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့သည်။

အသက်ကြီးသောအမျိုးသမီးများ ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်မှုရှိစေရုံသာမက စိတ်ကျန်းမာရေးကို ကောင်းမွန်စေပြီး ကမ္ဘာတစ်ဝန်း အသက်သေဆုံးမှုကိုလျှော့ချနိုင်ခြင်း၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြင့်မားရေးနှင့် စုပေါင်းလုပ်ဆောင်နိုင်မှုကို တိုးတက်စေခြင်း၊ ကိုယ်လက်လှုပ်ရှားမှုကြောင့် ရောဂါကင်းဝေးစေခြင်းတို့ကြောင့် ဆေးတစ်ပါးသဖွယ် Zumba Basic လေ့ကျင့်စဉ်ကို လူထုစုပေါင်းအားကစားလှုပ်ရှားမှုအဖြစ် ပြုလုပ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**



## စလင်း၌ ယာဉ်စည်းကမ်းလိုက်နာရေး ပညာပေးစတစ်ကာများကပ်ပေး

**စလင်း မေ ၂၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်နှင့်လူစည်ကားရာ မြို့လယ်လမ်းဆုံ လေးတိုင်စင်အနီးတွင် ဆိုင်ကယ်စီးနင်းမောင်းနှင်သူများ၏ ဆိုင်ကယ်များ၌ သတိပေး စတစ်ကာများကို တာဝန်ရှိသူများ မေလတတိယပတ်က ကပ်ပေးခဲ့ကြောင်း သိရသည်။

ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ညွှန့်နှင့် ဒုရဲအုပ်သက်ပိုင်စိုးတို့ ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်၍ ဆိုင်ကယ်စီးလာသူများ၏ ဆိုင်ကယ်များပေါ်၌ 'ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပါ'နှင့် 'နှစ်ဦးထက်ပိုမစီးရ' စာတန်းပါ စတစ်ကာများကို ကပ်ပေးခဲ့ကြပြီး ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ လိုက်နာစီးနင်းကြရန်လည်း သတိပေးပြောကြားခဲ့ကြောင်း သိရသည်။ **စစ်ကြည် (စလင်း)**

# ပုံစံ(၇)မူရင်း အပ်နှံရပါက ချေးငွေပမာဏတိုးပေးရန် ဟိုင်းကြီးကျွန်းမှ တောင်သူများ လိုလား

**ဟိုင်းကြီးကျွန်း မေ ၂၂**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ယခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်နှစ်များနှင့်မတူတော့ဘဲ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်မူရင်းကို ဘဏ်တွင်အပ်နှံစေ၍ တောင်သူကိုယ်တိုင်တာဝန်ခံစနစ်ဖြင့် ထုတ်ချေးမည့် အစီအစဉ်သို့ ပြောင်းလဲထားရာ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ဒေသခံတောင်သူများအနေဖြင့် အဆင်မပြေမှုများရှိနေကြောင်း သိရသည်။

### အဆင်မပြေသည့် အချက်

တောင်သူများ အဆင်မပြေသည့် အဓိကအချက်မှာ ကိုယ်တိုင်တာဝန်ခံပြီး ချေးယူရမည့် အစီအစဉ်ကြောင့်မဟုတ်ဘဲ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) မူရင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် သက်သေခံပစ္စည်းအဖြစ် ပေးထားခဲ့ရမည့်ကိစ္စကြောင့် ဖြစ်သည်။ နာဂစ်မုန်တိုင်းဖြစ်ပြီးသည့်နောက်ပိုင်းတွင် ဟိုင်းကြီးကျွန်းမြို့ရှိ ဒေသခံတောင်သူများ အနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးယူမှုမှာ ၁၀ နှစ်ကျော်ပြီဖြစ်ကာ ချေးငွေပမာဏမှာလည်း စတင်ထုတ်ပေးစဉ်က တစ်ဧက ကျပ်ရှစ်သောင်းနှုန်းမှ ယခုအခါ တစ်ဧက ကျပ်တစ်သိန်းခွဲနှုန်းအထိ တိုးမြှင့်လာပြီဖြစ်သည်။

### အမှန်ကုန်ကျစရိတ်

သို့သော် ဒေသခံတောင်သူများ၏ မြေပြင် အမှန်စိုက်ပျိုးစရိတ် ကုန်ကျမှုမှာ တစ်ဧကလျှင် ကျပ်သုံးသိန်းခန့်ရှိနေကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ချေးပေးလိုက်သော စိုက်ပျိုးစရိတ်မှာ အတိုးနှုန်းအားဖြင့် သက်သာသော်လည်း ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် ငွေကြေးမလုံလောက်ကြောင်း၊ ထို့ကြောင့် တောင်သူများမှာ ပုံစံ(၇)ကို အပေါင်ပြုလုပ်၍ ဒေသတွင်း ငွေကြေးပြေလည်သူများထံမှ ထပ်မံချေးငှားပြီး စိုက်ပျိုးနေရကြောင်း၊ စပါးပေါ်ချိန်၌ အထွက်နှုန်းမကောင်းခြင်း၊ ဈေးကွက်မရှိခြင်းတို့ကြောင့် တောင်သူများ အရှုံးပေါ်ပါက ဘဏ်ချေးငွေများ ပြန်ဆပ်ရမည့်အချိန်တွင်လည်း လက်ထဲရှိ ပုံစံ(၇)ကို ပြင်ပတွင် ပေါင်နှံ၍ ပြန်ဆပ်ရကြောင်း၊ ဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများ ပြန်ထုတ်ပေးချိန်တွင် ရရှိသည့် ချေးငွေများဖြင့် ပေါင်နှံထားသော ပုံစံ(၇)ကိုပြန်ရွေးရကြောင်း၊ ထို့နောက် တကယ်စိုက်ပျိုးမည့်အချိန်တွင် ငွေကြေးမပြည့်စုံ၍ ပုံစံ(၇)ကို ပြန်လည်ပေါင်နှံခြင်းဖြင့် သံသရာလည်နေကြောင်း ကညင်ချောင်းတောင်ကျေးရွာနေ တောင်သူ ဦးမြင့်သိန်းကပြောသည်။

### အတိုးသက်သာ

စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးရာတွင် ယခင်က ပုံစံ(၇)ကို မိတ္တူသာ ပေးရပြီး ငွေထုတ်ချိန်၌ မူရင်းနှင့်တိုက်ဆိုင်စစ်ဆေး၍ မှန်ကန်ပါက ငွေထုတ်ပေးကြောင်း၊ အမှန်တကယ်ကုန်ကျစရိတ် လုံလောက်အောင် မရသော်လည်း အတိုးသက်သက်သာသာနှင့်ရသဖြင့် အဆင်ပြေပြီး လိုငွေကိုလည်း ပြင်ပတွင် ပုံစံ(၇)ကိုပေါင်၍ ချေးယူခြင်းဖြင့် အဆင်ပြေအောင် လုပ်ကိုင်စားသောက်လို့ရသေးကြောင်း၊ ယခုနှစ် အခြေအနေအရ စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧက ကျပ်တစ်သိန်းခွဲတည်းဖြင့် ပုံစံ(၇) ကိုမူရင်းပါ ပေးခဲ့ရပါက တောင်သူများအဖို့ ယခင်ကထက် အခြေအနေပိုဆိုးလာဖွယ်ရှိကြောင်း၊ ပုံစံ(၇)မူရင်းကို ဘဏ်သို့ ပေးထားခဲ့ရမည်ဆိုပါက စိုက်ပျိုးစရိတ်ကို



ဟိုင်းကြီးကျွန်းမြို့အနောက်ဘက်ရှိ မိုးစပါးစိုက် ကျေးရွာလယ်မြေများ

တစ်ဧကလျှင် ကျပ်သုံးသိန်းခန့် ချေးပေးစေလိုကြောင်း ကညင်ချောင်းတောင်ကျေးရွာမှ တောင်သူဦးသန်းဌေးက ပြောသည်။

### အလုပ်မဖြစ်

လယ်မြေများတွင် ဓာတ်မြေသြဇာများထည့်သွင်းကာ မြေပြုပြင်ခြင်းဖြင့် စပါးအထွက်တိုးလာနိုင်သည်ကို တောင်သူများ သိရှိနေသော်လည်း ဓာတ်မြေသြဇာ သုံးစွဲပါက ကျပ်တစ်သိန်းဝန်းကျင် ကုန်ကျမည်ဖြစ်ရာ လက်ရှိရသည့် စိုက်ပျိုးစရိတ်ထုတ်ချေးငွေ တစ်ဧက ကျပ်တစ်သိန်းခွဲနှုန်းဖြင့်ဆိုပါက ကျန်သည့် ကျပ်ငါးသောင်းဖြင့် အလုပ်မဖြစ်တော့ကြောင်း၊ တခြားနေရာမှ ငွေချေးယူ၍ မြေသြဇာကျွေး စိုက်ပျိုးပါက အထွက်တိုးလာသော်လည်း ချေးငွေ၏အတိုးနှင့် ပြန်ဆပ်ရမည့်ကာလကြားတွင် တောင်သူအတွက် အကျိုးမရှိသဖြင့် မိရိုးဖလာအတိုင်း စိုက်ပျိုးနေကြသည့် တောင်သူအရေအတွက်က များနေကြောင်းလည်း သိရသည်။

### ဧကအနည်းငယ်သာပိုင်

ဟိုင်းကြီးကျွန်းမြို့နယ်ရှိ ကျေးရွာအုပ်စုများတွင် မိုးစပါးစိုက် လယ်မြေဧကပေါင်း ၄၇၀၃၅ ဧကရှိပြီး တောင်သူတစ်ဦး၏ အမြင့်ဆုံးလယ်မြေ ပိုင်ဆိုင်မှုမှာ ဧက ၄၀ ဖြစ်ကာ အနိမ့်ဆုံးမှာ နှစ်ဧကမှ ငါးဧကအထိ ပိုင်ဆိုင်ကြ၍ များသောအားဖြင့် လယ်မြေဧက အနည်းငယ်သာ ပိုင်ဆိုင်ကြသော တောင်သူဦးရေက ပို၍များသည်။ ဟိုင်းကြီးကျွန်းမြို့တွင် ကျောက်ချောင်း၊ ပြင်ခရိုင်၊ ကျုံကူး စသည့်တိုက်နယ်သုံးခုရှိကာ ကျုံကူးတိုက်နယ်မှာ အခြားတိုက်နယ်များနှင့် စာလျှင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းမှု ငါးဆယ်ရာခိုင်နှုန်းခန့် တိုးတက်နေပြီး ကျန်တိုက်နယ်နှစ်ခုတွင် လက်မှုလယ်ယာအဖြစ်နှင့်သာ ရုန်းကန်နေရဆဲလည်းဖြစ်သည်။

ထို့ကြောင့် ယခုနှစ်တွင် ပြောင်းလဲလာသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ မိုးစပါးစိုက်ပျိုးစရိတ် ထုတ်ချေးမည့် အစီအစဉ်အရ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)မူရင်းကို ဘဏ်သို့အပ်နှံ၍ ချေးယူရမည်ဆိုပါက ချေးငွေကို လက်ရှိပေးသည့် ကျပ်တစ်သိန်းခွဲမှ ကျပ်သုံးသိန်းအထိ တိုးမြှင့်ပေးရန် ဟိုင်းကြီးကျွန်းမြို့နယ်မှ ဒေသခံတောင်သူများက လိုလားနေကြသည်။ **ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**

# မိုးစပါးချေးငွေအတွက် ပုံစံ(၇)ကို ဘဏ်တွင်အပေါင်ထားရန် စလင်းမြို့နယ်မှ တောင်သူများ အခက်တွေ့နေ

**စလင်း မေ ၂၂**

ယခုနှစ် မိုးရာသီ သီးနှံများစိုက်ပျိုးရန်အတွက် တောင်သူများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ချေးငွေများ ထုတ်ပေးရာတွင် ယခင်နှစ်ကကဲ့သို့ သုံးယောက်က အပြန်အလှန်အာမခံ၍ပုံစံ(၇)မိတ္တူပေးရသော ဝိုင်းကြီးချုပ်စနစ် မဟုတ်တော့ဘဲ တစ်ဦးချင်း ပုံစံ(၇) မူရင်းများ ဘဏ်သို့ပေးထားရသည့် စနစ်သို့ ပြောင်းလဲလိုက်ရာ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်မှ တောင်သူအချို့ အနေဖြင့် ချေးငွေထုတ်ရန် အခက်အခဲဖြစ်နေကြောင်း သိရသည်။

### အပေါင်ထားကြရ

ယခင်က တောင်သူများသည် နှစ်စဉ် ဘဏ်ချေးငွေကို ပုံစံ (၇) မိတ္တူနှင့် ချေးယူကြပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရပြီးသော်လည်း မိမိတို့ထံတွင် ပုံစံ (၇) မူရင်းကျန်သဖြင့် ဘဏ်မှစိုက်ပျိုးချေးငွေဖြင့် မလုံလောက်ပါက ကုမ္ပဏီများနှင့် ပုဂ္ဂလိကငွေချေးဌာနများတွင် ပုံစံ(၇)မူရင်းကို အပေါင်ထားရှိကြသည်။ ပုံစံ(၇) မူရင်းဖြင့် ပေါင်ခြင်းအတွက် တစ်ဧကလျှင် ကျပ် ၃ သိန်း မှ ၅ သိန်းအထိ ရရှိကြသလို လက်ရှိအချိန်တွင်လည်း တောင်သူများ၏ ပုံစံ(၇) မူရင်းများမှာ အဆိုပါ ပေါင်ထားသောနေရာများတွင် ရှိနေကြပြီး တောင်သူအချို့မှာ အကြောင်းအမျိုးမျိုးကြောင့် ထိုပုံစံ(၇) မူရင်းများကို ပြန်မရွေးနိုင်ကြသေးသည့်အခါ ယခုနှစ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ပုံစံ (၇) မူရင်းကို အပေါင်ထားရှိ၍ တစ်ဦးတည်း ချေးယူရမည်ဖြစ်သောကြောင့် ငွေချေးယူမည့် တောင်သူများ အခက်အခဲဖြစ်နေကြခြင်းဖြစ်ကြောင်း ဒေသခံတောင်သူအချို့ထံမှ သိရသည်။

ယခုနှစ်တွင် မိုးရာသီ ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မြို့နယ်ဘဏ်ခွဲများမှတစ်ဆင့် မေ ၁၇ ရက်မှစ၍ ထုတ်ပေးနေပြီဖြစ်ပြီး ချေးငွေများအားပေးရာတွင် စပါးတစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှင့် အခြားသီးနှံ တစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်းအထိ ချေးပေးလျက်ရှိသည်။

### ချေးငွေများ ပေးထား

စလင်းမြို့နယ်၌ ယခုဘဏ္ဍာနှစ်တွင် စလင်းမြို့နယ်ရှိ ကျေးရွာအုပ်စု ၉၀ အတွက် ချေးငွေစုစုပေါင်း ကျပ် ၇၉၃၅ သန်းကျော် လျာထားပြီး ယနေ့အထိ ကျေးရွာအုပ်စု ၁၅ အုပ်စုကို ချေးငွေများ ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ ချေးငွေများကို ဇွန်လကုန်တွင် အပြီးထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

စလင်းမြို့နယ်တွင် ယမန်နှစ်က စပါးစိုက်တောင်သူ ၄၆၇၈ ဦးအပါအဝင် အခြားသီးနှံစိုက် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ၇၉၃၅၄ ဒသမ ၅ သိန်း ချေးပေးခဲ့ရာ ယခုနှစ် မေ ၁၇ ရက်အထိ ချေးငွေပြန်သွင်းရန်တောင်သူ ၂၅ ဦး ကျန်သေး၍ ချေးငွေ ကျပ် ၂၁၈ သိန်း ရရန်ကျန်ကြောင်းနှင့် ချေးငွေအားလုံး အပြီးအပြတ်ရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# မာန်အောင်မြို့နယ်တွင် ကမ်းခြေသာယာလှပရေး စုပေါင်းအမှိုက်ကောက်



**မာန်အောင် မေ ၂၂**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် ပင်လယ်ကမ်းခြေ သာယာလှပရေးအတွက် သိမ္ဘလကျေးရွာအနီး ကမ်းခြေ၌ မေ ၂၁ ရက် နံနက်ပိုင်းက ကမ်းခြေ လူငယ်အမှိုက်ကောက်အဖွဲ့(မာန်အောင်)မှ ဦးအောင်ကောင်းဇော်နှင့် ဦးအောင်လင်းထွန်းတို့ ဦးဆောင်သည့်ပရဟိတ လူငယ်များ စုပေါင်း၍ အမှိုက်ကောက်သန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့မှာ ပင်လယ်ကမ်းခြေများ သန့်ရှင်းသာယာလှပရေးအတွက် ရည်ရွယ်၍ အမှိုက်ကောက်ရန် သီးသန့်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ယခုလို အမှိုက်ကောက်ခြင်းကို အပတ်စဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နောက်လာမည့် အပတ်များတွင်လည်း မာန်အောင်တစ်ကျွန်းလုံးမှ ပင်လယ်ကမ်းခြေများအားလုံး၌ အမှိုက်ကောက်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအောင်လင်းထွန်း၏ ပြောကြားချက် အရ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သံဖြူဇရပ်မြို့နယ်တွင် အပူချိန်မြင့်ပြီး ရေအခက်အခဲရှိနေ

**သံဖြူဇရပ် မေ ၂၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း မေလ တတိယပတ်အထိ မိုးရွာသွန်းခြင်း မရှိသဖြင့် အပူရှိန်ပြင်းထန်ပြီး သောက်သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်း၊ ပြည်သူများသည် ရေကို ဝယ်ယူသုံးစွဲနေကြရပြီး လူမှုရေးအဖွဲ့အစည်းများနှင့် မီးသတ်ဦးစီးဌာနတို့ကလည်း ရေသယ်ယာဉ်များဖြင့် ရပ်ကွက်/ကျေးရွာများရှိ အိမ်ထောင်စုများသို့ နေ့စဉ် ရေများ လိုက်လံဖြန့်ဝေပေးနေရကြောင်း သိရသည်။

"သံဖြူဇရပ်မြို့နယ်မှာ မတ်လကစပြီး သောက်သုံးရေအခက်အခဲရှိနေလို့ ရေရောင်းချတဲ့ကားများထံက ရေဝယ်ယူသုံးစွဲနေရပြီး မီးသတ်ယာဉ်နဲ့ ပရဟိတရေ လှူဒါန်းရေးအဖွဲ့များကလည်း နေ့စဉ် ရေဂါလန် ရှစ်သောင်းကျော်ကို ရပ်ကွက်/ကျေးရွာများအရောက် ပို့ဆောင်လှူဒါန်းပေးနေပါတယ်၊ အခုလ ပထမပတ်အတွင်းမှာ မိုးက တစ်ညပဲ သဲသဲမဲမဲရွာပြီး အခုအထိ လုံးဝထပ်မရွာသေးတော့ ပြည်သူတွေ အပူဒဏ်ကို ပြင်းထန်စွာခံစားနေရပါတယ်"ဟု ပြည်သူတစ်ဦးက ပြောသည်။

သံဖြူဇရပ်မြို့တွင် ယခုနှစ် မိုးဦးကာလ မိုးရွာသွန်းမှု နောက်ကျနေပြီး မိုးကောင်းကင်တွင် နေ့စဉ်အုံ့မှိုင်းလျက်ရှိသော်လည်း မိုးရွာသွန်းမှုမရှိခြင်းကြောင့် ပြည်သူများသည် မိုးရွာသွန်းချိန်ကို မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **ကျော်ဝင်း (ပြန်/ဆက်)**

# ရဲတပ်ဖွဲ့ဝင်များ၏သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

**ပုသိမ် မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းမှ ရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ မေ ၂၁ ရက်က ကျင်းပခဲ့သည်။

ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်စိုးနှင့် တာဝန်ရှိသူများက ရဲတပ်ဖွဲ့ဝင်များ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်း တက်ရောက်ပညာသင်ကြားမည့် သားသမီးများအတွက် ပညာသင်ထောက်ပံ့စရိတ်များကို သက်ဆိုင်ရာ ရဲစခန်းမှူး ရဲကင်းမှူးများထံ ပေးအပ်ခဲ့သည်။ ပညာသင်စရိတ်များ ထောက်ပံ့ပေးရာတွင် မူလတန်း ၃၁ ဦးအတွက်တစ်ဦးလျှင် ကျပ် ၂၀၀၀ နှုန်း၊ အလယ်တန်း ၁၆ ဦးအတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀ နှုန်းနှင့် အထက်တန်း ၁၀ ဦးအတွက် တစ်ဦးလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ် ၁၆၀၀၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှ ပညာသင်စရိတ်ထောက်ပံ့

**ပန်းတောင်း မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်မိသားစု၏သားသမီး ကျောင်းသား ကျောင်းသူများအား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံ၌ မေ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် မူလတန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ကျပ် ၃၀၀၀၊ အလယ်တန်းအဆင့်ကျောင်းသားတစ်ဦးလျှင် ကျပ် ၅၀၀၀၊ အထက်တန်းအဆင့်ကျောင်းသားတစ်ဦးလျှင် ကျပ် ၇၀၀၀၊ တက္ကသိုလ်ကျောင်းသားတစ်ဦးလျှင် ကျပ် ၁၀၀၀၀ နှုန်းသတ်မှတ်ထောက်ပံ့ခဲ့ရာ မြို့နယ်မှူးရုံးမှ ကျောင်းသား သုံးဦးအတွက် ငွေကျပ် ၁၃၀၀၀ ကို မြို့နယ်မှူး ရဲမှူး ကျော်ဆန်းကလည်းကောင်း၊ ပန်းတောင်းမြို့မစခန်း ကျောင်းသား ၁၄ ဦးအတွက် ငွေကျပ် ၆၂၀၀၀ ကို စခန်းမှူး ဒုရဲမှူး အောင်အောင်ကလည်းကောင်း၊ ဉသျှစ်ပင်နယ်မြေရဲစခန်းက ကျောင်းသား ၁၆ ဦးအတွက် ငွေကျပ် ၇၆၀၀၀ ကို စခန်းမှူး ရဲအုပ်ဝင်းဆန်းကလည်းကောင်း၊ ထုံးဘိုနယ်မြေရဲစခန်းမှ ကျောင်းသား ၁၂ ဦးအတွက် ငွေကျပ် ၅၄၀၀၀ ကို စခန်းမှူးရဲအုပ်ဇော်ဝင်းထွဋ်ကလည်းကောင်း ချီးမြှင့်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ပန်းတောင်းမြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင် မိသားစုကျောင်းသားဦးရေမှာ မူလတန်းအဆင့် ၂၃ ဦး၊ အလယ်တန်းအဆင့် ၁၂ ဦးအထက်တန်းအဆင့် ရှစ်ဦး၊ တက္ကသိုလ်ဝင်တန်းအဆင့် နှစ်ဦး၊ စုစုပေါင်း ၄၅ ဦးရှိပြီး စုစုပေါင်းထောက်ပံ့ငွေမှာ ၂၀၅၀၀၀ ရှိကြောင်း သိရသည်။ **အောင်မြင့်(ပန်းတောင်း)**

## သတင်းတိုများ

### ကျေးရွာရေရရှိရေးအတွက် မြေသားရေကန်တူးဖော်

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည့် ကရုပ္ပိကျေးရွာ မြေသားရေကန်(အလျား ပေ ၁၀၀၊ အနံ ပေ ၈၀) တူးဖော်ခြင်းလုပ်ငန်းကို မေလ ဒုတိယပတ်အတွင်းက စတင်ဆောင်ရွက်လျက်ရှိပြီး ဒေသနှင့်ကိုက်ညီသည့် မြေသားရေကန် တူးဖော်ပေးခြင်းဖြင့် ကျေးရွာနေပြည်သူများအတွက် နွေရာသီ ရေရှားပါးမှုကို ကာကွယ်နိုင်ရန် ရည်ရွယ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဗထူး**

### အမ်းမြို့နယ်တွင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးနေ

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်အတွင်း မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၇ ရက်က စတင်ထုတ်ချေးလျက်ရှိကြောင်းနှင့် စတင်ထုတ်ပေးသည့် မေ ၁၇ ရက်က အမ်းတောင်အုပ်စုရှိ တောင်သူကိုးဦး၏ လယ်မြေ ၂၇ ဧကအတွက် ချေးငွေကျပ် ၄၀၅၀၀၀၀ ကို ထုတ်ချေးပေးနိုင်ခဲ့ကာ ဆက်လက်၍လည်း ချေးငွေများ ထုတ်ပေးနေကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကင်းထောက်များအတွက် အခြေခံလူမှုကူညီ ကယ်ဆယ်ရေးသင်တန်း ရန်ကုန်၌ ဖွင့်လှစ်

**ရန်ကုန် မေ ၂၂**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း လူမှုကူညီ ကယ်ဆယ်ရေး အဖွဲ့တို့ ပူးပေါင်း၍ အရေးပေါ် ကယ်ဆယ်ရေးနှင့်ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆိုင်သော အခြေခံ လူမှုကူညီ ကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲကို မေ ၂၁ ရက် နံနက် ၉ နာရီက ရန်ကုန်ပညာရေး တက္ကသိုလ် သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်ကော်မတီ ဥက္ကဋ္ဌ အမျိုးသား ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ကင်းထောက်၏ အဓိက ခံယူရမည့် ကတိသုံးပါးတွင် သူတစ်ပါးကို အမြဲကူညီရမည်ဟု ပါရှိသကဲ့သို့ ကင်းထောက်၏ ဆောင်ပုဒ်သည် 'အစဉ်အသင့်' ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ယခုဖွင့်လှစ်သည့် အရေးပေါ် ကယ်ဆယ်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုနှင့်ဆိုင်သော အခြေခံကယ်ဆယ်ရေး သင်တန်းသည် ကင်းထောက်များ အထူးသိရှိ တတ်ကျွမ်းရန် လိုအပ်သည့် သင်တန်းဖြစ်ကြောင်း၊ ယခု သင်တန်းမှ သင်ကြားမှုများကို ကင်းထောက်များအနေဖြင့် ကြိုးစားသင်ယူပြီး လူမှုကယ်ဆယ်ရေး အဖွဲ့များနှင့်အတူ လက်တွဲ၍ သူတစ်ပါးအား ကူညီဆောင်ရွက်သွားရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းလူမှုကူညီ ကယ်ဆယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ထိခိုက်ဒဏ်ရာရမှုများ ကြုံတွေ့သည့်အခါ ဆေးရုံဆေးခန်းများ မရောက်မီ လိုအပ်သော အရေးပေါ် ကယ်ဆယ်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ကင်းထောက်လူငယ်များ တတ်ကျွမ်းပြီး ပြည်သူများအား ကူညီဆောင်ရွက်နိုင်ရန် အထောက်အကူအဖြစ် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းပြောကြားသည်။



ထို့နောက် နည်းပညာတက္ကသိုလ် (မှော်ဘီ)သို့ ရေကြောင်းသူငယ်ချင်းများ အဖွဲ့မှ လှူဒါန်းသည့် အရေးပေါ် လူနာတင်ယာဉ် ကားသော့ကို အဖွဲ့ကိုယ်စား ဦးနိုင်အောင်က ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ကေသီလွင်က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကာ တိုင်း လူမှုကူညီကယ်ဆယ်ရေးအဖွဲ့မှ သင်တန်းနည်းပြများက အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများကို လက်တွေ့ သရုပ်ပြကြသည်။

ယင်းသင်တန်းသို့ တက္ကသိုလ် ကောလိပ် အသီးသီးမှ တက္ကသိုလ်ကင်းထောက် ၇၀ တက်ရောက်ပြီး အရေးပေါ်အသက်ကယ် အခြေခံနည်းစနစ်များ၊ လူနာသယ်ဆောင်နည်းများ၊ အရိုးကျိုးခြင်းနှင့် ကြပ်စည်းခြင်းများ၊ ဆို့နင့်ခြင်း၊ နှလုံးနှင့်အဆုတ် ပြန်လည်နှိုးဆွခြင်း၊ ပတ်တီးစည်းနည်းများ စာတွေ့လက်တွေ့ မေ ၂၅ ရက်အထိ သင်ကြားပို့ချမည် ဖြစ်သည်။

**မြန်မာ့အလင်း**

# ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ အလှူငွေပေး

**မန္တလေး မေ ၂၂**

အူရီဒူးမြန်မာမှ နိုင်ငံတစ်ဝန်းတွင် ကူညီလှူဒါန်းရန် ရည်ရွယ်ထားသည့် ကျပ်တစ်ဘီလီယံထဲမှ ငွေကျပ် သိန်း ၂၀၀၀ ကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေး ၁၀ ကျောင်းသို့ အူရီဒူးမြန်မာမှ အလှူငွေပေးအပ်ပွဲကို မေ ၂၁ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ် တောင်စလင်းတိုက် မဟာအောင်မြေဓမ္မဗိမာန်ဆောင်၌ ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးက အမှာစကားပြောကြားပြီး အူရီဒူးမြန်မာမှ CEO Mr. Vikram Sinha က အလှူငွေများပေးအပ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အူရီဒူးမြန်မာ CEO နှင့် အူရီဒူးမြန်မာ၏သံတမန် ရုပ်ရှင်သရုပ်ဆောင် ဇာဏ်ခီတို့က မန္တလေးမြို့ရှိ ဖောင်တော်ဦး ဘုန်းတော်ကြီးသင် အထက်တန်းကျောင်းနှင့် စဉ့်ကိုင်မြို့နယ်၊ မြင်းခြံမြို့နယ်၊တံတားဦးမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ဘက်စုံပညာရေး ဖွံ့ဖြိုးတိုးတက်စေရန် တစ်ကျောင်းလျှင် အလှူငွေ ကျပ်သိန်းနှစ်ရာစီဖြင့် ၁၀ ကျောင်းအတွက် ကျပ်သိန်းနှစ်ထောင်ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

အူရီဒူးမြန်မာက မန္တလေးတိုင်းဒေသကြီးအတွင်း ပြုလုပ်သည့် မိနစ်များများပြောလေ အူရီဒူးကများများလှူပေးလေ အစီအစဉ်မှ ငွေများဖြင့် အထက်ပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ကွန်ပျူတာ ငါးစုံကိုလည်း လှူဒါန်းထားပြီးဖြစ်ကြောင်းလည်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**


ဆရာကြီး ပါမောက္ခ ဒေါက်တာ ဉာဏ်လင်း (အင်္ဂလိပ်စာ - ဦးဉာဏ်လင်း - ရွှေဘုံသာ) ၏
အင်္ဂလိပ်သဒ္ဒါ၊ စာရေးနည်းများ နှင့် အသုံးထွက်များ - အတွဲ (၁) (အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် များ)
ကျောင်းသား၊ ကျောင်းသူတိုင်းမရှိမဖြစ်အမြဲလက်ကိုင်ထားနေ့စဉ်သုံးစွဲနေရမည့် စာအုပ်ကောင်းများ (၂၀၁၈) ဇွန်လအတွင်း ထွက်ရှိပါမည်။

ပညာရေးဝန်ကြီးဌာနခွင့်ပြုချက် (Registered No. Ka Ka Ya 13/43/073)
Sayar Dr Nyan Lin's Academy of Education
ကိုယ်ပိုင်အထက်တန်းကျောင်း (၅တန်း မှ ၁၀တန်း အထိ) နှင့် အဆင့်မြင့်ဘော်ဒါ

ပညာသည်မျှော်စင်နှင့်တူပါသည်။ ပညာရပ်များကို အလွတ်မကျက်ဘဲ အခြေခံပိုင် အမှန်တကယ်နားလည်ပြီး တွေးခေါ်၍ အမြင့်ဆုံးသို့တက်နိုင်လေလေ၊ အဝေးဆုံးသို့မြင်နိုင်လေလေ၊ တိုင်းပြည်နှင့် လူမျိုးအတွက်များစွာအကျိုးပြုနိုင်လေလေ၊ ဂုဏ်ရှိလေလေဖြစ်ပါသည်။ စက္ကန့်နှင့်အမျှတိုးတက်ပြောင်းလဲနေသော ယနေ့ကမ္ဘာကြီးတွင် စာမေးပွဲများတွင်ထူးချွန်စွာအောင်မြင်ရုံသာမက ဘဝတလျှောက်လုံးတွင်လည်းအောင်မြင်နေရန် ယခုအချိန်မှစ၍ကြိုတင်ပြင်ဆင်သင့်ပါသည်။

ပညာထူးချွန်ဆုများ နှင့် ပညာတော်သင်ဆုများ ချီးမြှင့်ပေးအပ်သည့်
ဆရာကြီးဒေါက်တာဉာဏ်လင်း
ကိုယ်ပိုင်အထက်တန်းကျောင်း
နှင့်
အဆင့်မြင့်ဘော်ဒါ
ကျောင်းကြီးဖွင့်ရက် - ၂၀၁၈ခုနှစ် ဇွန်လ (၁) ရက်
ကျောင်းချိန် - တနင်္လာ မှ သောကြာ (၈း၃၀ မှ ၂း၃၀ နာရီ)
(မည်သည့်ကျောင်းများနှင့်မျှ တွဲဖက်ထားခြင်းမရှိပါ)



DNL Academy of International Education
International English (4) skills
with Etiquette & Manners
နိုင်ငံတကာစာမေးပွဲများ...
IELTS, TOEFL, APTIS, IGCSE, SAT,
IESOL, FCE, KET, PET,
STARTERS, MOVERS, FLYERS
MATHS, GENERAL SCIENCE
Sat & Sun (3.June.2018)
Mon, Tue, Thur, Fri (4.June.2018)

ပြည်တွင်းရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ
U.K နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များ
U.S.A နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များ
Australia နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များ
အရှေ့တောင်အာရှနိုင်ငံ များရှိ တက္ကသိုလ်၊ ကောလိပ်များ

ကျောင်းကြီး ခြံအမှတ်(၉၁) - ရွှေတောင်ကြား(၁)လမ်း၊ ရွှေတောင်ကြားရိပ်သာ (၁)၊ ဝင်ဒါမီယာ၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်း၊ ရန်ကုန်။
International Centre ၂၇၄/A၊ မြေညီနှင့်ပထမထပ်၊ ဒဂုံစင်တာ (၂) နှင့် မဟာမြိုင်မှတ်တိုင်ကြား၊ ပြည်လမ်း၊ မြေနီကုန်း၊ ရန်ကုန်။
Ph- 09-960 887 004, 09-763 591 195, 09-730 390 50 (Fb: English Dr Nyan Lin)



အောင်ပြည့်စုံ
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
09-5232770, 09-5039562


## ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်ခင်စန္ဒာဝင်း ၇/ရတရ(နိုင်) ၀၄၅၇၆၁ ပိုင်ဆိုင်သော ကိုကျော်စွာဝင်း ၇/ညလပ(နိုင်)၀၉၆၁၉၃ အမည်ဖြင့် ID No-796643(Date 2-11-2011) အမှတ်ပါ မော်တော်ယာဉ်၏ မူရင်းစာရွက်စာတမ်းပါဖိုင်တွဲမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၅၅၈၀၇၀၀၈**

## ဖခင်အမည်မှန်

ပုသိမ်မြို့၊ အထက(၆)၊ န၀မတန်းမှ မမေသူ၏ဖခင် ဦးထွန်းထွန်း၏ အမည်မှန်မှာ ဦးနိုင်လင်းထွန်း ၁၄/ကကထ(နိုင်)၁၅၂၄၀၀ ဖြစ်ပါကြောင်း။ **ဦးနိုင်လင်းထွန်း**

## အမည်မှန်

မအူပင်မြို့နယ်၊ (၄)ရပ်ကွက်နေ ဦးမျိုးသန့် ၁၄/မအပ(နိုင်)၁၄၇၄၀၂၏သား အလက-ထခွဲ(၁) စတုတ္ထတန်းမှ မောင်ဟိန်းမင်းထက်အား မောင်လင်းခန့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

ဒီးမော့ဆိုမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း အထက အင်ကုန်းတွင် ပညာသင်ကြားနေသော စတုတ္ထတန်းမှ မောင်ထက်မြတ်ဦး၏ ဖခင်အမည်မှန်မှာ ဓာနေတာမူး ၂/ဒမဆ(နိုင်)၀၄၀၉၅၄ ဖြစ်ပါကြောင်း။ **ဓာနေတာမူး**

## ဖခင်အမည်မှန်

မြဝတီမြို့နယ်၊ အလက(ခွဲ)၁ ၂၀၁၇/၂၀၁၈ ပညာသင်နှစ်တွင် အဋ္ဌမတန်းအောင်မှ မယမင်းသွယ်နှင့် ပဥ္စမတန်းအောင်မှ မဇူးမြတ်သွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော် ဖြစ်ပါကြောင်း။ **ဦးဝင်းဇော်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၀)ရပ်ကွက်၊ သဘော်ကျဉ်း၊ အကွက်အမှတ်(၁၂၈)၊ ဦးပိုင်(၂၄)၊ ဧရိယာ(၀ဒသမ၂၃၆)ဧကရှိ ဂရန်မြေကို ဒေါ်မြစိန်အမည်ဖြင့် အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

## ပျောက်ဆုံးကြောင်း

ဒေါ်သီတာလင်း (၁၂/လကန(နိုင်)၂၁၉၈၃၄) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၄၂၀၀၅၅၉၆၇


ဒေါက်တာခင်မောင်လွင် (FAME)
ရေးသားထားသော
လူသားအကျိုးပြု ပျားမျိုးစု
ကျေးလက်နေတောင်သူတို့၏
လူနေမှုဘဝကို မြှင့်တင်နိုင်ရန်အတွက်
ဝင်ငွေတိုးစေမည့် ပျားမွေးမြူရေးလုပ်ငန်းအကြောင်းနှင့်
ပျားထွက်ပစ္စည်းများ၏ ကျန်းမာရေးဆိုင်ရာ
အကျိုးကျေးဇူးများကို လေ့လာဖတ်ရှုနိုင်ပါသည်။




Ks 12,000
Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609


**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**
**အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ်(၀၁/၂၀၁၈)(၇-၆-၂၀၁၈)**

## အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် ရောင်းဝယ်ရေးဌာနမှ ဒဂုံ(တောင်)သစ်ဆိပ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အကွက်အမှတ်(၁၀၁)၊ ရဲနွယ်ကျွန်းစိုက်ခင်းအတွင်းရှိ ကျွန်းသစ်လုံး/ကျွန်းတိုင်/ကျွန်းမျောများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **ရောင်းချမည့်ရက်** | - ၇-၆-၂၀၁၈ရက် (ကြာသပတေးနေ့) |
| (ခ) | **ရောင်းချမည့်အချိန်** | - မွန်းလွဲ ၁နာရီ |
| (ဂ) | **ရောင်းချမည့်သစ်အမျိုးအစားနှင့်တန်** | - ကျွန်းသစ်လုံး၊ (၁၉၀၁)လုံး၊ (၁၄၉၇.၅၃၂)တန်<br>ကျွန်းတိုင်(၁၇.၅၁၆)တန်<br>ကျွန်းမျော(၇.၅၄၆)တန် |
| (ဃ) | **ရောင်းချမည့်နေရာ** | - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)၊ မြန်မာ့သစ်လုပ်ငန်း၊ အမှတ်(၇၂/၇၄)ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |

၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၉၀၁၀၇၃၅၊ ၀၉-၄၅၂၃၃၆၁၁၂၊ ၀၉-၄၅၀၀၂၅၉၃၁နှင့် ၀၉-၇၉၉၅၇၄၀၃၉တို့သို့ စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/6206 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/4427 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/4203 Hyundai Porter II Pick Up ယာဉ်လက် ဝယ်ရှိသူဦးစိုင်းမောင်လှိုင်း ၁၃/နခန(နိုင်)၀၆၃၇၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)၊**
**မူဆယ်မြို့**

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်ခင်ကြည် အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက် ၂၇၉၊ အခန်း ၄နေ (ဦးသန့်-ဒေါ်သင်း)တို့၏သမီး၊ (ဦးမြ-ဒေါ်ငွေခင်)တို့၏သမီးချွေးမ၊ (ဒုတိယဗိုလ်မှူးကြီးအုန်းမောင်၊ ငြိမ်း)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးနေလင်း(ငြိမ်း)၊ (ဗိုလ်ကြီးစန်းစန်းမြင့်၊ ငြိမ်း)၊ ဒေါ်အေးအေးသန်း-သချာဦးအောင်သောင်း၊ ဒေါ်နွဲ့နွဲ့အုန်း-ဦးခင်မောင်လတ်၊ ဦးမြင့်အုန်း-ဒေါ်မီမီဟန်၊ ဒေါ်ချိုချိုအုန်း၊ (ဦးလှထွေး)၊ (ဦးတိုးတိုးမောင်)တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၅-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇း၃၀နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၅-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းခြင်းကို ၂၈-၅-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၇း၃၀နာရီတွင် အထက်ပါနေအိမ်၌ပြုလုပ်မည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်ခင်ကြည် အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက် ၂၇၉၊ အခန်း ၄နေ (ဦးသန့်-ဒေါ်သင်း)တို့၏သမီး၊ (ဦးမြ-ဒေါ်ငွေခင်)တို့၏သမီးချွေးမ၊ (ဒုတိယဗိုလ်မှူးကြီးအုန်းမောင်၊ ငြိမ်း)၏ဇနီး၊ဒေါက်တာစိမ်းစန္ဒာ-ဦးဝင်းညွန့်၊ဒေါက်တာစိုးစန္ဒာ-ဦးမောင်မောင်ဦး၊ ဒေါက်တာတိုးစန္ဒာ၊ မချောစုထွေး-ကိုသန်းမြင့်၊ မအိဖြူ-ကိုကေဇာသင်း၊ (ကိုကျော်သူ)၊ ကိုညီညီအောင်-မအေးနန္ဒာအောင်၊ ကိုချိုဇေ၊ မထက်အိမ်မိုး၊ ကိုစည်သူအောင်၊ ကိုဟိန်းစိုး၊ ဒေါက်တာထက်အိမ်ချယ်တို့၏အဘွား၊ မောင်ဖြိုးမောင်မောင်ဦး၊ မယုစန္ဒာမောင်၊ မောင်ဝေ့ချိန်၊ မောင်အောင်ကောင်းဆက်တို့၏ဘွားဘွားကြီးသည် ၂၂-၅-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇း၃၀နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၅-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ရဟန်းဒါယိကာမကြီး**

## ဒေါ်သန်းသန်း (ထားဝယ်)

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သီဒ္ဓိလမ်း၊ အမှတ်(၁/က)နေ ဦးဘိုဘို(ခ)ဦးဇော်ဝင်း (DGM-CB Bank)-ဒေါ်ယဉ်ယဉ်ဌေး (DGM -S MIDB)၏မိခင် ဒေါ်သန်းသန်း (ထားဝယ်)သည် ၁၆-၅-၂၀၁၈ရက် ည ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**CB Bank မိသားစု**

## ဒေါ်ဖွားမြင့် (သံတွဲမြို့)

**အသက်(၈၁)နှစ်**

သံတွဲမြို့၊ ဗိုလ်ချုပ်လမ်း၊ တောင်ပိုင်းရပ်နေ (ဦးကျော်ဆင့်-ဒေါ်ညီမကြီး)တို့၏သမီး၊ ငွမြို့နေ ဒေါ်လှဝင်း-ဦးဘရွှေ၊ မန္တလေးမြို့နေ (ဦးထွန်းတင်)-ဒေါ်နွဲ့နွဲ့ဝင်း၊ ရန်ကုန်မြို့နေ ဦးကျော်စိုး-ဒေါ်ခင်ညိုညိုမြင့်တို့၏အစ်မ၊ မရွှေရွှေဦး-ကိုကြည်မွန်နှင့် တူ၊ တူမ ကိုးယောက်တို့၏အမေကြီးကြီးသည် ၂၂-၅-၂၀၁၈ရက် မွန်းလွဲ ၂း၁၀နာရီတွင် သံတွဲမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် သံတွဲသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်မြင့်မြင့်ဝင်း

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ရှေ့နေချုပ်ရုံး**

**အသက်(၇၀)**

အောင်ဆန်း(၇) တရားရေးအရာရှိသင်တန်းဆင်း သူငယ်ချင်း ဦးဇော်ဝင်း [ညွှန်ကြားရေးမှူး(ငြိမ်း) တရားရုံးချုပ်]၏ဇနီး ဒေါ်မြင့်မြင့်ဝင်းသည် ၂၀-၅-၂၀၁၈ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇)တရားရေးအရာရှိ**
**သင်တန်းဆင်းသူငယ်ချင်းများ**

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာကိုကိုမော်

**အသက်(၆၄)နှစ်**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ IPPF ဌာနတွင် အမှုဆောင် ညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်နေသော ဒေါက်တာကိုကိုမော် အသက်(၆၄)နှစ်သည် ၂၂-၅-၂၀၁၈ရက် နံနက် ၃း၁၅နာရီတွင် နေပြည်တော် ဇမ္ဗူသီရိဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

## ဒေါ်မြဝင်း အသက်(၆၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကျောက်နီမော်ရွာနေ(ဦးထွန်းကြည်-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးတသက်စိန်)-ဒေါ်မြင့်ဆွေတို့၏ချွေးမ၊ ဒေါ်သိန်းရီ၊ ဦးအောင်မင်း၊ ဒေါ်မြရီတို့၏ညီမ၊ ဒေါ်စောမူ၏အစ်မ၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၆)လမ်း၊ အမှတ် ၄၁၄၊အခန်း ၅(က)နေ ကိုသက်ပိုင်စိုး၊ မနွေဦးသက်၊ မခိုင်ဦးသက်တို့၏မိခင်၊ (ဦးမြသက်စိန်)၏ဇနီးသည် ၂၁-၅-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ကြည်တင် (မှူးနီ-စတိုး)

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း(၂၇လမ်းနှင့် ၂၈လမ်းကြား)၊ အမှတ် ၅၂၇ (မြေညီ)နေ(ဦးကြည်တင်-ဒေါ်ခင်မို)တို့၏သားငယ်၊ (ဦးမျိုးကြည်တင်)-ဒေါ်ချိုချိုအောင်၊ ဦးအောင်မြတ်ဦး-ဒေါ်အေးမိုတင်(မှူးနီစတိုး)၊ ဦးကိုကိုအောင်-ဒေါ်မိုးမိုတင်တို့၏မောင်၊ မသက်မိုတင်၏အစ်ကို၊ မယွန်းဝတီအောင်မြတ်(Connet UNIVERSITY)၊မမွန်းမဒီအောင်မြတ်(အထက-၁၊ ဒဂုံ)တို့၏ဦးလေးသည် ၂၂-၅-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၇း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၈ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိသိမ်တော်ကြီးကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြနု (ကျွန်းလှ)

**အသက်(၁၀၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၆)ရပ်ကွက်၊ ဟသ်ာလမ်း၊ အမှတ်(၅၄၀)နေ (ဦးစံဦး-ဒေါ်ဆွဲသန်)တို့၏သမီး၊ (ဦးတင်မောင်၊ ကျောင်းဆရာ)၏ဇနီး၊ ဦးအောင်ကြည်-(ဒေါ်စန်း)၊ (ဒေါ်မြင့်သိန်း၊ ကျောင်းဆရာမ)၊ စစ်ကိုင်းမြို့နေ ဦးသိန်းထွန်း(ထွေ/အုပ်၊ ငြိမ်း)-ဒေါ်မြင့်မြင့်ကြည်(ထွေ/အုပ်၊ငြိမ်း)၊ ဦးထွန်းဝင်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကျွန်းလှမြို့နယ်)-ဒေါ်ခင်ဝင်းမောင်(ကျန်းမာရေး၊ ငြိမ်း)၊ (ဦးမင်းဆွေ၊ ကျောင်းဆရာ)-ဒေါ်စိန်ကြည်၊ (ဦးစန်းမောင်)-ဒေါ်တင်မို့၊ ဦးကျော်ထင်(သစ်တော၊ ငြိမ်း)-ဒေါ်အေးစန်း၊ ဦးတင်လေးမောင်(AASG-Accounting Group)-ဒေါ်မြင့်မြင့်ခင်၊ (ဦးမြင့်နိုင်)-ဒေါ်လှရွှင်(ကျန်းမာရေး၊ ငြိမ်း)၊ ဦးသိန်းဇော်(MICS-ငြိမ်း) (Mother Construction)-ဒေါ်မြသီတာ၊ (ဦးတင်နွယ်-ဒေါ်ခင်စန်းလွင်)တို့၏မိခင်၊ မြေး ၃၁ယောက်၊ မြစ် ၃၀ တို့၏ဘွားဘွားကြီးသည် ၂၂-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈း၀၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃း၃၀နာရီတွင်ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြနု(ထားဝယ်) အသက်(၉၆)နှစ်

ထားဝယ်မြို့နေ (ဦးလူဘ-ဒေါ်ရှင်ဒွေး)တို့၏သမီး၊ (ဦးရွှေလန်း)၏ဇနီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ အမှတ်(၃၃/က)နေ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ရေ-ငြိမ်း)-ဒေါ်အေးအေးတို့၏မိခင်၊ ဒေါက်တာမင်းသူရ-ဒေါက်တာမေစန်းမောင်၊ ဦးအောင်ကြည်သွင်-ဒေါ်မင်းမင်းမဠူ၊ ဒေါက်တာမင်းဝဏ်-ဒေါက်တာမင်းမင်းမြင့်သူ၊ ဦးမင်းဝဏ္ဏ-ဒေါ်ခိုင်လွင်လွင်ကျော်တို့၏အဘွား၊ မမေဦးမင်းသူ၊ မောင်မင်းစစ်မှန်၊ မောင်စွမ်းမင်းထိုက်၊ မချမ်းမြေ့ကြည်ဖြူစင်၊ မောင်ထက်အာကာမင်းဝဏ်၊ မောင်ခန့်ဝေယံမင်းဝဏ်၊ မမင်းဝတီအိမ့်ကျော်တို့၏ဘွားဘွားကြီးသည် ၂၂-၅-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြဝင်း(ခ)ရှီရော်အင်း

**ကျားမင်းဆေးလိပ်ရုံ၊ ဒါနဟိတဆန်စက်/ရေခဲစက်**

**ညောင်လေးပင်မြို့**

**အသက်(၈၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြွန်တန်ဆာမြို့နေ (ဦးရွှေဝင်း-ဒေါ်ချူဘီ)တို့၏သမီး ချွေးမ၊ ပဲနွယ်ကုန်းမြို့နေ (ဦးကင်ဖိုး-ဒေါ်ရှုလွမ်)တို့၏သမီး၊ (ဦးခွေးလေး)-ဒေါ်ကြူးတို့၏ညီမ၊ (ဦးကျင်းဟိုး-ဒေါ်ခင်သန်း)၊ (ဒေါ်ခင်စီ)၊ (ဦးမြင့်တင်)၊ (ဦးအောင်ရွှေ)-ဒေါ်ကျင်ဌေး၊ ဦးချစ်လှိုင်(စစစ၊ ငြိမ်း)-ဒေါ်စန်းစန်းမူ(မန္တလေး)တို့၏အစ်မ၊ ဒေါ်မူမူစိန်၊ ဦးဌေးမောင်-ဒေါ်ခင်လေးကြူ၊ ဒေါ်ညွန့်ညွန့်စိန်၊ ဒေါ်မြင့်မြင့်စိန်၊ ဦးအောင်သိန်းဝင်း-ဒေါ်နီလာစိန်၊ ဒေါ်မာလာစိန်၊ ကိုအေးလွင်-မသီတာစိန်၊ ကိုလင်းထက်တို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာစွမ်းထက်နောင်၊ မမေပွင့်သဲခြူ၊ မယွန်းပွင့်မေသူ၊ မနှင်းပွင့်ရတီတို့၏အဘွား၊ [တန်တိတ်စိန်း(ခ)ဦးမွန်လေး]၏ချစ်လှစွာသောဇနီးသည် ၂၂-၅-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ညောင်လေးပင်မြို့ အရှေ့သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်အေး

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ကမာကြည်လမ်း၊ အမှတ် ၂၅နေ (ဦးသန်းဖေ-ဒေါ်အုံး)တို့၏သမီး၊ (ဒေါ်ကြူကြူအေး၊ မူ/အုပ်၊ ငြိမ်း)၊ ဦးရဲလွင်(အထပြ၊ ငြိမ်း၊ အထက-၆၊ ဗိုလ်တထောင်)-ဒေါ်သန်းသန်းဌေး(မူ/အုပ်၊ ငြိမ်း)၊ ဦးချိုအောင်(ခရိုင်အင်ဂျင်နီယာမှူး၊ ငြိမ်း၊ ဆောက်လုပ်ရေး)-ဒေါ်ခင်မာရီ၊ ဦးမြင့်အောင်(ဒု-ညွှန်မှူး၊ ငြိမ်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန)(ခေတ္တ-ကနေဒါ)-ဒေါ်ဖြူဖြူ(ခေတ္တ-ကနေဒါ)တို့၏အစ်မကြီး၊ (ဦးကိုကိုကြီး)၏ဇနီး၊ ဦးသောင်းထွန်း(ဗိုလ်ကြီး၊ ငြိမ်း၊ တဆရ ၂/၅၀၀)-ဒေါ်အေးအေးချို(ကထိက၊ ရက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးသိန်းထွန်း-(ဒေါ်ခင်သန်းဝင်း)တို့၏မိခင်၊ တူ၊ တူမ ရှစ်ယောက်တို့၏ကြီးတော်၊ မြေး ၁၆ယောက်တို့၏အဘွားသည် ၂၂-၅-၂၀၁၈ရက် (အင်္ဂါနေ့)နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင် (ကျုံပျော်/ရွာသစ်)

**ကျုံပျော်မြို့နယ်ရာသက်ပန်အသင်းဝင်**

**အသက်(၈၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ရွာသစ်ကျေးရွာနေ(ဦးဘထင်-ဒေါ်နှင်းခ)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဧရာ ၂၁လမ်း၊ အမှတ် ၁၁၇၁နေ (ဦးသန်းဦး)၏ဇနီး၊ ဦးသောင်းရွှေ-ဒေါ်ဌေးဌေးစန်း၊ ဦးစိန်လွင်-ဒေါ်တင်တင်ခိုင်၊ ဦးကြည်လင်(မြန်မာ့မီးရထား၊ ငြိမ်း)-ဒေါ်သီတာဦး (မြန်မာ့မီးရထား၊ ငြိမ်း)၊ ဒေါ်သီတာဝင်း၊ ဦးဇော်မင်းထွန်း၊ ဦးကျော်ဇင်ထွန်း (ဒု-ညွှန်မှူး၊ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး)-ဒေါ်နှင်းနှင်းယု(လ/ထအင်ဂျင်နီယာ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ နေပြည်တော်)တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၂ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၁-၅-၂၀၁၈ရက်(တနင်္လာနေ့) ည ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်မြင့်(ခ)ဦးဂျိုးဇတ်(ခ)ဟာချီဒါဝတ်

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၆၀(ပထမထပ်)နေ [ဒေါ်ခင်သန်း(ခ)ဟာဂျီမခတီဇာဘီ]၏ခင်ပွန်း၊ ကိုတင်မောင်အေး(ခ)အငယ်လေး-ဒေါ်အေးအေးလွင်၊ ဒေါ်ညွန့်ညွန့်ဝေ၊ ဒေါ်အေးအေးသန်းတို့၏ဖခင်၊ ဒေါက်တာစည်သူအောင်-ဒေါက်တာစိုးအိဖြူ၊ မြတ်သီရိဇော်၊ ထက်သီရိမောင်၊ မြတ်နိုးမောင်တို့၏အဘိုးသည် ၂၂-၅-၂၀၁၈ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂၃-၅-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဒါဖနာမည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာသန်းနိုင်(ခ) ဦးဟင်နရီဖေသန်း

**အသက်(၇၀)**

ရန်ကုန်မြို့နေ(အငြိမ်းစား ရဲမင်းကြီး သီရိပျံချီ ဦးဖေသန်း-ဒေါ်မြင့်မြင့်)တို့၏သား၊ (ဦးမျိုးညွန့်)-ဒေါ်အုန်းကြည်(မြန်မာ့အသံ)တို့၏သားသမက်၊(ဦးဆစ်ဒနီဖေသန်း)၊ (ဒေါ်ဝင်နီဖေသန်း)၊ (ဦးဂျော့ချ်ဖေသန်း)၊ (ဒေါ်ဟယ်လင်ဖေသန်း)၊ ဦးချားလ်စ်ဖေသန်း(ခ)ဦးမောင်မောင်စိုးတို့၏ညီ/မောင်၊ ဒေါ်ဝင်းဝင်းမြင့်၏ခင်ပွန်း၊ ဒေါက်တာဘိုဘိုနိုင် - မမေရှုပါအေး (မြရိပ်မီဒီယာ)၊ မောင်အောင်ဇော်လတ် - မအိပုလဲနိုင်၊ မကြည်ပြာနိုင် (စိုင်းခွန်နောင်ကုမ္ပဏီ)၊ မောင်ထွဋ်လင်းနိုင်-မတင်ဇာဦး (Fuji Coffee House)၊ မောင်အောင်ဟိန်းနိုင်တို့၏ချစ်လှစွာသောဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၂၂-၅-၂၀၁၈ရက် နံနက် ၀၀း၀၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၁၈ရက် (ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [သုဝဏ္ဏ၊ဘော်ဇင်လမ်းသွယ်(၂)၊အမှတ် ၁၇/၁ နေအိမ်မှကားများ နံနက် ၁၀နာရီနှင့် ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၃)ရပ်ကွက်၊ ဇေယျာလမ်း၊ အမှတ် ၈၃၃ နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Pi Vung Cing (ခ)ဒေါ်နုကြည်

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံတက္ကသိုလ်ဝင်းနေ Pu G Pum Khen Khup ၏ဇနီး, Nu Zen Khan Niang-Pa Suang Khen Tuang,(Pa Vum Go Mang),Nu Zel Khan Dim, Pa Kam Cin Mung-Nu Vung Lam Siang တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား၊ တီးတိန်မြို့နယ်၊ Sezang ရွာနေ (Pu Thual Kho Kam-Pi Vung Zel) တို့၏သမီး၊ (Pu Ngin Za Kap-Pi Ning Kho Man), (Pu Thang Khan Mang)-Pi Dim Za Khawl တို့၏ညီမသည် ၂၁-၅-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၅-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်၊ ယုဇနပိတောက်ကွေ့၊ မြို့တော်ခန်းမရှေ့နှင့် TBC-Y ဘုရားကျောင်းတို့မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးနေမြင့် အသက်(၆၄)နှစ်

**(ကြို့ပင်ကောက်မြို့နယ်အသင်း အမှုဆောင်)**

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ အမှတ်၂၈၀နေ(ဦးကျင်ရွှေ)-ဒေါ်ကျင်မြတို့၏သား၊ ဦးသိန်းကို-မစန်းဝင်း၊ ဦးဝင်းကြိုင်-ဒေါ်နုနုကြည်၊ ဦးစိုးလွင်-မစန္ဒာမိုးတို့၏အစ်ကို၊ (ဒေါ်ခင်ဆွေဝင်း၊ အလပြ)၏ခင်ပွန်း၊ ကိုစံထူးဖေ-မချိုနေနွယ်၊ မခိုင်နေနွယ်တို့၏ချစ်လှစွာသောဖခင်ကြီးသည် ၂၁-၅-၂၀၁၈ရက် ညနေ ၃း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခွန်စိုးအောင်(ခ)စိုင်းအွန်

**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) အပတ်စဉ်(၁)**

**(ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ထွေ/အုပ်၊ ပင်လောင်းမြို့နယ်)**

**အသက်(၄၂)နှစ်**

တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးမြို့၊ဟမ်းဆီးမြောက်ရွာနေ ဦးပယ်-ဒေါ်ဌေးတို့၏သား၊ ဒေါ်စုစုလတ်၏ခင်ပွန်း၊ ဦးခွန်ကျော်ထွန်း-ဒေါ်နန်းခမ်းမုတ်၊ နန်းခမ်းဖွန်၊ ဦးခွန်လာ-ဒေါ်နန်းခမ်းဝင်း၊ နန်းခမ်းခွန်တို့၏အစ်ကိုသည် ၂၁-၅-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် တောင်ကြီးမြို့နယ်၊ ကံကြီးရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ်(၂/၁၅၂)နေအိမ်မှတိုင်းရင်းသားပေါင်းစုံသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

## ဘဒ္ဒန္တစန္ဒောဘာသ

**ကြပ်တွင်း အရှေ့ကျောင်းတိုက်(သန်လျင်)**

**သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ**

သန်လျင်နာရေးကူညီမှုအသင်း၏ကျေးဇူးတော်ရှင် ဩဝါဒစရိယဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တစန္ဒောဘာသ မဟာထေရ်မြတ်သည် ၁၈-၅-၂၀၁၈ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**နာယကနှင့် အလုပ်အမှုဆောင်အဖွဲ့**
**သန်လျင်နာရေးကူညီမှုအသင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်ညွန့် (လက်ခုပ်ကုန်း)

**ဗဟိုတရားရုံး(ငြိမ်း)**

**အသက်(၈၈)နှစ်**

(ဦးဘမောင်-ဒေါ်နှင်းစိန်)တို့၏သား၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊ မလွကုန်းဌေးကွယ်(က)ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ အမှတ် ၂၆(လေးလွှာ)နေ (ဒေါ်ထားသွင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်မမငြိမ်း၊ ဒေါ်ဌေးဌေးရီ(အထက-၃၊ တာမွေ)၊ (ဦးခင်မောင်အေး)-ဒေါ်ဥမ္မာသွင်၊ ဦးသက်နိုင်-ဒေါ်အေးအေးမြင့်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၁-၅-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၅နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်အောင်မြင့် (ဖျာပုံ)

**အသက်(၈၆)နှစ်**

ဖျာပုံမြို့နေ (ဦးဘိုးစွန်-ဒေါ်စိန်)တို့၏သား၊ (ဦးငွေရ-ဒေါ်နွဲ့)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် ၃/၆၁နေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဒေါ်တင်တင်ဝေဖြိုး၊ ဦးတိုးလှိုင်အောင်-ဒေါ်အိအိကျော်၊ ဒေါက်တာတင်လဲ့လဲ့ဝင်း၊ ဦးဝင်းထွန်း-ဒေါ်မေသွင်ဇော်တို့၏ဖခင်၊ မောင်ကောင်းဆက်တိုး၊ မမေဖြူဝင်းတို့၏အဘိုး၊ (ဦးထိန်လင်း-ဒေါ်ကျင်ဝါ)၊ (ဒေါ်မိမိဆွေ)၊ (ဦးလှစိန်-ဒေါ်တင်ပု)၊ ဦးအောင်ကြည်၊ (ဦးအောင်ဝင်း)-ဒေါ်ကျင်ထွေး၊ ဦးအောင်ကြီး-(ဒေါ်ခင်စိန်မြင့်)တို့၏ညီ/မောင်သည် ၂၁-၅-၂၀၁၈ရက် (တနင်္လာနေ့)ည ၇း၅၅နာရီတွင် ဂရန်းဟံသာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မေသင်း(ခ)ဒေါ်လှညွန့် (Peggy Thin)

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံရိပ်သာ၊ စံပယ်လမ်း၊ အမှတ် ၁ (က)နေ (ဦးမြတ်သင်း-ဒေါ်ချစ်မေ)တို့၏သမီး၊ (ဦးဘဦး-ဒေါ်ခိုင်)တို့၏သမီးချွေးမ၊ (ဒေါ်လှသန်း)၊ (ဦးလေးခင်)တို့၏ညီမ၊ (ဦးထွန်းဝေ၊ ကျန်းမာရေးဝန်ကြီး၊ ငြိမ်း)၏ဇနီး၊ ဒေါ်ယဉ်ယဉ်မြင့်(ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး)၊ ဗိုလ်မှူးချုပ်ကျော်ဇင်ဟန်(ငြိမ်း)(တဆရ-၂/၅၀၀)-ဒေါက်တာလှလှခိုင်၊ ဒေါက်တာကျော်ဇင်ဝေ(ရန်ကင်းကလေးဆေးရုံကြီး)-ဒေါ်နှင်းနှင်းအေး၊ ဒေါက်တာဇော်မြင့်(ဆေးသုတေသနဦးစီးဌာန)-ဒေါက်တာကြူကြူသန်း၊ ဒေါက်တာဆွေဆွေမြင့်(ဗဟိုအမျိုးသမီးဆေးရုံကြီး)တို့၏မိခင်၊ ဒေါက်တာခိုင်ဇင်ဦး၊ ဒေါက်တာကျော့ကေခိုင်၊ မောင်ဖြိုးဝေဦး၊ မောင်ချစ်ခိုင်၊ မချောချောခိုင်တို့၏အဘွားသည် ၂၂-၅-၂၀၁၈ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၈ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးတင်စိုး(ငြိမ်း) (မကွေး) အသက်(၇၄)နှစ်

**ကြည်း-၁၁၂၇၈၊ DSA-8/9**

**AGM၊ မွေး/ရောဘဏ်(ငြိမ်း)**

မကွေးမြို့နေ (ဦးအောင်ညွန့်-ဒေါ်အေးကျင်)တို့၏သား၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ရပ်ကွက်၊ သုမန ၃လမ်းနေ (ဦးသိန်းမောင်-ဒေါ်ရီရီ)တို့၏သားသမက် (ဒေါ်ကောင်းကြွယ်)၊ ဒေါ်ကောင်းရီတို့၏မောင်၊ ဦးတင်ဝင်း၏အစ်ကို၊ ဒေါ်ညိုညိုဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်သီတာစိုး(အမက-၂၉၊ မူလွန်)၊ ဦးသူရိန်စိုး(ကညန၊ စစ်တွေ)-ဒေါ်စန္ဒာဟန်(ဒု-လဝကမှူး)၊ ဦးစည်သူစိုး-နန်းသန်းမြင့်ကြည်(လက်ထောက် လဝကမှူး၊ မင်္ဂလာတောင်ညွန့်)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၁-၅-၂၀၁၈ရက် (တနင်္လာနေ့) ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၈ရက်(သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးမင်းစိုး(ခ)ဦးညီ အသက်(၅၉)နှစ်

**B.Sc (Physics) E.T.E.C (E.C)**

**စက်မှုဝန်ကြီးဌာန(ငြိမ်း)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မဥ္ဇူလမ်းသွယ်(၂)၊ ပါရမီရိပ်သာ၊ အမှတ် ၁၉/၄/၁ နေ စာရေးဆရာကြီး(စစ်ကိုင်း ဦးဘိုးသင်း-ဒေါ်ဒေါ်ခ)တို့၏မြေး၊ [ဦးသန်းမြင့်(ညွှန်မှူး-ငြိမ်း၊ စက်-စိုက်-သက်)-ဒေါ်သီရိ]တို့၏သား၊ ဦးမောင်မောင်ရီ(စိုက်ပျိုးရေး၊ ငြိမ်း)-ဒေါ်ကြီးကြီးစိုး(စိုက်ပျိုးရေး၊ ငြိမ်း)၊ ဦးညွန့်မောင်စန်း(ဆောက်လုပ်ရေး၊ငြိမ်း)-ဒေါ်ထိပ်တင်စိုး(ဆောက်လုပ်ရေး၊ငြိမ်း)၊ဒေါက်တာကောင်းကင်စိုး(ပါမောက္ခ၊ ငြိမ်း)၊ ဒေါ်မိုးမြင့်စိုး(ကထိက၊ ငြိမ်း)၊ ဒေါက်တာစကြာစိုး-ဒေါ်အေးနီမာ(Diplomatic School)၊ ဦးကျော်စွာစိုး(စက်မှုဝန်ကြီးဌာန၊ ငြိမ်း)-(ဒေါ်ခင်ခင်မိုး)တို့၏ညီ/မောင်၊ ဦးသက်မောင်စန်း(Inya Myaing Car Spa)-ဒေါ်နှင်းအိဝင်း(Y.C.D.C)၊ ဦးဝင့်သော်ဉာဏ်(ACQUA Sanitary Ware)-ဒေါ်ရီစန္ဒီစိုး(Yoma Bank)၊မပပဝင်း၊မောင်ခံ့သုစိုး(M.Tech Products Pte Ltd, Singapore)တို့၏ဦးလေးသည် ၂၁-၅-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၃း၄၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုအစိုးရအဖွဲ့ လိုငွေအား ဖြည့်ဆည်းရန် ဗဟိုဘဏ်မှ ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံချေးယူရေး လွှတ်တော်သို့တင်ပြ



**နေပြည်တော် မေ ၂၂**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးတွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ဦးတင်မောင်မြင့်က ပြည်ထောင်စုလွှတ်တော် နာယကရှေ့မှောက်၌ ကတိသစ္စာပြုသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား

*စာမျက်နှာ ၇ ကော်လံ ၁* ❒

# ကန့်သတ်တားမြစ်နယ်မြေတွင် အနိမ့်ပျံသန်းသွားသော Emirates လေကြောင်းလိုင်းမှ လေယာဉ်မှူးအား အရေးယူဆောင်ရွက်နိုင်ရန် တရားဝင်အကြောင်းကြားစာ ပေးပို့ထား

**နေပြည်တော် မေ ၂၂**
လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနေဖြင့် မြို့ပြလေကြောင်းလိုင်းများ မပျံသန်းရန် ကန့်သတ်တားမြစ်နယ်မြေတွင် အနိမ့်ပျံသန်းသွားသော ယူအေအီးနိုင်ငံ Emirates လေကြောင်းလိုင်းမှ လေယာဉ်မှူးအား သက်ဆိုင်ရာ လေကြောင်းလိုင်းမှ အရေးယူဆောင်ရွက်နိုင်ရန် တရားဝင်အကြောင်းကြားစာ ပေးပို့ထားကြောင်း သိရသည်။

ထို့ပြင် ယူအေအီးနိုင်ငံ၏ မြို့ပြလေကြောင်းဌာနသို့လည်း တရားဝင်အကြောင်းကြားစာ ပေးပို့သွားမည်ဖြစ်ကြောင်း သိရပြီး သက်ဆိုင်ရာလေကြောင်းလိုင်းနှင့် လေကြောင်းဌာနမှ စစ်ဆေးအရေးယူဆောင်ရွက်မှုကိုလည်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံ ပြန်လည်အကြောင်းပြန်ကြားပေးရန် ညှိနှိုင်းမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

"ဒီနေ့မှာပဲ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကနေ ယူအေအီးနိုင်ငံ ဒူဘိုင်းမှာ အခြေစိုက်တဲ့ လေကြောင်းလိုင်းကို ရန်ကုန် Operation Manager ကနေတစ်ဆင့် စုံစမ်းစစ်ဆေး အရေးယူပေးဖို့ စာတစ်စောင် ပေးပို့ထားပါတယ်၊ သူတို့လေကြောင်းလိုင်းမှာလည်း ဒီလိုဖြစ်စဉ်ဆိုရင် ဘယ်လိုအရေးယူရမယ်ဆိုတဲ့ လုပ်ထုံးလုပ်နည်းရှိမှာပါ၊ ဘယ်လိုအရေးယူဆောင်ရွက်မယ်ဆိုတာကို ကျွန်တော်တို့ဆီကို တရားဝင်အကြောင်းပြန်ကြားပေးမှာဖြစ်ပါတယ်။

"ပြီးတော့ ကျွန်တော်တို့ဆီက လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးကနေ ဖြစ်စဉ်ကို သူတို့ဆီက မြို့ပြလေကြောင်းဌာနဆီ အရေးယူဆောင်ရွက်နိုင်ဖို့ တရားဝင် အကြောင်းကြားစာ ပေးပို့သွားမှာဖြစ်ပါတယ်"ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ

*စာမျက်နှာ ၇ ကော်လံ ၁* ❋

# သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၂**
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းစည်းဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**အင်ဒိုနီးရှား၌ ကျင်းပမည့် အာရှဖူဆယ်ကလပ်ပြိုင်ပွဲ မြန်မာကလပ် VUC အသင်း ယှဉ်ပြိုင်မည်**

စာမျက်နှာ » ၁၂

**ရေတာရှည်၌ မြစိမ်းရောင်ကျေးရွာ ချေးငွေပေးရန် ထုတ်ယူသည့် ငွေကျပ် ၃၇၅ သိန်းကို ယူဆောင်ထွက်ပြေး**

စာမျက်နှာ » ၁၃

# မြန်မာ ယူ-၁၉ အသင်းနှင့် ဇွဲကပင်အသင်း ပထမဆုံး ခြေစမ်းပွဲ ယှဉ်ပြိုင်ကစား

**ရန်ကုန် မေ ၂၂**
၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာယူ-၁၉ အသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် ယနေ့နံနက်ပိုင်းက သုဝဏ္ဏ လေ့ကျင့်ရေးကွင်း၌ မြန်မာနေရှင်နယ်လိဂ်ကလပ် ဇွဲကပင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် ပဏာမကစားသမားအားလုံး အသုံးပြုခဲ့ပြီး လက်ရှိ MNL ပြိုင်ပွဲတွင် ပုံစံကောင်းပြသနေသည့် ဇွဲကပင်အသင်းမှာမူ နိုင်ငံခြားသားကစားသမားများမှလွဲ၍ ပြည်တွင်းကစားသမားများ အသုံးပြုခဲ့သည်။ ဇွဲကပင်အသင်းသည် ပထမပိုင်းတွင်

*စာမျက်နှာ ၈ ကော်လံ ၆* ■



ဇွဲကပင်အသင်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို မြန်မာ ယူ-၁၉ ဂိုးသမားနှင့် နောက်ခံလူများ ကာကွယ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

GRAND HANTHA INTERNATIONAL HOSPITAL
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး
GREEN. GRAND. CARE FOR THE PEOPLE






အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284